
www.burmeseclassic.com

အချစ်နှင့်စွန့်စားခန်း လုံးချင်းဝတ္ထုသည်နှံ့သည်

# ရွှေဘဝင်

ဒဏ္ဍာရီ သခင်မ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၄-ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၁၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးသက်လွင် (သစ္စာမွန်စာပေ)(ယ.၂၂၅၀) အမှတ် (၃၈)၊ မလွှကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေ။ |
| အတွင်းနှင့် | - | ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) |
| မျက်နှာဖုံးပုံနှိပ်သူ | | သစ္စာမွန်ပုံနှိပ်တိုက်၊အမှတ်(၁၀၆)၊ တာမွေလမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Lလင်း |
| ကွန်ပျူတာ | - | အောင်ကျော်ကျော် (ခရီးသည်) |
| ဖြန့်ချိရေး | - | တူးတူး (သစ္စာမွန်) |
| အတွင်းဖလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန်(T.S.M)Publishing Centreမှတာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃
ရွှေဘဝင်
ဒဏ္ဍာရီသခင်မ / ရွှေဘဝင်
ရန်ကုန်  သစ္စာမွန်စာပေ၊ ၂၀၁၄။
၂၂၁-စာ၊ ၁၂x၁၈ စင်တီ။
(၁) ဒဏ္ဍာရီသခင်မ


"တီ. . . တီ. . . တီ"

နတ်ပန်းခင် ကားဟွန်းသံကလေး ပေးလိုက်သည်နှင့် ခြံထဲမှ အလုပ်သမားတစ်ဦးထွက်လာကာ ခြံတံခါးကိုဖွင့်ပေးသည်။

"အန်ကယ်. . ဦးကျော်ဇံထိုက်ရှိရဲ့လား"

"ဟုတ်ကဲ့. . ရှိပါတယ်"

ကားကို အိမ်ရှေ့ထိမောင်းဝင်လာပြီးမှ ဆင်းလာခဲ့သည်။

"လာ. . လာ သမီးလေးနတ်ပန်း. . အန်ကယ်က သမီးအလာကိုစောင့်နေတာ"

"ဟုတ်ကဲ့"

အိမ်ထဲဧည့်ခန်းတွင်ထိုင်ရင်း. . .

"ဌါသမီးက နိုင်ငံခြားသူကြီးပုံစံပေါက်နေပါလားဟေ့၊

www.burmeseclassic.com



အသားတွေ မည်းသွားသလိုပဲ"

"ဟုတ်တယ် အန်ကယ်. . အာဖရိကတိုက်ဘက်ဆို တော့ ပူပြင်းတယ်လေ၊ ပြီးတော့. . ကန္တာရထဲမှာ သုတေသန တစ်ခု လုပ်ရတာဆိုတော့. . အသားတွေမည်းသွားသလိုဖြစ် တာပါ"

"အင်း. . ပင်တော့ ပင်ပန်းတဲ့အလုပ်ပဲကွ. . ဘယ်လို ပဲဖြစ်ဖြစ်လေ. . အန်ကယ်တို့ထက် ငါ့သမီးလေးက ပိုပြီး အတွေ့အကြုံတွေရမှာပဲ"

"ပညာရှင်တွေနဲ့ အတူလုပ်ကိုင်ရတယ်ဆိုတော့လည်း ပညာတွေအများကြီးရခဲ့ပါတယ်"

နတ်ပန်းခင်က မနုဿဗေဒနှင့်ဘွဲ့ရပြီး၊ ကျောက်ဖြစ် ရုပ်ကြွင်းများကို စာတမ်းပြုစုရင်း. . ပြည်ပနိုင်ငံများသို့ သွား ရောက်ခဲ့ပြီး၊ မြန်မာနိုင်ငံကို ပြန်ရောက်လာခြင်းဖြစ်သည်။

မနုဿဗေဒပညာရပ်ကို နတ်ပန်းခင်ဝါသနာကြီးခဲ့ သဖြင့် စွန့်စွန့်စားစားလုပ်ကိုင်ခဲ့သူ တစ်ဦးဖြစ်သည်။

"ဒါနဲ့. . သမီးကို အန်ကယ်တွေ့ချင်တဲ့ကိစ္စကရော"

"သမီးအတွက်ရော. . တိုင်းပြည်အတွက်ပါ အကျိုး ရှိနိုင်မယ့်ပစ္စည်းလေးတွေကို ပြချင်လို့ပါ"

ဦးကျော်ဇံထိုက်နှင့် နတ်ပန်းခင်၏မိဘတို့သည် မိတ်





ဆွေရင်းတွေဖြစ်သလို ဦးကျော်ဇံထိုက်သည် ရှေးဟောင်း ပစ္စည်းများနှင့်ပတ်သက်ပြီး ဝါသနာပါသူလည်းဖြစ်၊ ဝယ်ယူ စုဆောင်းသူလည်းဖြစ်သည်။

ရှေးဟောင်းပစ္စည်းများကို ဝယ်ယူခြင်းကလွဲပြီး၊ ပြန် လည်ရောင်းစားခြင်းမျိုးတော့ ဦးကျော်ဇံထိုက်တွင်မရှိခဲ့ပေ။ နတ်ပန်းခင်နှင့် ဦးကျော်ဇံထိုက်ဝါသနာက မတူပေမယ့် အနီး စပ်ဆုံးတော့ရှိသည်။

"သမီးလေးက အချိန်ရတယ်မဟုတ်လား"

"ရပါတယ် အန်ကယ်. . ."

"ဒါဆိုလည်း. . အေးအေးဆေးဆေးလေး ကြည့်သွား ပေါ့ကွယ်"

"ဟုတ်ကဲ့"

ထိုင်နေရာမှ နှစ်ယောက်သားထလိုက်ကြပြီး. . . ဦးကျော်ဇံထိုက် ခေါ်ဆောင်ရာနောက်ကိုလိုက်ခဲ့သည်။

"ကျွိ. . ."

နံရံအံဝှက်တံခါးကြီးမှ ပန်းအိုးလေးကိုလှည့်လိုက် သည်နှင့် ပွင့်သွားလေသည်။

"သမီးရေ. . ခုလိုလုပ်ထားရတာကလည်း မသမာသူ တွေရန်ကို ကြိုတင်ကာကွယ်ပေးထားရတာ"



www.burmeseclassic.com

www.burmeseclassic.com



လှို့ဝှက်အခန်းထဲတွင် ရှေးဟောင်းပစ္စည်းမျိုးစုံကိုတွေ့နေရသည်။

“ဒီပစ္စည်းတွေကို . . တစ်နေ့နိုင်ငံတော်ကိုလှူဒါန်းဖို့ စီစဉ်ပြီးပါပြီ”

“ကောင်းပါတယ် အန်ကယ်”

ဦးကျော်ဇံထိုက် သံသေတ္တာတစ်လုံးကို စားပွဲပေါ်သို့ ဆွဲတင်ပြီး . . ဖွင့်ပြလိုက်လေသည်။

“ဟင် . . .”

သံသေတ္တာကြီးထဲတွင် . . လူ့အရိုးခေါင်းတစ်ခုနှင့် ကျောက်လက်နက်ပစ္စည်းများကိုတွေ့နေရလေသည်။

လူတစ်ယောက်၏လက်ဖျံရိုးနှစ်ချောင်းကိုပါ သေတ္တာထဲတွင်ရှိနေသည်။

“အန်ကယ်ကတော့ . . မနုဿဗေဒနဲ့ပတ်သက်ပြီး နားမလည်ပေမယ့်ပ ဒီပရိုင်းမိတ်တွေဟာ သာမန်မဟုတ်ဘူး ဆိုတာတော့ ပြောနိုင်တယ် . . သမီး လေ့လာကြည့်ပါဦး”

နတ်ပန်းခင်သည် အရိုးခေါင်းကို သေချာစွာကိုင်ကြည့်သလို တခြားပစ္စည်းတွေကိုလည်း သေချာစွာလေ့လာပြီး . .

“ဒီအရိုးစုဟာ . . လွန်ခဲ့တဲ့ နှစ်တစ်သောင်းလောက်က ကီမီယန်လူသားမျိုးနွယ်စုတစ်ခုရဲ့ ရုပ်ကြွင်းတစ်ခုပဲ အန်ကယ်”





“ဟာ . . နှစ်ပေါင်း တစ်သောင်းလောက်ကြာတဲ့အရိုးစုက မနေ့တစ်နေ့ကလိုပဲ သမီး”

“ဒါကလည်း ဒီအရိုးစုရှိတဲ့ နယ်မြေဒေသရဲ့အခြေအနေပေါ်မှာမူတည်ပါတယ် . . တချို့တွေက သဘာဝတရားကြီးကြောင့် ပျက်စီးဆွေးမြေ့သွားသလို တချို့က ပုံမပျက်ဘဲ ကျန်ခဲ့တာတွေရှိပါတယ် . . အန်ကယ် ဘယ်နေရာက တွေ့ခဲ့တာလဲ”

“ပြောရရင် မယုံနိုင်အောင်ဘဲ . . ကောနေတဲ့ သဲချောင်းတစ်ခုက တွေ့ခဲ့တာပဲ . . ကချင်တောင်တန်းတစ်နေရာကပါ . . အန်ကယ်တို့အဖွဲ့သွားစဉ်တုန်းကတော့ ခါကာဘိုရာဇီ တောင်နဲ့ပတ်သက်ပြီးသွားကြရင်း . . တိမ်ကော နေတဲ့ချောင်းငယ်တစ်ခုမှာ စခန်းချရင်းတွေ့ခဲ့တာ . . ကျန်တဲ့အဖွဲ့ဝင်တွေက စိတ်မဝင်စားပေမယ့် အန်ကယ်ကစိတ်ဝင်စားလို့ ယူခဲ့တာ”

“အင်း . . အံ့သြစရာကောင်းပါတယ်၊ ဒီလူမျိုးစုတွေဟာ အာဖရိကတိုက် နိုင်ဂျာနိုင်ငံမြောက်ပိုင်း တီနီရီသဲကန္တာရတွေမှာ အများဆုံးနေထိုင်ခဲ့ကြတာအန်ကယ်”

“ကမ္ဘာ့ဝင်ရိုးစွန်းကြီး ယိမ်းယိုင်ပြောင်းလဲမှုတွေကြောင့် ရာသီဥတုဆိုးဝါးမှုကို တီနီယန်လူမျိုးစုတွေဟာ ရင်ဆိုင်ပြီး၊



www.burmeseclassic.com

www.burmeseclassic.com



အာရှတိုက်ဘက်ဆီကို ရောက်ခဲ့ကြတာမျိုးတော့ အန်ကယ် ကြားဘူးတယ်"

"ဟုတ်တယ် အန်ကယ်. . ဒါကြောင့်မြန်မာနိုင်ငံမှာ ပရိုင်းမိတ်ရုပ်ကြွင်းတွေကို ပုံတောင်ပုံညာဒေသတွေမှာ ရှာဖွေတွေ့ရှိခဲ့ကြတာပဲ. . အန်ကယ် ဒီပစ္စည်းတွေကို သိမ်းထားမယ့်အစား နိုင်ငံတော်မနုဿဗေဒဆိုင်ရာကိုပို့ရင် အကျိုးရှိနိုင်မယ်"

"အန်ကယ်လည်း ပို့ချင်ပါတယ်. . ဒါပေမယ့် ပို့လို့မရတဲ့အကြောင်းတစ်ခုကရှိနေလို့ ဘာလုပ်ရမလဲဆိုတာ စဉ်းစားနေတာ"

"ဘာအကြောင်းများလည်း အန်ကယ်. . သမီးသိခွင့်ရှိမယ်ဆိုရင် သိချင်တယ်"

"သိရမှာပေါ့ကွာ. . သိစေချင်လို့ အန်ကယ်ခေါ်ခဲ့တာ ဒီပစ္စည်းလေးကို ကြည့်ပါဦးသမီး"

"ဟင်. . ."

အနီရောင် ဖိတ်ဖိတ်တောက်နေသည့် အရုပ်တစ်ရုပ်ကို တွေ့ရသည်။

အရုပ်ဆိုပေမယ့်. . ဘာရုပ်ရယ်ဟု တိတိကျကျပုံဖော်၍မရ. . ကျောက်နှင့်ပတ်သက်၍ နတ်ပန်းခင် နားမလည်ပေ. . .





"ဘာကျောက်နဲ့ထုထားတာလဲ အန်ကယ်"

"ဒီကျောက်ဟာ. . အလွန်အံ့ဩစရာကောင်းတဲ့ ပတ္တမြား ရိုင်းနဲ့ထုဆစ်ထားတာ"

"ဟင်"

"ဒီလို ပတ္တမြားမျိုးကို နှစ်ပေါင်းရာချီပြီးခေတ်တည်းက မရှိခဲ့ဘူးဆိုတာကို အန်ကယ်လေ့လာခဲ့ပြီးပြီ. . ခု သမီးပြောတဲ့ နှစ်ပေါင်းတစ်သောင်းခန့်က ပစ္စည်းလို့ပဲဆိုရမယ်. . ."

"ဘယ်လိုကြောင့်လဲ အန်ကယ်"

"အန်ကယ် ဒီပရိုင်းမိတ်တွေကို တွေ့စဉ်က ဒီရုပ်ထုလေးကိုပါ တစ်နေ့ရာတည်းမှာ တွေ့ခဲ့တာသမီး"

နတ်ပန်းခင်ရုပ်ထုကို ကိုင်တွယ်ကြည့်ပြီး လက်ရာမှာ ကီမီယန်လူမျိုးစုတွေ ထုဆစ်ခဲ့သော ကျောက်ခေါ်းလက်နက်တွေနဲ့ လက်ရာတူနေသည်။

"ဒီပစ္စည်းရဲ့ ကာလတန်ဖိုးကို ဘယ်သူမှ အဖိုးမဖြတ်နိုင်သေးဘူး. . အန်ကယ်အမှားလေးတစ်ခုကြောင့် အရမ်းကို ဒုက္ခရောက်နေတယ် သမီး"

"ဘယ်လိုဒုက္ခလဲ အန်ကယ်"

"အန်ကယ် ဒီပစ္စည်းလေးကို အန်ကယ့်မိတ်ဆွေ မိုးကောင်းဆိုတဲ့ ကျောက်ကုန်သည်တစ်ဦးကို ပြခဲ့မိတယ်. .



www.burmeseclassic.com

www.burmeseclassic.com



သူက အတင်းရောင်းဖို့ပြောပေမယ့် အန်ကယ်က မရောင်းခဲ့ဘူး. . နောက်ဆုံး သူက လက်လျှော့ပြီး အန်ကယ့်ကို အချိူသတ်ခဲ့တယ်. . အန်ကယ် ပထမတော့ မိုးကောင်းအပေါ်မှာ ယုံကြည်မှုအပြည့်နဲ့ရခဲ့တဲ့အကြောင်းကို ပြောပြခဲ့တယ်. . ဘယ်နေရာမှာတွေ့ခဲ့သလဲဆိုတာတော့ မပြောပြမိဘူး. . ခု မိုးကောင်းဟာ အန်ကယ့်ကို ပုံစံအမျိုးမျိုးနဲ့ခြိမ်းခြောက်ပြီး ဒီပစ္စည်းကို ယူနိုင်ဖို့ ကြိုးစားနေတယ်. . သက်ဆိုင်ရာကို အပ်ရင်. . အန်ကယ့်အသက်ကို ရန်ရှာမယ်လို့ပြောနေတယ်. . ဒါကြောင့် အန်ကယ်ဘာလုပ်ရမှန်းမသိအောင်ဖြစ်နေတာ"

"အန်ကယ်ရယ်. . ဥပဒေမဲ့နေတဲ့နိုင်ငံမှမဟုတ်တာ သူလုပ်ချင်တိုင်းလုပ်လို့ရပါ့မလား. . သမီးစိတ်ဝင်စားတာက အန်ကယ်တွေ့ခဲ့တဲ့နေရာကို သုတေသနလုပ်ချင်တယ်. . ပြီးတော့ ဒီပစ္စည်းတွေကို သေသေချာချာလေ့လာပြီး စာတမ်းတင်ချင်တယ် အန်ကယ်"

"သမီးလေးအတွက် အန်ကယ်ရည်ရွယ်ထားတာပါ. . သမီးယူသွားပေး. . ဒီပတ္တမြားရုပ်ထုကို သမီးစိတ်တိုင်းကျ လေ့လာပြီးရင် သက်ဆိုင်ရာကို အပ်လိုက်ပါ"

"ကောင်းပြီ အန်ကယ်. . သမီးစီစဉ်လိုက်ပါ့မယ်"

နတ်ပန်းခင်သည် သံသေတ္တာကြီးကို ကားပေါ်သို့





တင်ပြီး အိမ်ကို ပြန်ခဲ့စဉ်. . .

"ဝူး"

"ဟယ်"

နတ်ပန်းခင်နောက်မှ ကားတစ်စီးလိုက်လာသည်ကို သတိထားမိလိုက်သည်။ မြို့လည်ခေါင်တွင် အမှုအနိုင်ကျင့်၍ မလွယ်နိုင်ပေမယ့် နတ်ပန်းခင်နောက်ကို နောက်ယောင်ခံပြီး လိုက်နေခြင်းသာဖြစ်နိုင်သည်။

နတ်ပန်းခင်ကားပေါ်တွင်ပါလာသော ပစ္စည်းများကြောင့်လား. . ဒါလည်းမဖြစ်နိုင်၊ သူ့ကို ဦးကျော်ဇံထိုက်ပေးလိုက်သည်ကို ဘယ်သူမှသိခဲ့သည်မဟုတ်ပေ. . ထို့အပြင် သူမြန်မာပြည်ကို ပြန်ရောက်သည်မှာ တစ်ပါတ်ပင်မပြည့်သေးတဲ့သူကို ရန်မူ မည့်သူရှိစရာအကြောင်းမရှိနိုင်ပေ. . ဘယ်လိုပဲဖြစ်ဖြစ် နောက်မှလိုက်ခဲ့သောကားကို မျက်ခြည်ပြတ်နိုင်အောင် ကြိုးစားရမည်ဖြစ်သည်။

"ဟုတ်ပြီ"

နတ်ပန်းခင် ခေါင်းထဲတွင် အကြံတစ်ခုပေါ်ခဲ့ပြီး သူငယ်ချင်းဖြစ်သူ လွင်မောင်အိမ်ဘက်ဆီသို့ သွားရန်စဉ်းစားလိုက်သည်။

လွင်မောင်က ဂျာနယ်သတင်းထောက်တစ်ဦးလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး နတ်ပန်းခင်နှင့် ငယ်ပေါင်းတွေဖြစ်သည်။

"တီ. . တီ"

ကားဟွန်းသံကြောင့် လွင်မောင် ပြေးထွက်လာပြီး. .

"ဘယ်သူများလဲမှတ်တယ် ကျေးဇူးရှင်ကိုး. . ခုမှပဲ ပေါ်တော်မူတယ်. . ."

"ဆောရီးပဲဟာ. . ငါ မြန်မာပြည်ရောက်ရောက်ချင်း လုပ်စရာလေးတွေပြတ်အောင်လုပ်နေရလို့ပါ"

"ထားလိုက်ပါလေ. . ကဲ. . အိမ်ထဲကိုဝင် နင့်ကို အိစ်နဲ့ ဘန်ဒေါင်းတောင်မေးနေကြတယ်. . ."

"ငါလည်း သူတို့ဆီကို သွားမှာပါ. . ."

"သွားမနေနဲ့. . ဒီနှစ်ကောင် ရန်ကုန်ကို ရောက်နေတယ်. . နင့်ဆီကိုလာဖို့တောင် ငါတို့ချိန်းထားပြီးပြီ"

နတ်ပန်းခင် အိမ်ထဲကို ဝင်ပေမယ့် မျက်လုံးက နောက်ကို ရောက်နေသောကြောင့်. . .

"နင်ဘာဖြစ်နေတာလဲ"

"ငါ့နောက်ကို လူလိုက်လို့. . ."

"ဟာ. . ဘာလဲ နင့်ကို ရည်းစားစကားလိုက်ပြောတာလား"

"ပေါက်ကရတော့ ပြောတော့မယ်"





"ဒါဖြင့် ဘာလိုက်ပြီး လုပ်တာလဲ"

"မပြောတတ်ဘူး. . ကားတစ်စီးနဲ့ လိုက်နေတာပဲ"

"ဟင်. . ဘယ်မှာလဲ"

"ငါ. . နင့်ခြံထဲ မောင်းဝင်လာတုန်းက ခြံရှေ့က ကျော်သွားတာပဲ"

"ကားအမျိုးအစားက. . ."

"(- - - - -) အနက်ရောင်လေး. . ."

"နင်ဒီမှာနေခဲ့ဦး. . ငါအပြင်ထွက်ပြီး လှေ့လာမယ်"

"အေး"

လွင်မောင် သူ့ကို ထားခဲ့ပြီး အပြင်ဘက်သို့ ထွက်သွားသည်။

"ဟူး"

နတ်ပန်းခင် သက်ပြင်းကလေးမှုတ်ထုတ်ပြီးဆိုဖာပေါ်တွင် ခေါင်းလေးမှီနေလိုက်ပြီး သိပ်မကြာ. . လွင်မောင် ပြန်ရောက်လာသည်။

"လွင်မောင် ဘယ်လိုလဲ"

"နင်ပြောတဲ့ကားကို ခြံနှစ်ခြံကျော်မှာ ရပ်ထားတယ် ကားထဲမှာ ယောက်ျား(၃)ယောက် ရှိပ်တွေက လူကောင်းတွေတော့မဟုတ်ဘူး. . လူဆိုးရုပ်တွေ နင်ပြန်အထွက်ကို



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေတာပဲဖြစ်မယ်”

“ငါဘယ်လိုလုပ်ရင်ကောင်းမလဲ”

“ငါ့အထင် နင်ဒီမှာနေတယ် မနေဘူးဆိုတာကို စောင့်ကြည့်နေတာဖြစ်နိုင်တယ် . . ဒီတော့ နင်ငါ့အိမ်မှာ အချိန်ဖြုန်းပြီးမှပြန် . . ဒါဆိုဒီကောင်တွေ နင်ဒီမှာနေတယ်မှတ်ပြီး ပြန်ကြမှာ”

“အိမ်ထဲကို ဝင်ပြီး ကြမ်းရင်ရော . . .”

“နတ်ပန်းရယ် . . ဒါကောင်းဘွိုင်နယ်မြေ မဟုတ်ပါဘူး . . ဒီလိုသာထင်တိုင်းလုပ်နေလို့ရရင် ရာဇဝတ်မှုဆိုတာ ရှိပါတော့မလား . . ဒီကောင်တွေမဝင်ရဲဘူး၊ စိတ်ချသာနေ”



မြန်မာနိုင်ငံ မနုဿဗေဒပညာရှင်ကြီး ဒေါက်တာ ဦးထွန်းလူရုံးခန်းတွင် နတ်ပန်းခင်သည် ဦးကျော်ဇံထိုက်ဆီမှ ရခဲ့သောပစ္စည်းများကို ပြလိုက်သည်။

“ဆရာတို့ သဲလွန်စပျောက်သွားတဲ့ ပရိုင်းမိတ်တစ်ခုပဲသမီး . . ဆရာတို့ရခဲ့တာက ပရိုင်းမိတ်တစ်ခုရဲ့ အောက်အံသွားနဲ့ အိုးခြမ်းကွဲတွေပဲ၊ ခုသမီးယူလာတဲ့ ကီမိယန်လူမျိုးစုရဲ့ အပိုင်းအစပဲဆိုရမှာပေါ့”

“ဆရာတို့ရခဲ့တဲ့နေရာကရော . . .”

“ကချင်ပြည်နယ်ထဲက ရေခဲပြင်တစ်ခုမှာလေ . . သုတေသနလုပ်ဖို့ပြင်ဆင်ခဲ့ကြပေမယ့် ရာသီဥတု ဆိုးဝါးတာကြောင့် မလုပ်ဖြစ်ခဲ့ဘူး . . နောက် . . ရာသီဥတု“သာယာ့လို့ပြန်လုပ်တော့ အန်ကယ်တို့ နဂိုရှာဖွေခဲ့တဲ့နေရာဟာ ပုံစံပြောင်းသွားတယ် . . ဆီးနှင်းတွေကြောင့် မူလနေရာကို ရှာ



www.burmeseclassic.com

www.burmeseclassic.com



မတွေ့တော့ဘူး . . ဒါနဲ့ပဲ လက်လျှော့ ခဲ့ရတာပဲ သမီး . . ."

"သမီးစဉ်းစားလို့မရတာက ကီမီယန်လူမျိုးစုတွေ ရောက်လာတာကိုပဲ"

"ခက်နေတာက တစ်စုတစ်ဖွဲ့တည်း ရောက်လာတာလား . . လူမျိုးစုအလိုက်ပြောင်းရွှေ့လာသလားဆိုတာကို ပြောလို့မရဘူးဖြစ်နေတယ်၊ ပြီးတော့ ထပ်ပြီးစဉ်းစားစရာတစ်ချက်ကအရိုးစုရဲ့ ခေါင်းပေါ်မှာ မာကြောတဲ့ဒဏ်ရာနဲ့သေဆုံးတယ်လို့ ယူဆရ မှာပဲ . . ဒါဟာ . . ကျောက်မဆောင်တစ်ခုခု ဒါမှမဟုတ် တိုက်ပွဲတစ်ခုခုကြောင့် သေဆုံးသလားဆိုတာတော့ မပြောနိုင်ဘူးလေ"

"ဆရာ . . ဒီရုပ်ထုကို ဘယ်လိုမြင်လဲ"

"ဒီရုပ်ထုကို ကီမီယန်တွေက ထုဆစ်ခဲ့တာသေချာတယ် . . သူတို့စိတ်ထဲမှာ လူသားတစ်စုရဲ့ အနုရသတွေကို တွေ့မြင်လာတဲ့ အာရုံမှလုပ်ခဲ့ကြတာဖြစ်မယ် သမီး . . ကျောက်ရဲ့ တန်ဖိုးဆိုတာကိုတော့ သိနိုင်မှာမဟုတ်ဘူး"

"ဒီကျောက်ဟာ မြန်မာပြည်ကျောက်ဖြစ်နိုင်ပါ့မလား"

"ဆရာ့အထင် ပြောရရင် ဖြစ်နိုင်တယ် . . ပိုပြီး ခိုင်လုံအောင် ဆရာ့မိတ်ဆွေတစ်ဦးကိုတောင် ခေါ်ထားတယ် . . သူက မြန်မာနိုင်ငံ ဘူမိဗေဒပညာရှင်ကြီးတစ်ဦးဖြစ်ပြီး၊ နိုင်ငံ





တကာ အတွေ့အကြုံရှိပြီး ပညာပိုင်းမှာတော့ အရမ်းကို တော်တဲ့သူပဲ . . ဟော . . ဟိုမှာ လာနေပါပြီ"

"ဦးထွန်းလှ . . ကျုပ်ကိုခေါ်တယ်ဆို"

"ဟုတ်တယ် . . ဦးမင်းမော်ကိုပြစရာရှိလို့ . . အြော် မိတ်ဆက်ပေးရဦးမယ် . . ဒီက ကျုပ်တပည့်မလေး မနုဿဗေဒ ပညာရှင်တစ်ဦးပေါ့ဗျာ၊ အာဖရိကဘက်ကပြန်လာတာ မကြာ သေးဘူး"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်အန်ကယ်"

"အင်း . . မင်းတို့လူငယ်တွေက ခုလိုလုပ်ငန်းတွေမှာ ပါဝင်ကြတာကို ဆရာတို့အရမ်းကို ဂုဏ်ယူပါတယ် . . ကဲ . . ခင်ဗျားပြမယ်ဆိုတာဘာလဲ"

ဒေါက်တာ ဦးထွန်းလှပိတ်ဖြင့်ထုပ်ထားသော ကျောက်ရုပ်ထုကိုပြလိုက်သည်နှင့် . . .

"ဟာ . . အလွန်ကိုရှားပါးတဲ့ ပတ္တမြားအရိုင်းပဲ၊ ဘယ်လိုရတာလဲ . . ."

နှတ်ပန်းခင် အကြောင်းစုံကိုရှင်းပြလိုက်သည်။

"အကယ့်အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းပဲဗျာ . . ဒီပစ္စည်း မျိုးရှိတဲ့နေရာဟာ တခြားပတ္တမြားတွေကျောက်စိမ်းတွေရှိတဲ့ နေရာနဲ့မတူဘူး . . အစိုင်အခဲ ထုနဲ့ထည်နဲ့ရှိတတ်တယ်၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာတောင် တစ်ခါမှမတွေ့ဘူးခဲ့ဘူး. . ခုတွေ့ဘူးတာ ပထဦးဆုံးပဲ. . ကျုပ်အသက်(၁၀)နှစ်အရွယ်က ကျုပ်အဖေတို့လက်ထက်မှာ ခုတွေ့နေရတဲ့ပတ္တမြားရိုင်း ကျောက်ဂူတစ်ခုကို တွေ့ခဲ့ကြတယ်၊ ဒါပေမယ့်. . ပြန်ပြီးတူးကြဖို့လုပ်တော့ ဆီးနှင်းတွေရေခဲတွေဖုံးကွယ်ပြီး ပျောက်သွားခဲ့တယ်၊ အင်း. . ဆက်ပြောရဦးမယ်. . ဒီတုန်းက ကျောက်ဂူထဲမှာ လူအရိုးစုတွေတောင်တွေ့ခဲ့တယ်တဲ့. . ခု သမီးပြောတဲ့စကားအရဆိုရင် ကျောက်ခေတ် ကီမီယန်လူမျိုးစုတွေဖြစ်နေမလား"

"စဉ်းတော့ စဉ်းစားစရာတစ်ခုပဲဆရာ. . ဒါပေမယ့်ဆရာ. . ဟိုလက်နက်ကိုရော ဆရာဘယ်လိုမြင်ထားလဲ"

ကျောက်မားတစ်လက်ကို ပြလိုက်သည်။

"အဲဒါကျတော့ ကီမီယန်လူမျိုးတွေနဲ့ လုံးလုံးကွာဟနေတယ်. . ဒီကျောက်မားဟာ. . နှစ်ပေါင်း(၅၀၀၀)လောက်က လူမျိုးစုတစ်စုရဲ့လက်နက်ပဲ"

"နှစ်ပေါင်း တစ်သောင်းနဲ့ နှစ်ပေါင်းငါးထောင်ဆိုတော့ တော်တော်လေးကို ကွာနေတယ်. . ကီမီယန်လူမျိုးတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း တစ်သောင်းကနေ နှစ်ပေါင်းရှစ်ထောင်လောက်ထိပဲ သက်တမ်းရှိပြီး ပျောက်ကွယ်ခဲ့တယ်လို့ သုတေသနပညာရှင်တွေက သတ်မှတ်ထားတယ်ဆရာ"





"ဒါကြောင့် စဉ်းစားစရာဖြစ်နေတာ. . ဆရာသိခဲ့တဲ့ကိစ္စတစ်ခုတော့ရှိတယ်. . နှစ်ပေါင်းငါးထောင်လောက်က လူမျိုးစုတွေဟာ တိုးတက်မှုအတော်အသင့်တော့ ရှိလာပြီး၊ ခေါင်းဆောင်တို့အကြီးအကဲတို့အပြင် ဘာသာစကားတွေတောင်ပြောနိုင်ကြတဲ့အခြေအနေကို ရောက်ခဲ့ကြပြီလေ. . ဒီတုန်းကအာရှတိုက်ဘက်မှာ လူမျိုးစုတိုက်ပွဲတွေတောင်ဖြစ်နေကြပြီ၊ ခုမြင်ရတဲ့ ကျောက်မားဟာ. . သားကောင်တွေကို အမဲလိုက်ဖို့လုပ်ကိုင်ထားတဲ့မားမဟုတ်ဘဲ. . စစ်သည်တွေအသုံးပြုတဲ့မားတစ်လက်ပဲ"

"ဟုတ်တယ်နော် ဆရာ. . စိတ်ဝင်စားဖို့တော့ကောင်းနေပြီဆရာ"

"အရင်နှစ်ပေါင်း ငါးထောင်လောက်က ခုတွေ့တဲ့ပရိုင်းမိတ်တွေရဲ့နေရာဟာ တောတောင်ရေမြေအရမ်းကိုကောင်းပြီး. . သားကောင်ရှာဖွေတဲ့နေရာမှာရော. . စိုက်ပျိုးစားသောက်တဲ့နေရာမှာရော အလွန်ကောင်းပြီး၊ အာဒီယံအနွယ်ဝင်လူမျိုးစုတစ်စု နေထိုင်ခဲ့ကြတယ်. . သူတို့ရဲ့ခေါင်းဆောင်ဟာ အမျိုးသမီးတစ်ဦးပဲ"

"ဒါဆိုရင် မျိုးဆက်တွေက ဆက်ပြီးရှိနေဦးမှာပေါ့"

"မရှိတော့ဘူး သမီး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဘာလို့လဲ ဆရာ"

"ဆရာတို့ ဒီမျိုးနွယ်စုနဲ့ပတ်သက်ပြီး . . နောက်ဆက်တွဲ ရှာခဲ့ပေမယ့် အစပျောက်သွားတယ်၊ နောက်ဆုံးပညာရှင်တွေ ထင်ခဲ့ကြတာကတော့. . ဒီမျိုးနွယ်စုဟာ သဘာဝဘေးဒဏ်ကြောင့် အားလုံးသေကျေခဲ့ကြသလား. . ဒါမှမဟုတ် တခြားလူမျိုးစုတွေရဲ့ အမြစ်ဖြတ်သတ်ပစ်ခြင်းကို ခံရသလားပဲ ထင်ခဲ့ကြတယ်"

"သမီး. . ဆရာ့ဆီက ခွင့်တောင်းချင်တယ်"

"ဘာများလဲ. . ."

"သမီး. . ဒီပရိုင်းမတ်နဲ့ပတ်သက်ပြီး တိကျတဲ့အဖြေတစ်ခုကိုရှာချင်တယ် ခွင့်ပြုပါဆရာ"

"အင်း. . သမီးတို့အရွယ်နဲ့လုပ်နိုင်ရင်တော့. . အကောင်းဆုံးပေါ့ကွာ၊ တိုင်းပြည်အတွက်လည်း အကျိုးရှိတာပေါ့. . ဆရာ့ဘက်က ကူညီနိုင်တာကို ကူညီပေးပါ့မယ်"

"သမီးဆရာ့ဆီက အာဒီယံမျိုးနွယ်စုမှတ်တမ်းကို ဖတ်ချင်တယ်"

"ရတယ်သမီး. . ဆရာ့ဆီမှာ ရှိတယ်၊ ယူသွားလေ"

ဒေါက်တာထွန်းလွင်က ဘီရိုထဲမှ မှတ်တမ်းစာအုပ်ကို ပေးလိုက်သည်။





"သမီး ခရီးစဉ်အတွက် ဆရာ့ဘက်က. . ဘာကူညီပေးရမလဲ"

ဘူမိဗေဒပညာရှင် ဦးမင်းမော်ကပါ၊ ကူညီဖို့ပြောသဖြင့်. . .

"သမီးသွားတဲ့အခါ ဘူမိဗေဒပညာရှင်တစ်ဦးကို ခေါ်သွားချင်ပါတယ်"

"ကောင်းပြီ. . ဆရာ စီစဉ်ပေးမယ်၊ ဆရာ့ဆီကို အကြောင်းတော့ ကြားလေကွယ်"

"ဟုတ်ကဲ့ ဆရာ"

နတ်ပန်းခင်. . နှုတ်ဆက်ပြီး အပြင်သို့ထွက်ခဲ့စဉ်-
လူတစ်ယောက်အနားသို့ ရောက်လာပြီး. . .

"မင်းနာမည် နတ်ပန်းခင်ဆိုတာလား. . ."

"ဟုတ်ပါတယ်"

"အချိန်ရရင် ကျုပ်တို့ဆရာက စကားပြောချင်လို့ လိုက်ခဲ့နိုင်မလား. . ."

"ဘာ. . ."

တစ်ခါမှ မတွေ့ဘူး. . မမြင်ဘူးသော လူနောက်ကို နတ်ပန်းခင် လိုက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပေမယ့်. . နတ်ပန်းခင် အဖြေတစ်ခုတော့ သိချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့. . နတ်ပန်း"

"ဟင်. . ဘန်ဒေါင်း"

သူငယ်ချင်းဘန်ဒေါင်းကို တွေ့လိုက်သောကြောင့် ဝမ်းသာသွားသည်။ နတ်ပန်းခင်အတွက် အဖော်တစ်ယောက်ကို ရခဲ့ပြီမဟုတ်လား. . .

"နင့်ကို တွေ့လို့. . အငှားကားပေါ်က ဆင်းလာတာ"

"ဘန်ဒေါင်း ခဏ. . ကျွန်မလိုက်ခဲ့မယ်၊ ဒါပေမယ့် တစ်ယောက်တည်းမဟုတ်ဘူး"

"ဆရာကား. . မင်းတစ်ယောက်တည်း တွေ့ချင်တာ"

"ဒါဆိုရင် ဆောရီးပဲ. . ကျွန်မမလိုက်နိုင်ဘူးလို့ ရှင့်ဆရာကိုပြောလိုက်"

"မင်း. . ဒီကနေခဏစောင့်ပါ၊ ကျုပ်ဆရာဆီကို ဖုန်းဆက်ပြီးမေးလိုက်မယ်"

ထိုလူအနားက ထွက်သွားသည်နှင့်. . .

"နတ်ပန်း. . ဘာလဲ"

"ငါလည်း မသိဘူး"

"နင့်ဟာ. . ဘယ်လိုလဲဟ"

"ဘန်ဒေါင်းရေ. . အဖြေက နောက်မှသိမှာ၊ နင်သာ ငါ့ရဲ့ဘော်ဒီဂတ်လုပ်"





"နတ်ပန်း. . နင့်ကို ငယ်ငယ်လေးတည်းက သက်တော်စောင့်လုပ်ရတဲ့ဘဝက ခုထိမကျွတ်သေးဘူးဟာ"

"ဘာလဲ. . နင်က ရည်းစားလေးရှိတာနဲ့ ငါ့ကိုသက်တော်စောင့် မလုပ်ချင်တော့ဘူးလား. . အိစံက ငါကရေဆိုရင် ရေပဲနော် ဘန်ဒေါင်း"

"ကဲပါ. . ကျေးဇူးရှင်ရယ်၊ အိစံနဲ့ ခြိမ်းခြောက်မနေပါနဲ့ လိုက်ခဲ့ပါမယ်ဗျာ"

သူတို့နှစ်ယောက်နားသို့ ထိုလူပြန်ရောက်လာပြီး. . .

"ဆရာက. . ရပါတယ်တဲ့"

"ဒါဆို. . ဘယ်လိုက်ရမလဲပြော"

"မြရိပ်ညိုဟိုတယ်. . ."

"ကောင်းပြီ. . ရှင့်ကား ရှေ့ကသွား. . ကျွန်မတို့ နောက်ကနေလိုက်ခဲ့မယ်"

မြရိပ်ညိုဟိုတယ်၏ သီးသန့်အခန်းလေးထဲတွင်. . .

"အန်ကယ့်နာမည်က ဦးမိုးကောင်းပါ. . ."

"ဩော်. . ."

နတ်ပန်းခင် သဘောပေါက်လိုက်သည်။ အန်ကယ် ဦးကျော်ဇံထိုက်ပြောခဲ့သည့်လူကြီးပင်. . .

"ဟုတ်ကဲ့. . ကျွန်မကိုတွေ့ချင်တာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အပေးအယူလေးတွေ လုပ်ချင်လို့"

"ဟင်. . ကျွန်မနဲ့အပေးအယူကိစ္စဟုတ်လား"

"ဟုတ်တယ်"

"ဘာများလဲ အန်ကယ်"

"ဦးကျော်ဇံထိုက်ဆီက ယူထားတဲ့ကျောက်ရုပ်တုလေးအတွက်ပါ"

"ရှင်. . ."

"ဘာလဲ. . မင်းက အံ့ဩနေတာလား၊ အရှင်းဆုံးပြောမယ်. . မင်းကို ဦးကျော်ဇံထိုက်ပေးလိုက်တာကို အန်ကယ်အားလုံးသိပြီးပြီ"

ဦးကျော်ဇံထိုက်အိမ်တွင် သစ္စာဖောက်ရှိနေပြီဆိုသည်ကို တွက်မိလိုက်သည်။

"အန်ကယ်ဆိုလိုတာက ဒီရုပ်ထုကို လိုချင်တယ်ပေါ့"

"ကျုပ်ယူချင်လည်း မင်းက ပေးမှာမှမဟုတ်တာ. . ."

"ဒါဆို"

"ဒီပစ္စည်းကို ဘယ်နေရာက ရခဲ့သလဲဆိုတာကို သိချင်တယ်. . မင်းပြောပြမယ်ဆိုရင် မင်းအတွက် ငွေသိန်း (၅၀၀)ပေးမယ်"

ငွေများစွာကိုရင်းပြီး ပြောနေသည့် ဦးမိုးကောင်း၏





အကြံအစည်သည် သေးဖွဲသောကိစ္စမဖြစ်နိုင်ချေ။

"ကျွန်မကို အန်ကယ်မပြောပြခဲ့ပါဘူး. . ."

"ဘာလဲ. . ငွေပေးတာနည်းလို့လား. . ထပ်ပြီးတိုးပေးမယ်"

"စိတ်မကောင်းပါဘူး. . ကျွန်မ တကယ်မသိခဲ့တာပါ"

"မင်းတို့က ထကယ်ပဲ ခေါင်းမာတာကို. . ကောင်းပြီလေ. . မင်းမပြောလည်း သိအောင်လုပ်ရမှာပေါ့ကွာ. . ."

"အန်ကယ်ပြောချင်တာ ဒါပဲလား. . ."

"မင်းအတွက် စကားလက်ဆောင်တစ်ခုတော့ ပေးလိုက်မယ်"

"ပြောပါ အန်ကယ်"

"နောင်တမရပါစေနဲ့. . ."

"ကျွန်မဘဝမှာ. . နောင်တဆိုတာ ချိုနဲ့လားလို့မေးရမှာပါ"

အပြင်ကို ပြန်ထွက်လာပြီး. . .

"ဘန်ဒေါင်း. . သွားကြမယ်"

"အေး. . ဘာတဲ့လဲ. . ငါက ဖိုက်တင်အတွက်တောင်ပြင်ထားပြီပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ကျမှ အေးအေးဆေးဆေးပြောပြမယ်. . ဒါနဲ့ ဘန်ဒေါင်း နင်ရန်ကုန်မှာ ဘယ်လောက်ကြာမှာလဲ"

"ကြာမှာတော့ မပြောနဲ့ နတ်ပန်း. . ငါက ရန်ကုန်မှာ ခေါင်းချဖို့ စီစဉ်ထားပြီးလာခဲ့တာ"

"ဒါဆို အတော်ပဲဟာ. ."

"ဘာလဲဟ"

"နင် ငါ့အတွက် ဘော်ဒီဂတ်အလုပ်ကို လစာမဲ့လုပ်ပေတော့. . နင်နဲ့အိစ်အတွက် ငါအထူးမင်္ဂလာလက်ဆောင်ပေးမယ်"

"ကောင်းပါပြီ. . ကျေးဇူးရှင်ရာ. . ."

"ဒေါက်. . . ဒေါက်. . ဒေါက်"

"ဟင်"

နတ်ပန်းခင် စာတမ်းကိစ္စတွေကို ပြုလုပ်ပြီး အိပ်ယာထဲသို့ဝင်မည်အပြု. . အခန်းတံခါးခေါက်သံကြောင့် မာမီလားဒယ်ဒီလားမသိ. .

အခန်းတံခါးကို ဖွင့်လိုက်တော့မှ. . .

"ဟယ်"

အခန်းဝတွင် ရပ်နေသူက သူတစ်ခါမှမတွေ့ဘူးသော အမျိုးသမီးတစ်ယောက်. . သူမဝတ်စားထားပုံက ယနေ့ခေတ်ဝတ်စားဆင်ယင်မှုမျိုးမဟုတ်. . ရှေးနှစ်ပေါင်းများစွာက အဝတ်အစား အသွင်အပြင်နှင့် သူမ၏ နက်မှောင်ပြီးရှည်သွားလွန်းသော ဆံနွယ်၊ မြင့်မားသည့်အရပ်၊ သူမ၏ မျက်ချုံး နှာတံ၊ နှုတ်ခမ်းပါးတို့သည် ယနေ့အမျိုးသမီးများစွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး လှပသည်ဟု ထင်ရသည်။

"မင်း ငါ့ကိုတွေ့ဘူးမှာမဟုတ်ပါဘူး"

"ရှင်. . ရှင်. . ဘာကိစ္စနဲ့လာတာလဲ"

"ငါမင်းဆီကို လာခဲ့တာ မင်းသိပ်သိချင်တဲ့ နေရာတစ်ခုကို ပြမလို့ပဲ. . ကဲပါလေ. . မင်းငါနဲ့လိုက်ခဲ့ရင် မင်းအတွက် အကျိုးရှိမှာပါ. . မလိုက်ရင်တော့ မင်းရှာဖွေနေတဲ့ အာဒီယံမျိုးနွယ်စုအကြောင်းကို သိရမှာမဟုတ်ဘူး"

"ရှင်"

သူမစကားကြောင့် နတ်ပန်းခင် လွန်စွာအံ့သြသွားလေသည်။

နတ်ပန်းခင် ယခုဖတ်ပြီးစာတမ်းပြုနေသော နှစ်ပေါင်းငါးထောင်က အာဒီယံမျိုးနွယ်စုအကြောင်းကို ပြောနေသဖြင့် စိတ်ဝင်စားသွားသည်။ ဒါပေမယ့် တစ်ယောက်တည်း လိုက်သွားဖို့ သူမှာ သတ္တိမရှိ. . .

"မင်း ငါခေါ်တဲ့နောက်ကို လိုက်လို့ ဘာအန္တရာယ်မှ မရှိစေရဘူး. . ရဲရဲသာလိုက်ခဲ့"

"ဟုး"

ဆုံးဖြတ်ချက်တစ်ခုကို နတ်ပန်းခင် ခိုင်မာစွာချလိုက်ပြီး အပေါ်အနွေးအကျီလေးကိုယူကာ သူမနောက်မှလိုက်ခဲ့လေ





သည်။ အိမ်အပြင်သို့ရောက်တော့ မီးခိုးတွေလား မြူခိုးတွေလားမသိပေ. . ပတ်ဝန်းကျင်တစ်ခုလုံးဘာကိုမှမမြင်ရဘဲ ရှိနေလေသည်။

"ရှိ. . . ."

သူမနှုတ်ခမ်းမှလေချွန်သံလေးကိုပေးလိုက်သည်နှင့်ဘယ်လိုသတ္တဝါရယ်ဟု အမည်တပ်ရမှန်းမသိသော မြင်းအရွယ်အစားရှိနှစ်ကောင်ကသော ရှေးခေတ်အကျဆုံးရထားလုံးကို တွေ့လိုက်ရသည်။

ထိုရထားလုံးကို မောင်းနေသူ၏ပုံသဏ္ဌာန်မှာ ကြောက်မက်ဖွယ်ကောင်းပြီး ကြေးနီရောင်ဆံပင်များကို ရှုပ်ဖွစွာ ကုတ်ပေါ်တွင်ကျလျက် အဝတ်အစားဝတ်ထားခြင်းမရှိ. . အောက်ပိုင်းတွင် သားရဲသားရေကို ပတ်ထားသည်။ ခါးကြားတွင် ကျောက်ခါးတစ်လက်ကို ထိုးထားလျက်. . .

"မင်း ရထားပေါ်တက်ပါ"

"အင်း"

ရထားလုံးပေါ်တွင် သူမနှင့်အတူတက်လိုက်ပြီး မောင်းထွက်လာခဲ့ကြသည်။ ရထားလုံးပေါ်မှ အပြင်ကို ကြည့်ပေမယ့် ဘာမှမတွေ့ရပေ. . အရင်ကရှိနေခဲ့သော မာကျူရီမီးလုံးများ၏အလင်းရောင်တွေ အိမ်၊ ခြံဝန်းတွေလည်း အပို



www.burmeseclassic.com

www.burmeseclassic.com



အယောင်ပင်မတွေ့ရပေ. . .

နတ်ပန်းခင် သူ့ကိုယ်သူမယုံနိုင်အောင်ဖြစ်နေလေသည်။

"ဟယ်"

မြူတွေလင်းစင်သွားသည့် နေရာကို ရောက်တော့. . မျက်လုံးထဲတွင် မယုံနိုင်အောင်ဖြစ်သွားလေသည်။

နတ်ပန်းခင်မြင်နေရသော မြင်ကွင်းကြီးမှာ ရေခဲပြင်များစွာနှင့် တောင်တန်းကြီးတွေပင်ဖြစ်သည်။

"မဖြစ်နိုင်ဘူး. . မဖြစ်နိုင်ဘူး"

မျက်လုံးကို သေချာစွာပွတ်သပ်ပြီး ပြန်ပြီးကြည့်သော်လည်း ထိုမြင်ကွင်းတွေကပျောက်၍ မသွားပေ. .

"မင်းသိပ်ပြီး အံ့သြနေလား နတ်ပန်းခင်. . ."

"ဟုတ်တယ်. . ကျွန်မ ခုဘယ်ကို ရောက်နေတာလဲ"

"လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀၀၀)လောက်ကရှိခဲ့တဲ့ အင်ဒီဒီတိုင်းပြည်တစ်ခုကို ရောက်နေတာ"

"ဘာ. . ."

"ဒီတိုင်းပြည်ကို အာဒီယံလူမျိုးစုတွေက တည်ထောင်ခဲ့တာပဲလေ. ."

တကယ်ပင်မယုံနိုင်စရာကောင်းသောကိစ္စတစ်ခုပင်





ဖြစ်သည်။

ရထားလုံးကြီးမှာ. . ကြီးမားသော မြို့ရိုးနှင့်တည်ဆောက်ထားသော တိုင်းပြည်တစ်ခုဆီသို့ ရောက်လာနေလေသည်။

"x + - x + - x. . . "

ဘာသာစကားတစ်မျိုးဖြင့် အော်သံတစ်ခုကို ကြားလိုက်ရပြီး. . . ရထားပေါ်မှ ဆင်းခဲ့ကြတော့. . ဒူးတစ်ဖက်ထောက်ပြီး ခေါင်းငုံ့နေကြသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

"x + - x + - x. . . "

အကြီးအကဲတစ်ယောက်က ထပ်မံအော်လိုက်တော့မှ အားလုံးခေါင်းတွေ မော့လာခဲ့ကြသည်။ ထို့နောက် သူမ၏ရှည်လျားသော ဆံပင်တွေကို အနောက်မှမိန်းကလေးနှစ်ဦးက ကိုင်ဆောင်ပြီး ခမ်းနားလှသည့် စံအိမ်ကြီးထဲကို ဝင်လာသည်။ စံအိမ်ကြီးထဲတွင် အရောင်တွေ တစ်ဖျပ်ဖျပ်တောက်နေသော ရတနာမျိုးစုံကို တွေ့ရသည်။

"သွားကြတော့. . ."

သူမက လက်ဟန်ဖြင့်ပြလိုက်ပြီး လိုက်လာသူတွေကို ပြန်ခိုင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အထဲကို ဝင်ကြရအောင်"

သူမရှေ့မှ ဦးဆောင်ပြီးခေါ်သွားသည့်နောက်မှကပ်ပြီးလိုက်ရင်း ခန်းမကြီးတစ်ခုကို ရောက်ခဲ့သည်။ ပလ္လင်သဖွယ်ပြုလုပ်ထားသော လှေကားထစ်အပေါ်ဆုံးကို တက်လာရင်း ကျောက်နံရံကြီးများဆီကို မျက်လုံးရောက်ခဲ့သည်။ နတ်ပန်းခင် ကျောက်နံရံတွင် မီးများထွန်းထားသည်ဟု ထင်ထားသော အရာတွေက မီးမဟုတ်ဘဲ အရောင်ထွက်နေသော ကျောက်နီကြီးများပင်ဖြစ်သည်။

"နတ်ပန်းခင် ထိုင်ပါ"

ကျောက်မျက်ရတနာတွေနှင့် ပြုလုပ်စီခြယ်ထားသော ပလ္လင်ရှည်ပေါ်တွင်အတူတူထိုင်ကာ. . .

"ရင်ထဲအေးသွားအောင်. . သောက်ကြည့်ပါဦး"

ရွှေဖလားခွက်လေးနှင့်ရေကို ထည့်ကာတိုက်လေသည်။

နတ်ပန်းခင် သောက်ဖို့ရန် ပထမတော့ဝန်လေးနေပေမယ့်. . ရောက်လာတော့မှ မထူးတော့သဖြင့် သူမလက်မှ ယူပြီး သောက်လိုက်သည်။

"ဟယ်. . ."

ရင်ထဲတွင် အေးစက်ပြီး. . အလွန်ပင်အရသာရှိလှ





သော. . ရေအေးတစ်ခွက်ကိုသောက်လိုက်ရသလိုပင် ဖြစ်သွားသည်။

"ဒီရေကြည်ဟာ. . (၃)နှစ်မှတစ်ကြိမ် ဆီးနှင်းတွေဆီက အရည်ဖြစ်ပြီးရတဲ့ရေပဲ. . ငါတို့တိုင်းပြည်မှာ နေဆိုတာကို (၃)နှစ်မှတစ်ခါပဲတွေ့ရတာ. . ဒီ'နေ'ပေါ်မှ ဆီးနှင်းတွေအရည်ပျော်ပြီး ရေဖြစ်ခဲ့ကြတာ"

"ဩော်. . ."

"မင်းကို ငါအရှင်မိတ်ဆက်ပေးမယ်. . ငါဟာ အင်ဒီဒီတိုင်းပြည်ရဲ့သခင်မ ဒဏ္ဍာရီတဲ့"

"ဒဏ္ဍာရီ. . ဒဏ္ဍာရီ. . ."

"မင်း ဘာသိချင်လဲ. . မေးပါ"

"ရှင်တို့ မျိုးနွယ်စုတွေ ခုခေတ်ကာလထိရှိနေတုန်းလား. . ."

"မရှိတော့ဘူး"

"ရှင်. . . ဒါဆို. . ."

"မင်း. . ခုတွေ့နေရတဲ့ ငါတို့ဟာ. . နှစ်ပေါင်းငါးထောင်က ဝိညာဉ်တွေရဲ့ပုံရိပ်ဟောင်းတွေပဲ. . မင်းသိစေအောင်ပြခဲ့တာ. . ငါတို့လူမျိုးစုတွေဟာ ဟောဒီကမ္ဘာကြီးရဲ့သဘာဝတရားကြီးကြောင့် အားလုံးရေထဲမှာနစ်မြုပ်ပြီး သေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးခဲ့ကြပြီ နတ်ပန်းခင်. . မင်း မပြန်ခင် တစ်ခါကရှိခဲ့ဘူးတဲ့ အင်ဒီဒီတိုင်းပြည်ကြီး အမြင့်ဆုံးဘုံကနေကြည့်ပေတော့"

သူမက ကျောက်လှေကားတို့ဖြင့်ပြုလုပ်ထားသည့် ဘုံမြင့်ပေါ်သို့ ခေါ်ဆောင်သွားခဲ့သည်။

တော်တော်ကြာအောင်တက်ခဲ့ပြီး မျှော်စင်သဖွယ်ဖြစ်နေသော ကျောက်တောင်ကုန်းမြင့်ကြီးပေါ်သို့ ရောက်ခဲ့သည်။

"တကယ်. . သာယာလိုက်တာ"

တည်ဆောက်ထားသည့်အိမ်တွေ သစ်ပင်တွေရေကန်တွေနဲ့ လှပလှသောအင်ဒီဒီတိုင်းပြည်ကြီးကိုကြည့်၍မဆုံးနိုင်လောက်အောင် မြင်တွေ့နေရလေသည်။

"တကယ်အေးချမ်းပြီး လှပခဲ့တဲ့ငါတို့လူမျိုးဘဝကို ဟိုမှာမြင်နေရတဲ့ ပင်လယ်ပြင်ကြီးက ရေတွေကတိုက်စားလွှမ်းခြုံသွားပြီး အားလုံးသေခဲ့ရတယ်"

နတ်ပန်းခင်. . စိတ်ကျေနပ်စွာကြည့်ရှုနေသည်။

"ငါ. . မင်းကို အကူအညီတစ်ခုတောင်းချင်တယ်"

"ဘာများလဲ. . ဒဏ္ဍာရီသခင်မ"

"မင်းအနေနဲ့. . ငါတို့မျိုးနွယ်စုတွေကို ပြန်လည်ဖော်ထုတ်ပေးပြီး နှစ်ပေါင်းငါးထောင်က ဒဏ္ဍာရီသခင်မရဲ့ အင်ဒီဒီတိုင်းပြည်ကြီးကို ကမ္ဘာကသိအောင်လုပ်ပေးပါ"





"ဟုတ်ကဲ့. . ကျွန်မကြိုးစားပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . ကဲ. . မင်းပြန်ဖို့. . သွားကြရအောင်"

သူမနှင့်အတူ အောက်ကို ပြန်ဆင်းလာပြီး. . .

အလာတုန်းက လိုက်ပို့ခဲ့သောရထားလုံးကြီးပေါ်သို့ ဒဏ္ဍာရီပို့ဆောင်ပေးပြီး၊ ရထားလုံးထွက်လာသည်။

ရထားလုံးပေါ်မှ မြင်ကွင်းများကိုငေးကြည့်ရင်း မြူနှင်းကြားထဲသို့ ရထားလုံးလေးပြန်လည်ရောက်ရှိလာပြီး၊ ပတ်ဝန်းကျင်ကို ဘာမှမမြင်ရတော့ပေ။ ရထားလုံးပေါ်တွင်လိုက်ပါလာရင်း နတ်ပန်းခင်အသက်ရှူကျပ်လာသည်။

"အီး. . ဟူး. . ဟင်း. . ."

အသက်ကို ဝအောင်ရှူမရဘဲ. . ပိုပြီးမွန်းကျပ်လာလေသည်။

"ရ. . ထား. . လုံး. . ရပ်"

ဘယ်လိုမှမခံနိုင်ဘဲ. . ရထားလုံးကို ရပ်ခိုင်းပေမယ့်၊ ရထားလုံးမောင်းသူက သူ့ကိုလှည့်ပင်မကြည့်သဖြင့်. . ရထားလုံးတံခါးကို အတင်းဆွဲပြီးဖွင့်ပေမယ့်မရ၊ အားစိုက်ပြီး. . .

"ကဲဟာ. . ."

ခြေစုံကန်ပြီးဖွင့်တော့မှ တံခါးပွင့်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘေးဘက်တွင် ဘာတွေရှိနေလဲမသိ. . နတ်ပန်းခင် ရထားလုံးပေါ်မှ အောက်သို့ခုန်ဆင်းလိုက်တော့သည်။

"ဘုတ်. . ."

"အား. . ဟင်"

နတ်ပန်းခင် မျက်လုံးဖွင့်ကြည့်တော့ သူမအခန်း၏ ကြမ်းပြင်ဆီပေါ်သို့ ရောက်နေလေသည်။ စာကြည့်စားပွဲ ကုလားထိုင်မှပြုတ်ကျလေလား. . သူတကယ်ကြုံခဲ့ရသလား ဆိုသည်ကို တွေဝေစွာ ဖြစ်နေလေတော့သည်။

❀ ❀ ❀

"စိတ်စွဲလမ်းမှုကြောင့်များလား. . နတ်ပန်းခင်ရယ်"

"ဟုတ်တယ်. . နင်က ကျောက်ခေတ်လူသားတွေရဲ့ ဘဝကို စိတ်အာရုံတွေကရောက်ပြီး၊ မက်ခဲ့တာနေမှာပေါ့"

သူငယ်ချင်းတွေဖြစ်သော လွင်မောင်၊ ဘန်ဒေါင်းတို့ ပြောနေပေမယ့်. . အိစံက ဘာမှမပြောဘဲ လက်ဖက်သုပ်ကို သာစားနေသည်။

"ငါ့စိတ်ထဲမှာ အိပ်မက်လို့တောင်မထင်ဘူးဟာ"

"နတ်ပန်း. . နင့် စိတ်တွေကယောင်ချောက်ချားဖြစ် နေပြီလား"

"ဘာလဲ လွင်မောင်. . နင်က ငါ့ကိုရူးနေပြီလို့ပြော တာလား"

"ငါဆိုလိုတာက ရူးတဲ့အဆင့်ကိုမရောက်သေးဘူး"

"နောက်တော့ရောက်မယ်ပေါ့. . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဖြစ်နိုင်တယ်၊ ဘာလို့လဲဆိုတော့ နှစ်ပေါင်းငါးထောင်လောက်က လူမျိုးစုတွေဆီကိုရောက်သွားတာကို နင်က တကယ်မှတ်နေတာကိုးဟ"

လွင်မောင်ပြောသလိုပင် သူမ,မမြင်နိုင်သည့်အရာပေါ်မှာ တကယ်ခံစားနေသူဖြစ်နေသဖြင့်. . .

"ဒါနဲ့နေပါဦး နတ်ပန်း. . နင်က. . အာဒီယံလူမျိုးစုတွေကိုရှာဖွေဖို့ ခရီးထွက်မှာလား"

အိစံ စကားကြောင့်. . .

"ဟုတ်တယ်. . ဒီအတွက် ငါပြင်ဆင်နေတယ်"

"နတ်ပန်းရယ်. . နင်မို့လို့ ဒီလောက်အန္တရာယ်များတဲ့နေရာကို သွားချင်ရတယ်လို့"

"ငါတို့အလုပ်က ဒီလိုမှမသွားရင်. . ကိုယ်ယူထားတဲ့ဘာသာနဲ့ လုပ်ငန်းတွေက အလကားဖြစ်နေမှာပေါ့"

"နင့်ဘယ်တော့လောက် ခရီးထွက်မလဲ. . ."

"ပြောလို့တော့မရဘူး. . ကိုယ့်ဘက်က ပြင်ဆင်စရာတွေကို ပြင်ဆင်ရဦးမယ်လေ ဘန်ဒေါင်း"

"ငွေကြေးလား"

"ငွေကြေးက အဓိကမဟုတ်ဘူး. . လူအင်အားလမ်းပြတစ်ယောက်"





"အိစံ. . ."

"ဘာလဲ. . ဘန်ဒေါင်း"

"ဟို. . ဟို. . ငါတို့နှစ်ယောက် နတ်ပန်းနဲ့လိုက်သွားရင် မကောင်းဘူးလား"

"ဘန်ဒေါင်း. . နင်က ငါနဲ့မင်္ဂလာမဆောင်ချင်လို့ ရှောင်တာလား. . ."

"ဟာ. . မဟုတ်ပါဘူးဟာ. . တို့သူငယ်ချင်းတွေ အတူတူသွားတော့ နတ်ပန်းအတွက်ကောင်းမယ်ထင်လို့ပါ"

"နတ်ပန်း. , နင်သွားဖြစ်ရင် ငါပါလိုက်မယ်၊ ဒါမှ. . သတင်းထောက်တစ်ယောက်ရဲ့ စွန့်စွန့်စားစား သတင်းတစ်ပုဒ်ကိုရမှာ"

လွင်မောင်က အားတက်သရော့ပြောနေသည်။

"နင်လိုက်မယ်ဆိုရင်တော့ ကောင်းတာပေါ့ဟာ. . ကိုယ့်ငယ်ပေါင်းတွေနဲ့သွားရတဲ့ခရီးဆိုတော့ စိတ်ချရတာပေါ့"

"ဘန်ဒေါင်း. . ."

"ဘာလဲ. . အိစံ"

"နင်. . တကယ်လိုက်သွားချင်လား"

"ငါ့ဘက်က မပြောရဲတော့ဘူး အိစံ. . တော်ကြာ နင်စိတ်ကောက်ရင် ငါက သိပ်ပြီးချော့တတ်တဲ့ကောင်မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ . . မချော့ဘဲပစ်ထားလိုက်ကွာ . . အလုပ်ရှုပ်လို့"

"ကောင်စုတ် လွင်မောင် . . နင် မိန်းမရတော့မှကောင်းကောင်းကြီး . . ကြားကနေ ရန်တိုက်ပေးဦးမယ်မှတ်"

"ကြည့်ထား အိစံ . . လွင်မောင်ဆိုတဲ့ကောင်က မပိုင်ဘဲ မယူဘူးပေါ့"

"စောင့်ကြည့်တာပေါ့ဟာ . . ."

"နတ်ပန်း . . ."

"ဘာလဲ . . လွင်မောင်"

"နင်ပြောတဲ့ အာဒီယံလူမျိုးစုဆိုတာ . . ငါတို့သင်ဘူးတဲ့ ဒဿဂီရိကို ဆိုလိုတာလား"

"မဟုတ်ဘူး . . ခု ငါပြောတဲ့ အာဒီယံလူမျိုးစုဆိုတာ မနုဿဗေဒ ပညာရှင်ကြီးတွေသတ်မှတ်ထားတဲ့ လူမျိုးစုအမည်ပါ"

"ကဲ . . ဒါတွေထားလိုက်တော့ . . ဘယ်လိုလည်း ဘန်ဒေါင်း၊ မင်းတို့နှစ်ယောက်လိုက်ဖြစ်မှာလား . . ဘာအလုပ်မှမရှိတာဘဲကွာ လိုက်ခဲ့ကြပေါ့"

ဘန်ဒေါင်းက အိစံဘက်ကိုလှည့်ကြည့်ချိန်တွင် . . .

"ကြည့်မနေနဲ့ . . လိုက်သွားကြမယ်"





"တကယ်ပြောတာလား . . အိစံ"

"တကယ်ပြောနေတာပေါ့ဟာ"

တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ . . ပြုံးမိလိုက်ကြလေသည်။

"ဒါဆိုရင် ခရီးကိုအမြန်ဆုံးထွက်နိုင်အောင်ပြင်ဆင်ကြမယ်"

"ရှူး . . ."

ဘန်ဒေါင်းက အားလုံးကိုစကားသံမထွက်ရန်အချက်ပြလိုက်ခြင်းကြောင့် အားလုံးငြိမ်သက်နေလေသည်။

ဘန်ဒေါင်း ထိုင်နေရာမှ မသိမသာထသွားပြီး၊ အပြင်သို့ထွက်သွားစဉ် . . .

"ဝုန်း . . ."

"ဖြောင်း . . ."

အိမ်အပြင်ဘက်မှ အသံများထွက်ပေါ်လာသဖြင့် . . နတ်ပန်းတို့အားလုံး အပြင်ကိုထွက်ခဲ့ကြလေသည်။

"ဘာဖြစ်တာလဲ ဘန်ဒေါင်း . . ."

"ပြတင်းပေါက်က လူရိပ်တစ်ခုကိုမြင်လို့ထွက်လိုက်တာ . . ဒီကောင်လွတ်သွားတယ်"

"ဟင် . . ."



www.burmeseclassic.com

www.burmeseclassic.com



"နတ်ပန်း . . နင့်နောက်မှာ ရှဲဒိုးလိုက်နေတဲ့လူတွေရှိနေကြပြီ"

"ဟုတ်တယ် . . ဟိုလူကြီးမိုးကောင်းရဲ့ လက်ချက်ပဲဖြစ်မယ်"

"ငါမသိလို့ မေးချင်တယ် . . ဦးမိုးကောင်းက ဘာကိစ္စနဲ့ နင့်နောက်ကိုအသည်းအသန်လိုက်နေတာလဲ"

"အာဒီယံ လူမျိုးစုတွေရဲ့တိုင်းပြည်နေရာကို သိချင်လို့"

"သိလို့ရော . . ဘာလုပ်လို့ရတာမှတ်လို့"

"လွင်မောင် . . အဲဒီလူမျိုးစုနေတဲ့နေရာမှာ အဖိုးဖြတ်လို့မရတဲ့ ရတနာတွေရှိမယ်လို့ ဦးမိုးကောင်းက ယူဆထားတယ် . . ဒါကြောင့် ငါ့နောက်ကို အသည်းအသန်လိုက်နေကြတာ"

"နင်ကရော . . နေရာကို သိပြီလား"

"အသေးစိတ်တော့ မသိရသေးဘူး . . ခရီးသွားခါနီးမှ အန်ကယ် ဦးကျော်ဇံထိုက်ဆီက မြေပုံယူသွားရမှာ"

"နတ်ပန်း . . ငါတစ်ခု နင့်ကိုအကြံပြုချင်တယ်"

"ဘာလဲ . . အိစံ"

"ငါတို့ခရီးမသွားခင် . . နင်တစ်ယောက်တည်း သွားတာလာတာမျိုးကို မလုပ်စေချင်ဘူး"





"ဟုတ်တယ် . . နတ်ပန်း၊ နင့်ဘေးမှာ ငါတို့အမြဲရှိနေဖို့ လိုအပ်နေပြီ"

"နင်တို့နှစ်ယောက်ရှိနေတော့ ကောင်းတာပေါ့ဟာ . . အိစံ . . နင်က ခရီးစဉ်အတွက်ဆေးဝါးတွေနဲ့ ဆရာဝန်တစ်ယောက်ကို ရှာနိုင်ဖို့တာဝန်ယူနိုင်မလား"

"ငါ . . ဒီတာဝန်ယူမယ် . . ငါ့မိတ်ဆွေတစ်ယောက်ကဆရာဝန် . . ခုလိုစွန့်စွန့်စားစားလုပ်ရမယ့် ကိစ္စမျိုးကိုအရမ်းဝါသနာပါတာ"

"အင်း . . ဒါဆိုရင် အဆင်ပြေတာပေါ့ . . မနက်ဖြန် ငါတို့သွားစရာနေရာနှစ်ခုကို သွားပြီးရင်၊ ခရီးသွားနိုင်ဖို့ စီစဉ်လို့ရပြီ"

"ဒီနေ့ကစပြီး နတ်ပန်း . . ငါတို့တစ်တွေအတူတူ နေကြမယ်ကွာ"

"အေး . . ."

အားလုံးသဘောတူညီစွာဖြင့် ခေါင်းညိတ်လိုက်လေတော့သည်။ သူတို့အားလုံး နတ်ပန်းခင်နေအိမ်တွင် စုပြီးနေထိုင်ကြမှာဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်ဖုံထိုက် အိမ်ဝသို့ရောက်တော့ ခြံတံခါးကို လူတစ်ယောက်လာပြီး ဖွင့်လေသည်။

အရင်က တစ်ခါမှမမြင်ဘူးသော ခြံစောင့်ဖြစ်နေခြင်းကြောင့် နတ်ပန်းခင်စိတ်ထဲတွင် သံသယဖြစ်သွားလေသည်။

"ဘန်ဒေါင်း. . ."

"ဘာလဲ. . နတ်ပန်း"

"ငါ့စိတ်ထဲမှာ တစ်မျိုးဖြစ်နေတယ်"

"နင်ဆိုလိုတာက. . ."

"အန်ကယ် ဦးကျော်ဖုံထိုက်တစ်ယောက် အန္တရာယ်တစ်ခုခုကြုံနေပြီလားလို့. . ."

ခြံစောင့်က ခြံတံခါးကိုပိတ်ပြီး၊ သူတို့နောက်သို့အပြေးကလေး လိုက်လာလေသည်။

"ဒီလိုလုပ်. . နင်နဲ့လွင်မောင်၊ အိမ်ထဲကိုဝင်သွား. .





ငါအပြင်ကနေကြည့်ပြီး လှုပ်ရှားမယ်. . ဒီနေရာမှာ ဒီကောင်တွေ သေနတ်ကိုသုံးရဲမှာမဟုတ်ဘူး၊ ခါးလောက်တော့ ငါရှင်းနိုင်တယ်"

"အေး. . ."

နတ်ပန်းခင်နဲ့လွင်မောင် အိမ်ကြီးထဲသို့ ခပ်တည်တည်ဖြင့် ဝင်သွားချိန်တွင် ဧည့်ခန်းထဲမှာ အန်ကယ်ဦးကျော်ဖုံထိုက်တို့ လူနှစ်ယောက်ကပ်ထိုင်ပြီး ဘေးဆိုဖာတွင်. . ဦးမိုးကောင်းတထိုင်လျက်. . .

"အင်း. . လူတော့ စုံသွားပြီ ကဲ. . ကျော်ဖုံ အေးအေးဆေးဆေးသာ ပေးလိုက်ကွာ"

"မိုးကောင်း. . မင်း တကယ်ရမှက်ကြီးတဲ့ကောင်ပဲ၊ ငါ့ဆီမှာ မရှိဘူး. . မြေပုံကို နိုင်ကျင်မောင်ယူသွားတာ"

"မဖြစ်နိုင်ဘူး. . သေသွားတဲ့လူကို၊ မင်းခေါင်းစဉ်တပ်နဲ့ မင်းတို့မသိဘူးဆိုတာ မဖြစ်နိုင်ဘူး. . ဟော့ကောင်တွေ ဒီနှစ်ယောက်ကိုပါ ချုပ်ထားလိုက်တော့"

နတ်ပန်းခင်နှင့် လွင်မောင်ကို သေနတ်နှင့်ချိန်ရွယ်ပြီး၊ ထိုင်ခိုင်းလိုက်သည်။

"ကဲ. . ကောင်မလေး၊ မင်းက ငါတို့အတွက်အများကြီး အသုံးဝင်မှာကွ၊ ကောင်းကောင်းမွန်မွန် အပေးအယူလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်. . ."

"ရှင်လိုလူမျိုးနဲ့ ဘယ်တော့မှ အပေးအယူမလုပ်ဘူး"

"ဘာလဲ. . မင်းကလည်း အလကားကြီးပဲ၊ ဒါဆိုလည်း စုပြီး သေကြပေါ့ကွာ"

"ရှင် လွယ်လွယ်နဲ့သတ်လို့ရမယ် ထင်နေလား"

"ဟား. . ဟား. . ဟား. . မိုးကောင်းအတွက် မရဘူးဆိုတာ ဘာမှမရှိဘူး၊ မင်းတို့ကို နာရီဝက်အချိန်ပေးမယ်. . အချိန်စေ့လို့ ငါလိုချင်တာကိုမရဘူးဆိုရင်. . ကျည်ဆံ(၃)တောင့်လောက်ပဲ ကုန်သွားမှာပါ၊ စဉ်းစားကြပါ. . ပေတလူ"

"ဗျာ. . ဆရာ"

"အပြင်အခြေအနေကို ထွက်ကြည့်စမ်း"

"ဟုတ်ကဲ့ ဆရာ"

ပေတလူ အပြင်ကိုထွက်ချိန်တွင်. . .

"ဟာ. . မင်း. . မင်း. . . ."

"ဖြောင်း. . အိ"

ဘန်ဒေါင်း၏ လက်ဝါးစောင်းအောက်တွင် ပေတလူ ခွေကျသွားသည်။

ဘန်ဒေါင်း အိမ်ကြီးထဲသို့တစ်ချက်အကဲခတ်ပြီး. . . ဘယ်လိုလှုပ်ရှားရမလဲဆိုတာကို စဉ်းစားကာ. . အိမ်ကြီး





နောက်ဘက်သို့သွားခဲ့သည်။

အသင့်ဖွင့်ထားသည့် ပြတင်းပေါက်တံခါးပေါ် ကျော်တက်ပြီး ဝင်လိုက်သည်။ ဘန်ဒေါင်း ဝင်လိုက်သောအခန်းမှာ ဦးမိုးကောင်း ကျောပေးထားသောနေရာနှင့် အနီးကပ်ဆုံး အခန်းပင်ဖြစ်သည်။

"စဉ်းစားထားနော်. . အချိန်က သိပ်စကားပြောတယ်"

အိမ်ကြီးထဲတွင် ဦးမိုးကောင်းအပါအဝင် စုစုပေါင်း (၅)ယောက်၊ ဘန်ဒေါင်းဝင်ပြီးတိုက်ခိုက်ဖို့မလွယ်ပေ. . ပြီးတော့ လက်နက်ကိုယ်စီရှိနေကြသည်။

"ဆရာ. . ဆရာ"

"ဘာလဲ. . နက်ကျော်"

"ဟို. . ဟို. . ပေတလူနဲ့ စံအောင်ပျောက်နေတယ်"

"ဘာကွ. . ."

ဦးမိုးကောင်း ခါးကြားမှ သေနတ်ကိုထုတ်ပြီး. . .

"အမြန်ရှာကြစမ်း. . ဟိုကောင်မလာစမ်း"

"အမေ့. . ."

နတ်ပန်းခင်ကို ဦးမိုးကောင်းဆွဲပြီး သေနတ်နှင့်တေ့ထား. . .

"ဘယ်သူပါသေးလဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မျက်လုံးမပါဘူးလား"

"မင်းတော့ သေတော့မှာပဲ"

ဘန်ဒေါင်းအတွက် အခွင့်အရေးတစ်ခုကို ရသွားလေပြီ. . ဦးမိုးကောင်းလူတွေ အပြင်တို့(၂)ယောက်ထွက်သွားသောကြောင့် . . ဝင်ပြီးရင်ဆိုင်မည်ဆိုလျှင် ရနိုင်လေပြီ။

"ဘယ်သူပါသေးလဲ. . ပြောစမ်းကွာ"

"ကျုပ်ပါတယ်. . ဒီမှာ"

"ဟာ. ."

"ဖြောင်း"

"ဒုတ်"

"အိ"

လွင်မောင်ကလည်း ခပ်သွက်သွက် ရှေ့ကနှစ်ကောင်ကို ကန်ချလိုက်သလို ဘန်ဒေါင်းက ဦးမိုးကောင်းကို အမှတ်မထင် ဝင်တိုက်ခိုက်ကာ သေနတ်ကို ကောက်ယူလိုက်သည်။

"ကဲ. . ဦးမိုးကောင်း. . သေနတ်က အစစ်ဖြစ်မှာပါခင်ဗျားယူလာတာပဲ"

"မင်း. . မင်း. . ဘာလုပ်ချင်လဲ"

"ဘာလုပ်ရမလဲဆိုတာကို ကျုပ်မဆုံးဖြတ်ဘူး. . သက်ဆိုင်ရာက ဆုံးဖြတ်မှာ"





"ဆရာ"

ဦးမိုးကောင်းတပည့်တွေပြန်ရောက်ပေမယ့် နောက်ကျနေလေပြီ. . .

"ကဲ. . မင်းတို့လည်း မင်းတို့ဆရာနဲ့အတူတူ လိုက်သွားကြပေါ့ကွာ. ."

ဦးကျော်ဇံထိုက် သက်ဆိုင်ရာကို ဖုန်းဆက်နေလေပြီ။

"ဒိုင်း"

"အား. . ."

မိုးကောင်းတပည့်နှစ်ယောက်က လှမ်းပစ်သောကြောင့် ဦးမိုးကောင်းကို ထိမှန်သွားသည်။

"ပြေး. . ပြေး"

အခြေအနေကို သဘောပေါက်ပြီး ပြေးကြလေသည်။ သိပ်မကြာ ရဲတပ်ဖွဲ့ဝင်များရောက်လာပြီး ဦးမိုးကောင်းကို ဆေးရုံသို့ ဖမ်းဆီးခေါ်ဆောင်သွားသည်။ ထို့အပြင် ဦးမိုးကောင်းတပည့်(၃)ယောက်ကိုပါ ဖမ်းဆီးနိုင်ပြီး (၂)ယောက်ကတော့ လွတ်မြောက်သွားခဲ့လေသည်။

အားလုံး ပြန်သွားပြီးနောက်. . .

"သမီးတို့ကို ကျေးဇူးတင်ပါတယ်ကွယ်"

"ရပါတယ် အန်ကယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုးကောင်းကတော့ သူမိုက်ဇာတ်နဲ့သူသိမ်းသွားပြီ ငါ့သမီးအတွက် သူ့အလုပ်တစ်ခု လျှော့သွားတာပေါ့ကွာ. . ဒါနဲ့ သမီးခရီးထွက်ဖို့ ပြင်ပြီးပြီလား. . ."

"ဟုတ်ကဲ့. . အန်ကယ်ဘက်က မြေပုံကိုရရင်သွားဖို့ပဲရှိပါတော့တယ်"

"အေး. . ဒါဆို ခဏစောင့်"

ဦးကျော်ဇံထိုက်အပေါ် ထပ်သို့တက်သွားပြီး ပြန်ဆင်းလာသည်။ လက်ထဲမှာ စက္ကူလိပ်လေးကို ကိုင်တွယ်လျက်. .

"ဒီကောင်တွေ တစ်အိမ်လုံးကို မွှေနှောက်ပြီးရှာတာပဲ. . တွေ့မသွားဘူး၊ ဘယ်တွေ့မလဲ. . ဒီကောင်တွေ မတွေ့နိုင်တဲ့ဘုရားစင်ရဲ့မျက်နှာကြက်ထဲမှာ ထည့်ထားတာ၊ ကဲ. . ရော့. . သမီး. . ပထမတော့ အကြမ်းဆွဲခဲ့တာ. . ရန်ကုန်ရောက်မှ နောက်တစ်ခါပြန်ပြီး လုပ်ထားတာ. . ."

မြေပုံစာရွက်ကိုဖြန့်ပြီး ကြည့်လိုက်ကြသည်။

"အန်ကယ်"

"ဘာများလဲ သမီး"

"ဒီမြေပုံကို အန်ကယ်တစ်ယောက်တည်းပဲ သိတာလား"

"နောက်တစ်ယောက်ရှိသေးတယ်"





"ဟင်. . ဘယ်သူလဲ"

"နိုင်ကျင်မောင်. . သူကတော့ သေသွားပါပြီ. . သူ့ဆီမှာလည်း အန်ကယ့်လိုပဲ မြေပုံတစ်ခုရှိခဲ့တယ်"

"ဪ. . ."

"အန်ကယ် ကိုယ်တိုင်လိုက်ချင်ပါတယ်. . ဒါပေမယ့် အသက်အရွယ်နဲ့ကျန်းမာရေးက မကောင်းတော့ဘူးလေ"

"အန်ကယ့်ကိုယ်စား သမီးကြိုးစားပြီး ဖော်ထုတ်ခဲ့မှာပါ"

"သမီးကြိုးစားမှုအောင်မြင်မှာပါ. . တစ်ခုတော့ အန်ကယ်သတိပေးချင်တယ် သမီး. . ခုသမီးတို့သွားမယ့်ခရီးဟာ သဘာဝအန္တရာယ်က အရမ်းကို ကြောက်ဖို့ကောင်းတယ်နော်"

"ဟုတ်ကဲ့. . သမီးတို့ သတိရှိစွာနဲ့ သွားကြမှာပါ"

ဦးကျော်ဇံထိုက်ကို နှုတ်ဆက်ပြီး ထွက်လာခဲ့ကြသည်။

"ငါတို့ ဘယ်ကိုခရီးဆက်မလဲ"

"ဆရာဦးထွန်းလူဆီကို သွားရမယ်"

"ဒါဆို. . နင်တို့ရုံးချုပ်ကို မောင်းရမှာပေါ့"

"ဟုတ်တယ် လွင်မောင်. . ."

ဆရာဦးထွန်းလူဆီမှ လိုအပ်သည့် အကြံဉာဏ်များ



www.burmeseclassic.com

www.burmeseclassic.com



ကို ခရီးထွက်ဖို့ကို လုပ်ဆောင်ကြရမှာဖြစ်သည်။

ဆရာဦးထွန်းလူ ရုံးခန်းတွင်. . .

"သမီးတို့သွားမယ့်ခရီးမှာ လူအင်အားများဖို့ လိုတယ်ဘာကြောင့်လဲဆိုတော့ မြေပုံထဲကအတိုင်းဆိုရင် သာမန်ခရီးထက်ကြမ်းမယ့်နေရာဖြစ်နေတယ်. . ဆရာတော့ မရောက်ဖူးဘူး. . ခုပြောတဲ့ တောင်တွေ. . ရေခဲပြင်အမည်တွေအရဆိုရင် ရှောက်ဖူးခဲ့တဲ့ ဘူမိဗေဒပညာရှင်ဦးမင်းမော်ပြောမှုတာကတော့ ရာသီဥတုအရမ်းဆိုးဝါးတဲ့ ဒေသတစ်ခုပဲ. . ဒီနယ်တစ်ဝိုက်မှာ လူတွေနေထိုင်မှုတောင် မပြုလုပ်ကြဘူး. . အင်း. . ငါတပည့် သွားရမယ့်ခရီးက ရင်လေးစရာပဲကွယ်"

"ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် သမီးရောက်အောင်သွားမှာပါ. . အဓိက သမီးမှာ အခက်အခဲရှိနေတာ လမ်းပြတစ်ဦးပါပဲ"

"လမ်းပြအတွက် ဆရာဦးမင်းမော်. . သမီးတို့ကို ကူညီမှာပါ. . ဟော. . ဟိုမှာလာနေပါပြီ"

"ဩော်. . သမီးတောင်ရောက်နေမှကို ဘယ်လိုလဲခရီးထွက်ဖို့အသင့်ဖြစ်ပြီလား"

"ဦးမင်းမော်ရေ. . ခရီးထွက်ဖို့ အသင့်ပဲ လမ်းပြလိုနေတယ်. . ပြီးတော့ သူတို့သွားမယ့်နေရာက ခင်ဗျားတစ်ခါသွား





ခဲ့တဲ့နေရာပဲ"

"ဟို. . မရဏရေခဲပြင်လား"

"ဟုတ်တယ်"

"ဟာ. . ကလေးတွေဖြစ်ပါ့မလား. . တကယ် ဆိုးဝါးတဲ့ နေရာနော်"

"သမီးတို့ဆုံးဖြတ်ပြီးပါပြီ"

"အင်းလေ. . သမီးတို့ဆုံးဖြတ်ပြီးပြီဆိုရင်တော့ အန်ကယ့်ဘက်က ကူညီပေးရမှာပေါ့. . လမ်းပြအတွက် အန်ကယ်စာရေးပေးလိုက်မယ်. . လူတစ်ယောက်ဆီကို သွားပြီးတွေ့လိုက်ပါ. . ကချင်လူမျိုး. . သူ့နာမည်က ခေါ်မှူးရာ"

"ခေါ်မှူးရာ. . ခေါ်မှူးရာ"

★



www.burmeseclassic.com

www.burmeseclassic.com

ခေါ်မှုးရာက ရေခဲပြင်ကြီး၏ မုဆိုးတစ်ဦး..ရေ
ပြင်တွင် ကျက်စားသော သားကောင်များကို ရှာဖွေ
သောက်ရောင်းချနေသူတစ်ဦးဆိုလျှင်မမှား..သူ့အဝတ်
တွယ်တာစရာဆို၍ မုဆိုးမမိခင်ကြီးတစ်ဦးသာရှိသည်။

"ခေါ်မှုးရာ..ခေါ်မှုးရာ"

"ဘာလဲ..ပလိုင်အော"

"မင်း အမေ..မူးပြီးလဲလို့"

"ဟင်"

စမ်းချောင်းတစ်ခုတွင်သားကောင်တွေကို စောင့်
စဉ်..သူငယ်ချင်းဖြစ်သူ ပလိုင်အော ခေါ်သံကြောင့် အ
ကလေးပြန်ခဲ့သည်။

"ခေါ်မှုးရာ..မင်းလည်း ဒီအမေကြောင့် စိတ်
နေရပြီကွာ"

"ဟုတ်တယ် ပလိုင်အော..ငါတို့ရွာမှာက ဆေး





ဆေးဝါးနဲ့ဒေါက်တာတွေမရှိတော့ ခက်တယ်ကွာ..ဟို ဆေး
ဆရာဆိုတာကလည်း ပယောဂဆရာလိုလို ဘာလိုလိုနဲ့ထိထိ
ရောက်ရောက်မရှိပါဘူး"

"မြို့ကို တက်ပြီးပြပေါ့ကွာ"

"ပလိုင်အောရာ..မြို့မှာ ဆေးသွားကုတယ်ဆိုတာ
လွယ်တာမဟုတ်ဘူးကွ..ငွေများများရှိမှဖြစ်တာ..ငါရတဲ့
သားကောင်က ထမင်းမငတ်ရုံလောက်ပဲရှိတာ"

ခေါ်မှုးရာတို့အိမ်ကလေးဆီကို ပြန်ရောက်တော့
အမေသတိပြန်ရနေလေပြီ...

"အမေ..."

"လူလေး"

"ဘယ်လိုနေသေးလဲ အမေ"

"အင်း..ခုတော့ နည်းနည်းလေး အသက်ရှူလို့ရပါ
ပြီ..ဘာမှမဖြစ်တော့ပါဘူး.."

အမေဖြစ်သူက ခေါ်မှုးရာ စိတ်မကောင်းဖြစ်မည်စိုး
၍ ဟန်ဆောင်အားတင်းပြီးပြောနေပေမယ့် ရောဂါဝေဒနာကို
ပြင်းပြင်းထန်ထန်ခံစားနေရသည်ကို ခေါ်မှုးရာ သိနေလေ
သည်။ ဆေးဆရာပေးခဲ့သော ဆေးတွေက အမေရောဂါကို
ပျောက်ကင်းနိုင်မည်မဟုတ်...

www.burmeseclassic.com



"ဟူး"

ခေါ်မှုံးရာ အမေ့လက်ကလေးကို ကိုင်တွယ်ကာ ထရံကို မှီလိုက်လေတော့သည်။

"ခေါ်မှုံးရာ"

"ဟေ.. ဘာလဲ ပလိုင်အော"

"မင်းကို ဧည့်သည်တွေက တွေ့ချင်လို့တဲ့"

"ဟင်"

သူ့ဆီကို အမဲလာဝယ်သူတွေဟုပဲ ထင်လိုက်သည်။ လောလောဆယ်သူ့မှာ ရောင်းစရာ အမဲမရှိသေးချေ.. ဒါ ◌မယ့် ကြိုတင်ငွေရရင်တော့ အမေ့အတွက် မြို့ကို ဆေးလှမ်း ◌ မှာ၍ ရနိုင်သည်။

အိမ်ထဲသို့ ဝင်လာသော မိန်းကလေးနှစ်ဦးနှင့် ယောက်ျားလေးနှစ်ဦးကို တွေ့လိုက်ရသဖြင့် နေရာထိုင်ခင်း ပေးလိုက်သည်။

"အမဲ ဝယ်မလို့လား..."

"မဟုတ်ပါဘူး.. လမ်းပြငှားချင်လို့"

"ဗျာ..."

ခုချိန်မှာ သူ့အမေနားမှခွာပြီး ဘယ်မှမသွားချင်ပေ။

"ဒါဆိုရင်တော့ တခြားတစ်ယောက်ကိုရှာပါ.. ကျုပ်လိုက်နိုင်မှာမဟုတ်ဘူး.. စိတ်မကောင်းပါဘူး"





"ရှင်.. ဘာကြောင့် မလိုက်နိုင်ရတာလဲ.. ရှေ့ ဆရာ ဦးမင်းမော်က စာရေးပေးလိုက်ပါတယ်"

"ဆရာ ဦးမင်းမော်"

ဆရာဦးမင်းမော်သည် သူ့ကိုတစ်ချိန်က လမ်းပြငှားခဲ့ ဘူးသူဆိုပေမယ့်.. အမေ့အသက်ကို ကယ်တင်ခဲ့သူလည်း ဖြစ်သည်။ ဒီတုန်းကအမေသည် အိပ်ယာထဲမှာလဲပြီး.. ရေ တောင်မဝင်တော့သည့်အချိန်.. ဆရာဦးမင်းမော်နှင့် ပါလာ သောဆရာဝန်ကြီးက အမေ့ကိုဆေးကုသပေးခဲ့၍ အမေ အသက်ခုထိရှည်နေရခြင်းပင်ဖြစ်သည်။

"ခေါ်မှုံးရာ..."

"ခု.. မင်းဆီကို ရောက်လာတဲ့သူတွေက ဆရာ့ရဲ့ တပည့်အရင်းတွေဖြစ်သလို သူတို့ဟာတိုင်းပြည် အတွက် အကျိုးရှိစေမယ့် လုပ်ငန်းတစ်ခုကို လုပ် ဆောင်ကြဖို့ရောက် လာကြတာ.. ခေါ်မှုံးရာ ကူညီ ပေးလိုက်ပါ"

"ဦးမင်းမော်"

ခေါ်မှုံးရာ စာရွက်ကိုဆုပ်ကိုင်ပြီး၊ ငေးငိုင်သွားလေ သည်။ အမေ့မျက်နှာကို ရိုဝေစွာဖြင့် လှမ်းကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"လူလေး..."

"အမေ..."

"ဧည့်သည်တွေကို ကူညီပေးလိုက်ပါကွယ်..အမေ [illegible] ငါ့သားပြန်ရောက်တဲ့အထိ အသက်ရှင်နေပါ့မယ်"

"အမေ..."

"ဒီက ဒေါ်လေးက နေမကောင်းဘူးလား"

"ဟုတ်တယ်..ကျုပ်အမေက နာတာရှည်ရောဂါ [illegible] သည်..ခုတလောရောဂါက အရမ်းကိုဆိုးနေလို့ ကျုပ်အမေ [illegible] နားက ခွာမသွားချင်တာ"

"ကျွန်မတို့အဖွဲ့မှာ ဆရာဝန်ပါတယ်..ပြကြည့် [illegible] လား"

"ကောင်းတာပေါ့ဗျာ"

"ဘန်ဒေါင်းရေ..ဒေါက်တာတိုမိုးထွန်းကို သွားခေါ် [illegible] လိုက်ဟာ"

"အေး..."

ဘန်ဒေါင်းထွက်သွားပြီး သိပ်မကြာ..ဒေါက်တာ [illegible] မိုးထွန်းရောက်လာပြီး ခေါ်မှုးရာမိခင်ကို စမ်းသပ်လေသည်

"ဒေါက်တာ..ဘယ်လိုလဲ"

"အင်း..နှလုံးပေါက်ကျဉ်းပြီး အားနည်းနေတာပါ..





လောလောဆယ်တော့ ဆေးထိုးဆေးစားလုပ်ရင်းနဲ့ကုရင် ပျောက်နိုင်ပါတယ်..အနည်းဆုံး(၃)ရက်လောက် ဆေးပုံမှန် ထိုးရင် ရောဂါတစ်ဝက်လောက် ကောင်းမွန်လာနိုင်တယ်"

"ဒါဆိုလည်း ဒေါက်တာ..ခေါ်မှုးရာမိခင်ကြီးကို ဆေးအရင်ကုပြီးမှ ခရီးဆက်ကြတာပေါ့"

"အင်း..ကောင်းသားပဲ"

"ဘယ်လိုလဲ..ခေါ်မှုးရာ ရှင်လိုက်ပေးနိုင်မလား"

"ကျုပ်လိုက်ပေးမှာပါ"

"ကျေးဇူးတင်ပါတယ်"

"ကျုပ်ကလည်း ကျေးဇူးတင်ပါတယ်ဗျာ..ဒါနဲ့ ခင်ဗျားတို့ ဘယ်မှာတည်းကြလဲ"

"လောလောဆယ်တော့ ကားပေါ်မှာပဲရှိသေးတယ်"

"ပလိုင်အော..."

"ဟေ..ခေါ်မှုးရာ"

"ဧည့်သည်တွေကို ဘုရားကျောင်းမှာနေဖို့ စီစဉ်ပေးလိုက်ကွာ..ငါ ခုလိုက်ခဲ့မယ်"

"အေး..အေး"

ပလိုင်အောနှင့် လွင်မောင်တို့အဖွဲ့ပါသွားပြီး... ခေါ်မှုးရာနှင့်နတ်ပန်းခင်၊ အိစံ၊ ဘန်ဒေါင်း၊ ဒေါက်တာမိုးထွန်း



www.burmeseclassic.com

www.burmeseclassic.com



တို့က နောက်မှလိုက်ခဲ့ကြသည်။

"မနက်တည်းက နေကိုမမြင်ရသေးဘူး"

"ကျုပ်တို့ ဒီဒေသမှာ . . နေကိုတစ်ရက်ခြားလောက်မှ တွေ့ရမှာ ခုလိုဆီးနှင်းကျတဲ့ကာလဆိုရင် တစ်ပတ်လောက်မှ နေကိုတွေ့ရတာ"

"ညဆိုရင် အရမ်းအေးမှာပေါ့"

"ဘယ်လောက်အေးသလဲဆိုတာ ညရောက်တဲ့အခါကျရင်သိလာမှာပါ"

နတ်ပန်းခင် ခေါ်မှုးရာကို အနီးကပ်အကဲခတ်မိသည်။

အသက်အရွယ်က သူတို့နှင့်သိပ်ပြီးမကွာလှပေမယ့် ရှည်လျားသောဆံပင်ကို နောက်မှစည်းထားပြီး . . ပါးသိုင်းမွေးသုံ့သုံ့နှင့် တကယ့်မုဆိုးတစ်ဦးလိုပင် . . ခေါ်မှုးရာရုပ်ရည်မှာ လူချောတစ်ယောက်ပင်ဖြစ်သည်။



နတ်ပန်းခင်တို့အဖွဲ့သားအားလုံးက (၇)ယောက် . . လူအင်အားအများကြီးကို ခေါ်ခဲ့ချင်ပေမယ့် . . ခရီးမှာသေချာမှုမရှိသေးသည့်အပြင် အန္တရာယ်တစ်ခုက ရှိနေသေးသည်။

ဦးမိုးကောင်းမက်မောခဲ့သလို ရတနာများရှိနေပါက လောဘနောက်ကိုလိုက်ပြီး အသက်ကို ရန်ရှာနိုင်သည်။ ဒါကြောင့် စိတ်ချရဆုံးလူကိုသာ ခေါ်ခဲ့ခြင်းဖြစ်သည်။

"ဟီး . . အီး . . အီး"

အားလုံးစောင်တွေခြုံထားပြီး၊ ယူကလစ်သစ်တုံးများကို မီးဖိုပြီးဝိုင်းထိုင်နေတာတောင် အအေးက မပြယ်သေးပေ။

"ဝေါ် . . ."

"ဟင် . . ."

"ဘာသံတွေလဲ"

"လေတိုက်သံတွေပေါ့ကွာ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကြားရတဲ့အသံနဲ့တောင် ကြောက်စရာကောင်းလိုက်တာ"

"ဘာလဲ. . အိစံ ကြောက်နေပြီလား"

"နတ်ပန်းရေ. . ရောက်လာမှတော့ ကြောက်လို့လည်း မရတော့ဘူး၊ ဒါနဲ့. . နင့်လူကမလာသေးပါလား. . ငါတို့ကို ဒီဘုရားကျောင်းထဲမှာ ပစ်ထားတယ်. . ဗိုက်ကလည်း ဆာတယ်ဟာ"

နတ်ပန်းခင်တို့ ရိက္ခာကို တစ်ခါတည်းမစီစဉ်ခဲ့ပေ။ ဒီရောက်မှ စီစဉ်၍ရသည်ဟု. . ဆရာဦးမင်းမော်ကပြောသဖြင့် ဘာမှမပါခဲ့ကြ. . အဆာပြေစားသောက်စရာ ကိတ်မုန့်နဲ့ကော်ဖီသာပါခဲ့ကြသည်။

"ဘန်ဒေါင်း. . ."

"ဘာလဲ. . အိစံ"

"ကားထဲက စားစရာတွေသွားယူဟာ. . စားကြရအောင်. . ဟိုလူတွေက ဘယ်တော့မှလာမှာလည်းမသိတာ"

ခေါ်မှူးရာကို ညနေစာအပြင် ဒီမှာနေကြရမည့်(၃)ရက်အတွက် စားနိုင်ဖို့ကိစ္စပါ ပြောထားတာကြောင့်. . ခေါ်မှူးရာစီစဉ်ပေးမှာဖြစ်သည်။

"အေး. . အေး"





ဘန်ဒေါင်းတံခါးကို ဖွင့်ပြီးအပြင်ကိုထွက်မည်အပြု. .

"ဟာ. . ."

"ဂျိုင်း. . ."

တံခါးကို အမြန်ပြန်ပြီးပိတ်လိုက်သည်။

"ဘာဖြစ်တာလဲ. . ဘန်ဒေါင်း"

"မလွယ်ဘူးဟေ့. . အပြင်မှာ ဘာမှမမြင်ရဘူး၊ အေးလိုက်တာမှ ရေခဲတုံးကိုဖက်ထားရသလိုပဲ"

"အိစံရယ်. . ခဏလောက်သည်းခံပါ၊ အပြင်ရာသီဥတုက ဘာမှန်းကိုယ်က သိတာမဟုတ်ဘူး"

ဘန်ဒေါင်း. . အိစံဘေးတွင်ပြန်ပြီး ထိုင်နေလေသည်။

"ဒေါက်. . ဒေါက်"

တံခါးခေါက်သံကြောင့် လွင်မောင်သွားပြီးဖွင့်ပေးလိုက်သည်။

"ဆာနေကြပြီလား. . ."

"ခေါ်မှူးရာ"

ခေါ်မှူးရာနှင့် ပလိုင်အော. . ချိုင့်ကြီးများနှင့် ထမင်းအိုးများကိုကိုင်ပြီးဝင်လာကြသည်။ သူတို့နှစ်ယောက်ကို ကြည့်ရတာ မချမ်းသလိုပင်. . .

"ခေါ်မှူးရာ ရှင်တို့နှစ်ယောက်မချမ်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့က ဒီအအေးဒဏ်ကို မွေးကတည်းက ကြုံလာရတာရိုးနေပြီ. . ကဲစားကြ ကျုပ်နဲ့ပလိုင်အော ရေနွေးကျိုဦးမယ်. . ရေအေးတော့ မသောက်နဲ့ ပိုပြီးအေးမယ်၊ သောက်လို့ရမှာမဟုတ်ဘူး"

"ဘာ. . ဘာဖြစ်လို့လဲ"

"သွားတွေကျင်ပြီး ဘာမှစားနိုင်မှာတောင် မဟုတ်ဘူး"

ခေါ်မှူးရာတို့ချထားပေးသော စားစရာများကိုစားကြရင်း. . အလွန်ပင်စားကောင်းခဲ့ကြသည်။

"ခေါ်မှူးရာ. . ."

"ဘာလဲ. . နတ်ပန်းခင်"

"ရှင့်ဟင်းက အရမ်းကောင်းတာပဲ. . ဘာဟင်းလဲ"

"ခင်ဗျားတို့ကံကောင်းတာ. . ဒါ နှင်းငှက်တွေ မြို့မှာဆိုရင်. . ဘဲလိုကောင်မျိုးပေါ့ဗျာ. . ကျုပ်တို့ဆီမှာ နှင်းငှက်လို့ခေါ်တယ်"

"ရှင်ဖမ်းတာလား"

"ဒီရွာမှာ. . ဒီနှင်းငှက်ကို ဖမ်းနိုင်တာ ခေါ်မှူးရာတစ်ယောက်ပဲရှိတယ်ဗျ. . သိပ်လျင်တယ်"

ပလိုင်အောကဝင်ပြီး ပြောသည်ကို. . ခေါ်မှူးရာ ဘာ





မှမပြောဘဲ မြေအိုးကြီးနဲ့ရေနွေးကျိုနေလေသည်။

"ဝေါ. . ဝေါ. . ဝေါ"

အပြင်တွင်ကြားနေရသော လေသံကြီးက ကမ္ဘာပျက်မတတ်. . .

"ဒီလေတွေက ညတိုင်းတိုက်တာပဲလား. . ."

"ညတိုင်းတော့မဟုတ်ပါဘူး. . ခုလိုရာသီမှာ ဆီးနှင်းမုန်တိုင်းရှိလို့တိုက်တာပါ"

"လူတွေရော. . အန္တရာယ်မရောက်ဘူးလား"

"ကျုပ်တို့ရွာက ဒီမုန်တိုင်းဒဏ်ကို ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားကြတာဆိုတော့ ဘာမှမဖြစ်ကြတော့ပါဘူး. . မနက်ကျမှ အိမ်ကလူတွေအပြင်ကိုထွက်ပြီး လမ်းရှင်းရတာပေါ့"

"ဆီးနှင်းတွေ ဖုံးနေလို့လား"

"ဟုတ်တယ်. . ခုပုံဆိုရင် ကျုပ်တို့ဒူးလောက်ထိဖုံးသိမ့်မယ်"

"ဟယ်. . ဒါဆို အပြင်ဘယ်လိုထွက်မလဲ"

အိစံ. . စိုးရိမ်တကြီးမေးသည်။

"နေထွက်လာရင်. . ပျော်သွားမှာပါ"

နတ်ပန်းခင်တို့ ရောက်နေသောနေရာလေး၏ သဘာ



www.burmeseclassic.com

www.burmeseclassic.com



ဝတရားကိုတွေးပြီး ကျောတောင်စိမ့်မိလေသည်။

ဒီနေရာမှာ ဒီလောက်ဖြစ်နေရင် သူတို့သွားရမယ့် ခရီးမှာဆို ဘယ်လောက်ထိဆိုးဆိုးဝါးဝါးကြုံရမလဲ မသိပေ။

"ခင်ဗျားတို့ကို အံ့သြတယ်"

"ရှင်. . ဘာဖြစ်လို့လဲ ခေါ်မှူးရာ"

"ခင်ဗျားတို့ ပြောတဲ့နေရာကို ယောက်ျားသားကြီးတွေ သွားရင်တောင် တော်တော်လေးကိုခံနိုင်ရည်ရှိမှ. . သွားလို့ရမှာ. . ခင်ဗျားတို့မိန်းမသားနှစ်ဦးက သွားမယ်ဆိုလို့ပါ"

"ဒါကတော့ ရှင်တို့လိုပဲ ခံနိုင်ရည်သတ္တိတွေမွေးရမှာပေါ့"

"ကျုပ်က. . ဆရာဦးမင်းမော်ကြောင့်ရယ်. . ကျုပ်မိခင်ကြီးကို ဆေးကုပေးလို့သာ လိုက်ခဲ့ရမှာ. . မိန်းကလေးတွေနဲ့ ခုခရီးကိုမသွားချင်ဘူးဗျာ. . အရမ်းကိုခရီးက ကြမ်းမှာ"

"ဘယ်လိုပဲဖြစ်ဖြစ် ရအောင်သွားရမှာပဲ ခေါ်မှူးရာ၊ ကျွန်မက သဲကန္တာရလိုနေရာမျိုးကိုတော့ သွားခဲ့ဘူးတယ်. . ခုလိုရေခဲပြင်ခရီးကတော့ မသွားဘူးပါဘူး၊ စိတ်ဓာတ်ပိုင်းကတော့ ဘယ်တော့မှကျမသွားပါဘူး"

"အင်း. . ခင်ဗျားစိတ်ဓာတ်သိပ်ပြီး မာနေတော့လည်း သွားကြရမှာပေါ့ဗျာ. . ကျုပ်နဲ့အတူ ပလိုင်အောကိုခေါ်ခဲ့ချင်





တယ်"

"ရပါတယ် ခေါ်မှူးရာ"

"ခရီးကိုတော့ ဒီနှင်းမုန်တိုင်းစဲမှပဲ စပြီးထွက်ကြမယ်"

"ရှင် ကောင်းသလိုစီစဉ်ပါ"

"ဘယ်နှစ်ရက်လောက်သွားရမလဲ"

"ရာသီဥတုပေါ် မူတည်ပြီး. . သွားရမှာဆိုတော့. . အတိအကျတော့ ပြောလို့မရဘူး"

"ကဲ. . ခင်ဗျားတို့အိပ်ကြဦး. . ကျုပ်တို့ပြန်မယ်၊ မနက်ကျမှ ပလိုင်အောလာပြီးခေါ်လိမ့်မယ်. . ရွာမှာနေစဉ်ကာလလေးမှာ ချမ်းသာသလိုနေကြပါ"

"ကောင်းပြီ. . ခေါ်မှူးရာ"

ပလိုင်အောနဲ့ ခေါ်မှူးရာအပြင်သို့ပြန်ပြီးထွက်သွားကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ညလုံး အအေးဒဏ်ကြောင့် အားလုံးအိပ်မပျော် နိုင်ကြဘဲ. . မနက်နီးလောက်မှ အိပ်ပျော်ခဲ့ကြလေသည်။

နတ်ပန်းခင်တို့ အိပ်ရာထတော့ (၉း၀၀)နာရီပင် ထိုး နေလေပြီ. . .

"ဟယ်. . အိစံ. . ထ. . ထ"

သူဘေးတွင် အိပ်နေသောအိစံကို လှုပ်နှိုးလိုက်မှ. . အခန်းထဲတွင် တန်းစီပြီးအိပ်နေကြသော အဖွဲ့သားအားလုံး နိုးခဲ့ကြသည်။

"ဒေါက်တာကိုမျိုးထွန်းရော မတွေ့ပါလား"

ဒေါက်တာမျိုးထွန်းနေရာတွင် စောင်ခေါက်လေးကို သာတွေ့လိုက်ရသည်။

"ဒွိ"

အပြင်မှ အလင်းရောင်က အခန်းကျယ်ကြီးထဲ





တန်းဝင်လာပြီး. . ဒေါက်တာမျိုးထွန်းနှင့် ခေါ်မှူးရာ၊ ပလိုင်အောတို့ဝင်လာသည်။

"အားလုံးနိုးကြပြီလား"

"ဟုတ်ကဲ့"

"မျက်နှာသစ်ဖို့ ဓာတ်ဘူးတွေထဲမှာ ရေနွေးတွေရှိ တယ်၊ ရေအေးနဲ့စပ်ပြီးသစ်ကြပါ. . ပြီးရင် တစ်ခုခုစားရ အောင်"

ခေါ်မှူးရာ. . ပလိုင်အော ယူလာသောဓာတ်ဘူးထဲမှ ရေနွေးပူနှင့် ရေအေးတို့ ရောစပ်ပြီးမျက်နှာသစ်တာတောင်. . အအေးဓာတ်ကရှိနေဆဲ. . .

"စောစောပိုင်းက. . ကျုပ် တစ်ခေါက်ရောက်ခဲ့တယ်၊ အားလုံးအိပ်နေကြတာနဲ့ မနှိုးခဲ့တာ. . ဒေါက်တာကတော့ နိုးနေတာနဲ့ ကျုပ်တို့နဲ့အတူလိုက်ပြီး အမေ့ကိုဆေးလိုက်ထိုး ပေးတာပါ"

အားလုံးကိုယ်လက်တွေ ဆေးကြောပြီးသွားပြီဖြစ်၍ အပြင်သို့ ထွက်လာခဲ့ကြစဉ်. . ဆီးနှင်းတွေပိတ်ဖုံးနေသော လမ်းမထဲမှ ရှန်းကန်လျှောက်ခဲ့ကြရသည်။ ခြေထောက်တွေ က ကြာကြာတော့မလှမ်းနိုင်ပေ. . အေးစက်ပြီး ကျင်ထုံလာ နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မျူးရာ ခေါ်ဆောင်လာသည့် အိမ်ကလေးပေါ်ရောက်မှ သက်သာရာရတော့သည်။

"ကဲ. . သုံးဆောင်ကြပါ"

ပန်းကန်ပြားကြီးထဲတွင် ပူပူနွေးနွေးထည့်ထားသော ကောက်ညှင်းပေါင်းများကို တွေ့နေရပေမယ့်. . နတ်ပန်းခင်တို့စားခဲ့ဘူးသော ကောက်ညှင်းပေါင်းနှင့်မတူချေ။

"ဒါက ရှမ်းကောက်ညှင်းလို့ပဲခေါ်မှာပေါ့. . စားကြည့်ပါဦး"

"အင်း. . စားလို့ကောင်းတယ်"

ကောက်ညှင်းကို ဘယ်လိုပေါင်းထားလဲ မသိပေ. . အလွန်ပင်ခံတွင်းတွေ့လှသည်။ စားသောက်ပြီးသည်နှင့်. . .

"နတ်ပန်းခင်တို့မှာ ခရီးသွားဖို့ပစ္စည်းတွေ အရမ်းကိုလိုအပ်နေတယ်. . ."

"ရှင်. . ဘာတွေလိုအပ်လဲ ခေါ်မျူးရာ"

"ပထမဦးဆုံးလိုအပ်တာက စီးရမယ့်ဖိနပ်တွေ"

"ဟင်. . ဟုတ်လား"

ခုလောလောဆယ် ကြုံတွေ့လိုက်ရသောအတွေ့အကြုံက နတ်ပန်းခင်တို့မှာ ဆီးနှင်းတွေကိုကာကွယ်နိုင်သည့် ဖိနပ်မပါခဲ့သေးချေ။





"ခေါ်မျူးရာ ဘယ်လိုဖိနပ်မျိုးကို ဝယ်ရမလဲ"

"ကြိုးစည်းဖိနပ်တွေကို ဝယ်ကြရမယ်၊ ပလိုင်အောနဲ့ဝယ်ခိုင်းရမှာပဲ"

"နောက်ဘာတွေ လိုအပ်သေးလဲ. . လိုအပ်တာတွေအားလုံးကိုပြောပါ. . ."

"ခေါင်းစွပ်. . ဦးထုပ်တွေ၊ လက်အိတ်နဲ့ ခေါင်အရက်တွေက မဖြစ်မနေလိုအပ်တယ်"

"ခေါင်အရက် ဟုတ်လား. . ."

"ဟုတ်တယ်. . ဒီအရက်က ခန္ဓာကိုယ်က သွေးတွေကို အရေးပေါ်လှုပ်ရှားစေနိုင်တယ်. . ရာသီဥတုက ဒီထက်ပိုပြီးအေးမယ်. . ပြီးတော့ မီးကျည်သေနတ်နဲ့ကျည်တွေကိုပါ သယ်ဆောင်ရမယ်"

"ဟင်. . ဒါတွေဘယ်မှာဝယ်ရမှာလဲ. . ဥပဒေနဲ့ မလွတ်ကင်းဘူးနဲ့တူတယ်"

"ဥပဒေနဲ့မကင်းဘူးဆိုပေမယ့်. . ဒီလက်နက်ကို မဆောင်သွားရင် လမ်းခရီးမှာအရမ်းကို ဒုက္ခတွေ့ရလိမ့်မယ်"

"နတ်ပန်းရယ်. . ငါတို့က ဒုစရိုက်ကျူးလွန်ဖို့မှ မဟုတ်တာ"

ဘန်ဒေါင်းကဝင်ပြီး ပြောသဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်နက်က. . ဘယ်မှာဝယ်လို့ရမှာလဲ"

"ရောင်းတဲ့သူ ရှိပါတယ်"

"ဒါဆိုရင်. . ခေါ်မှူးရာပဲ စီစဉ်လေ. . ဘာကျန်သေးလဲ. . ."

"ဒီလောက်ဆို ပြည့်စုံပါပြီ"

"ရိက္ခာအတွက်ရော. . ."

"အသားခြောက်နဲ့ ပေါ့ပေါ့ပါးပါးသယ်နိုင်မယ့်အစားအစာလောက်ပဲ သယ်ကြပါ. . ဟင်းစားကတော့ သွားရင်းလာရင်း ရှာကြတာပေါ့"

"ခုခရီးမှာ ခေါ်မှူးရာက ဦးဆောင်ပြီးသွားရမှာဆိုတော့. . ကောင်းမယ်ထင်သလိုစီစဉ်ပါ. . သွားမယ့်ရက်ကို သတ်မှတ်ပြီးပြီလား".

"ဒီည. . ကောင်းကင်ကိုကြည့်မယ်၊ မြောက်စူးစူးကြယ်စုတွေတွေ့ပြီဆိုရင် အားချင်းခရီးထွက်ဖို့ပြင်ကြတော့"

"မြောက်စူးစူးကြယ်စုဆိုတာ ဘာအဓိပ္ပါယ်လဲ ဟင်"

အိစံက မေးလေသည်။

"မြောက်စူးစူးကြယ်စုထွက်ပြီဆိုရင် ကျုပ်တို့လူမျိုးတွေရဲ့ အယူသဘောက ခရီးသွားကံကောင်းတယ်လို့ သတ်မှတ်တယ်လေ. . အယုံအကြည်မရှိရင်လည်းရပါတယ်"





"ယုံကြည်ပါတယ် မသိလို့မေးတာပါ"

"ပလိုင်အော မင်းပစ္စည်းတွေသွားဝယ်ရင် အယ်လာဆီကိုဝင်ခဲ့ဦးကွာ"

"ခေါ်မှူးရာ မင်းလည်း ဒီဒုက္ခကခုထိရှိနေတုန်းပဲလား. . မေ့လိုက်ပါကွာ၊ သူလည်း သူ့ဘဝနဲ့သူ ပျော်နေပြီဖြစ်မှာပေါ့"

"ပလိုင်အော. . ဒီတစ်ခါ နောက်ဆုံးဝင်လိုက်ပါကွာ"

"အေး. . အေးပါကွာ"

ခေါ်မှူးရာနှင့် ပလိုင်အောတို့ပြောနေသည့်အကြောင်းကိစ္စကို နားမလည်ပေ။ ပလိုင်းအော ဝယ်ခြမ်းရမည့်ပစ္စည်းတွေအတွက် ငွေကိုပေးလိုက်ပြီး ပလိုင်အောထွက်သွားလေ သည်။

"အပြင်ကို လျှောက်ပြီးကြည့်ကြပါဦးလား"

"ကြည့်တော့ ကြည့်ချင်ပါတယ်. . မြေပြင်ပေါ်ကိုခြေချရမှာကြောက်နေပြီ".

"ခုလောက်ဆို ဆီးနှင်းတွေအရည်ပျော်နေပါပြီ"

ခေါ်မှူးရာ ခေါ်ဆောင်ရာနောက်ကို အားလုံးလိုက်ခဲ့ကြလေသည်။

ရွာလေးမှာ အိမ်ခြေ(၁၀)လုံးလောက်သာရှိပြီး. .



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်နှင့်တစ်အိမ်က တော်တော်လေးပင်အလှမ်းဝေ
ကြသည်။ နတ်ပန်းခင်သတိထားမိသည်မှာ ရွာထဲတွင် လူ
တွေကိုသိပ်ပြီးမတွေ့ရချေ။

"ခေါ်မှူးရာ. . ."

"ဘာများလဲ. . နတ်ပန်းခင်"

"ရှင်တို့ရွာကလူတွေ အိပ်ရာမထကြသေးတာလား"

"ဘာဖြစ်လို့လဲ"

"တစ်ယောက်မှ မတွေ့ရလို့. . ."

"ရွာက လူတွေက မနက်အလင်းရောက်တာနဲ့. . ဟို
မှာမြင်နေရတဲ့ တောင်တန်းတွေဆီကိုသွားကြပြီလေ"

"ဟင်. . ဘာသွားလုပ်တာလဲ"

"အဲဒီမှာ တောင်ယာစိုက်ခင်းတွေရှိတယ်. . စိုက်ခင်း
လုပ်တဲ့သူကလုပ်. . တောထဲ ဟင်းစားရှာတဲ့သူကရှာကြတာ
ပေါ့. . ခုနေတဲ့နေရာမှာက ဘာမှစိုက်ပျိုးစားသောက်လို့မရ
ဘူး. . နေလို့ပဲကောင်းတယ်"

"ဪ. . ဒါကြောင့်ကိုး"

စကားတပြောပြောနှင့် လျှောက်လာရင်း. . .

"ဟယ်. . လှလိုက်တာ"

သစ်ပင်ပေါ်တွင် နှင်းဖတ်တွေက တင်နေသည်မှာ





န်းတွေပွင့်နေသလိုပင်. . သဘာဝကဖန်ဆင်းထားသော
အလှတရားသည် ဘယ်သူမှလိုက်ပြီးယှဉ်၍မရနိုင်ချေ. . .

လွင်မောင်. . သူ့မှာပါလာသော ကင်မရာနှင့် ဓာတ်
ပုံရိုက်ယူနေလေသည်။

"သိပ်ပြီး မရိုက်နဲ့ဦး"

"ဘာဖြစ်လို့လဲ. . ခေါ်မှူးရာ"

"ကျုပ်တို့သွားမယ့်လမ်းကြောင်းမှာ ဒီထက်မကလှတဲ့
အရာတွေကို ထပ်ပြီးရိုက်စရာဖလင်မရှိမှာစိုးလို့ပါ"

"ဒီအတွက် ဘာမှမပူနဲ့ ကျုပ်မှာ ဖလင်တွေက အပြည့်
ယူလာတာ"

"ဝူး. . ."

"ဟင်. . ."

သူတို့နောက်ဆီမှ ဆိုင်ကယ်သံကို ကြားလိုက်ရသော
ကြောင့် အားလုံးရပ်ပြီးငေးကြည့်နေလိုက်စဉ်. . .

"ခေါ်မှူးရာ"

"ဘာလဲ. . ကလက်နက်(ဖ)"

ဆိုင်ကယ်ပေါ် ကလက်နက်(ဖ)ဆိုသူက နတ်ပန်းခင်
တို့အဖွဲ့ကို သေချာစွာကြည့်ပြီး. . .

"သူတို့ဘာတွေလဲ. . ဘာလုပ်ဖို့ ရောက်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က ငါ့ညီ့သည်တွေ ဘာလုပ်ဖို့လဲဆိုတာ မင်း သိဖို့မလိုဘူး"

"ခေါ်မှူးရာ. . မင်းအသံက မာလှချည်လား"

"မင်းလိုကောင်မျိုးကို ငါက ယဉ်ယဉ်ကျေးကျေးဆက် ဆံစရာမရှိဘူး"

"ဟေ့ကောင်တွေ. . ဒီကောင်တွေကို အမြန်ဆုံးမ စမ်း"

"ကလက်နက်(ဖ). . ငါ့မှာ ညီ့သည်တွေရှိနေတယ်၊ ရှင်းချင်ရင် မင်းနဲ့ငါပဲရှင်း. . ငါ့ညီ့သည်တွေကို နည်းနည်း လေးမှမထိနဲ့ မင်းကြိုက်သလိုဝင်လိုက်"

"သိပ်ကြိုက်တာပေါ့ကွာ. . ငါ့ကောင်ကြီးနဲ့ မင်းယှဉ် ကြည့်ဦး. . ဒေါနာပိုင်ချီ"

ကလက်နက်(ဖ)က နာမည်ခေါ်ပြီး၊ လက်ရမ်းသိုက် သည်နှင့် ခေါ်မှူးရာဆီကို ပြေးဝင်ပြီးတိုက်ခိုက်ကြသည်။

"ကျား. . ."

"ယီ"

"ဖြောင်း"

"ဒုက်"

ခေါ်မှူးရာ. . ရှောင်တိမ်းရင်း ခြေပျံ၊ ဒူးပျံတွေဖြ





လှလှပပပင်. . ကလက်နက်(ဖ) ခါးကြားမှဓားမြှောင်ကိုထုတ် ပြီး ခေါ်မှူးရာကို အလစ်လှမ်းပြီး ပစ်မည်အပြု. . .

"ဗို. . ."

"အ. . ."

ဘန်ဒေါင်း. . သူ့လက်ထဲမှ စတီးလုံးကလေးတစ် လုံးနှင့် ပစ်ချလိုက်သည်။ ဘန်ဒေါင်းစတီးလုံးလေးတွေက ငယ်ငယ်ကတည်းက ဆော့ကစား၍ ကျင့်ခဲ့သောအတတ် ပညာတစ်ခု၊ သွားလေရာမှာ ပါတတ်သည်။

ကလက်နက်(စ်) အတော်လေးကို အထိနာသွားပြီး-

"မင်း. . ဘာဝင်ရှုပ်တာလဲ"

"ဝင်ရှုပ်တာမဟုတ်ဘူး. . ကောက်ကျစ်တဲ့ အပြုအမူ တို ကြည့်မနေတတ်တာပါ"

"တောက်. . သွားကြမယ်၊ မင်းတို့နဲ့တွေ့ကြဦးမှာပေါ့ ကွာ"

"ငါ. . စောင့်နေမယ်၊ ကလက်နက်(ဖ)"

"ဝူး. . ."

ဆိုင်ကယ်ပေါ်သို့ ပြန်တက်ပြီး ထွက်သွားကြလေ တော့သည်။

"ဒီကောင်တွေ. . ဘာကောင်တွေလဲ ခေါ်မှူးရာ"



www.burmeseclassic.com

www.burmeseclassic.com



"အလကားကောင်တွေ . . သူပုန်တွေနဲ့ပေါင်းပြီး မိုက်ကြေးခွဲနေတာ . . ဘာမှသတ္တိရှိကြတာမဟုတ်ဘူး"

"ဒီနယ်မြေက အမဲရောင်နယ်မြေမှမဟုတ်တာ . . သူပုန်တွေက ထင်တိုင်းကြဲနေတာပဲလား"

"အမြဲတမ်းတော့မဟုတ်ဘူး . . အစိုးရတပ်တွေမရှိတဲ့အခါမှ ဝင်ရဲတာပါ . . ."

"ဪ . . ."

"ကိုဘန်ဒေါင်း . . ကျေးဇူးတင်ပါတယ်"

"ရပါတယ်ဗျာ . . တစ်ခရီးတည်းသွားကြမယ့် သူတွေပဲ"

ဘန်ဒေါင်း . . သူ့စတီးလုံးကလေးကို ပြန်ကောက်ပြီး အိတ်ကပ်ထဲသို့ ပြန်ထည့်နေစဉ် . . .

"ဟိုရှေ့နားက ကျောက်ဆစ်ရေဘက်ကိုသွားပြီးရင် ပြန်ကြမယ် ခရီးထွက်ဖို့ ပြင်ဆင်ရဦးမယ်မဟုတ်လား"

"အင်း"

ကျောက်တုံးကြီး(၂)ခုကြားမှ စီးဆင်းနေသော စမ်းရေများကို ကြည့်ပြီး . . အံ့သြမိလေသည်။

"ရေတွေက ဘယ်ကနေစီးနေတာလဲ"

"ဟုတ်ပါရဲ့ . . ကျောက်တုံးကြားက စီးနေတာ"





တခြားစမ်းချောင်းလို တသွင်သွင်စီးဆင်းနေခြင်းမျိုးမဟုတ်ဘဲ . . ကျောက်တုံးကြားမှ စီးနေသောကြောင့် စိတ်ဝင်စားဖွယ်ကောင်းနေလေသည်။

"ဒီရေတွေက ဆီးနှင်းတွေအရည်ပျော်ပြီး . . ကျောက်တုံးကြီးအောက်ပိုင်းကို စိမ့်ဝင်နေရာကနေ . . ပြန်ပြီးစီးနေတာပါ"

"ဪ . . ."

"အမလေး . . ကျင်လိုက်တာ"

အိစံက စမ်းရေကို လက်နှင့်သွားကိုင်ကာ . . အော်လေသည်။

ခေါ်မှူးရာကတော့ ဘာမှမဖြစ်သလို မျက်နှာပင်သစ်နေလေသည်။

"ရှင် . . မအေးဘူးလား"

"ကျုပ်တို့အတွက် ဒီစမ်းရေဟာ . . သာမန်လောက်ပဲ ရှိပါတယ် . . ပြန်ကြရအောင်"

အားလုံး နေရာဆီသို့ပြန်လာကြရင်း . . .

"ခေါ်မှူးရာ"

"ပြော . . ."

"ခု . . ကျွန်မတို့နေတဲ့ ဘုရားကျောင်းမှာလူမနေဘူး



www.burmeseclassic.com

www.burmeseclassic.com



လား"

"အင်း . . လူမနေတာက ကြာပြီလေ၊ အရင်က ဆရာ
သောမတ်ဆိုတဲ့ လူတစ်ယောက်နေတယ်၊ သူလည်းခရီးတစ်
ခုသွားရင်း ခုထိပြန်မလာတော့ဘူး . . အဲဒီကတည်းက ဘယ်
သူမှ မနေကြတော့ဘူး . . ခုလို ဧည့်သည်တွေလာတာတို့
အစိုးရတပ်တွေလာရင် အဲဒီမှာ နားကြတယ်လေ"

"ခေါ်မှူးရာအမေ သက်သာရဲ့လား . . ."

"အင်း . . ခင်ဗျားတို့ကျေးဇူးကြောင့်လို့ပြောရမှာပဲ
အခု အမေ . . အစားကို ကောင်းကောင်းစားနိုင်နေပြီဗျ . .
ဒါကြောင့် ခင်ဗျားတို့နဲ့ ကျုပ်စိတ်ချပြီးလိုက်နိုင်မှာဗျ"

ဘုရားကျောင်းဆီသို့ ပြန်ဝင်လာကြပြီး . . နေလယ်စာ
အတွက် ခေါ်မှူးရာနှင့် လွင်မောင် . . ဘန်ဒေါင်းနှင့် အလုပ်
သမားတွေနှစ်ဦးဖြစ်သော ဖိုးကာနှင့်ကျော်လေးတို့ ဝိုင်းပြီး
လုပ်ကိုင်နေကြသည်။

ဒေါက်တာမျိုးထွန်းကတော့ သယ်ဆောင်ရမည့်ဆေး
ဝါးများကို စနစ်တကျစီစဉ်ပြီး အိတ်ထဲသို့ထည့်နေလေသည်။

ခရီးစတင်ပြီး ထွက်ခဲ့ကြလေပြီဖြစ်သည်။

"ပလိုင်အော ရှေ့ကတောင်လျှိုလမ်းက ဆင်းနိုင်
အောင် . . မင်း အခြေအနေကိုအရင်သွားပြီးကြည့်ကွာ၊ သွား
လို့မရရင် ဒီဘက်ကတောင်ကြားကနေသွားမယ် . . ."

"အေး . . ဒီမှာ အားလုံးစောင့်နေကြ"

နတ်ပန်းခင်တို့ မနက်အလင်းလာသည်နှင့် ခရီးထွက်
ခဲ့ကြသည်မှာ နေ့လယ်ပိုင်းသို့ရောက်နေလေပြီ . . ခြေလျင်
ခရီးမို့ ပင်ပန်းသလိုရှိနေသည်။

"ကဲ . . ခဏနားကြဦး၊ ဒီတစ်ကြောဆင်းပြီးမှ နေ့လယ်
စာအတွက် စားကြဖို့စီစဉ်ကြမယ်၊ ခု . . ပလိုင်အော သွားကြည့်
တဲ့နေရာက ဖြတ်လမ်းတစ်ခုပဲ . . ယောကျ်ားလေးတွေပဲဆိုရင်
တိစ္စမရှိဘူး . . နတ်ပန်းခင်တို့ပါနေတော့ လွယ်မှဆင်းလို့ရ
မယ်"





www.burmeseclassic.com

www.burmeseclassic.com



"ဒီတောင်ကြောက ပတ်ပြီးသွားရင်. . ဘယ်လောက်ကွာမလဲ"

"နာရီနဲ့ဆိုရင် ဆယ်နာရီလောက်ကွာတယ်"

"ဩော်. . ."

ပလိုင်အော. . သူတို့ဆီသို့ပြန်ရောက်လာပြီး. . .

"ခေါ်မှူးရာဆင်းမယ့်ဆိုရင် ရတယ်. . ကြိုးနဲ့သိုင်းပြီးတစ်ယောက်ချင်းဆင်းရမှာပဲ"

ခေါ်မှူးရာ..နတ်ပန်းခင်နှင့် အိစံတို့ဘက်ကိုလှည့်ပြီး-

"ဘယ်လိုလဲ. . ဆင်းရဲမလား"

"ဆင်းရဲပါတယ်. . တောင်တက်အဖွဲ့မှာ နှစ်ယောက်လုံးပါခဲ့ဘူးတာပဲ"

"ကောင်းပြီ. . ဆင်းဖို့သွားကြမယ်"

အိစံနှင့် နတ်ပန်းခင်မှာ တက္ကသိုလ်တောင်တက်အဖွဲ့နှင့် လိုက်ခဲ့ဘူးသူတွေဆိုပေမယ့်. . ခုလိုတောင်တန်းကြီးတွေဆီတော့ မရောက်ခဲ့ပေ။

"ဟယ်. . အမေ့"

အိစံ. . ဆင်းရမည့်တောင်ကိုကြည့်ပြီး၊ မျက်လုံးပြူးသွားသည်။ အမြင့်ပေ (၂၀၀၀)လောက်ရှိသည့် ချောက်မတ်စောက်ကြီးတစ်ခုပင်. . .





"နှစ်ဆင့် ဆင်းရမယ်. . ပလိုင်အော မင်းအရင်ဆင်း"

"အေး"

တောင်ကုန်းပေါ်တွင် ကြိုးများကိုချည်နှောင်ပြီး စတီးကွင်းများနှင့်ခါးတွင်ချိတ်ကာ. . တောင်နံရံကိုခြေကန်ပြီး ဆင်းကြရသည်။

ဘန်ဒေါင်း. . အိစံကိုတွဲကူပြီး အောက်သို့ဆင်းသွားသည်။

"အရမ်းဖက်မထားနဲ့ အိစံ. . ."

"ကြောက်တယ်ဟ. . ."

"ဘာမှ မဖြစ်ဘူး. . နင်နဲ့ငါက ချိတ်ထားတာ"

"အေးပါဟာ. . ."

ဘန်ဒေါင်းတို့စုံတွဲဆင်းသွားပြီး အပေါ်တွင်. . နတ်ပန်းခင်နှင့် ခေါ်မှူးရာတို့နှစ်ယောက်ပဲ ကျန်ခဲ့လေသည်။

"ဂျောက်. . ."

စတီးကွင်းကို နှစ်ယောက်ခါးတွင်ချိတ်လိုက်ပြီး. . .

"ခြေထောက်ကို သိပ်ပြီးအားမစိုက်ထားနဲ့ ခပ်ဖွဖွလေးထိန်းပြီးဆင်း. . ."

"အင်း"

စတင်ပြီးဆင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟင်. . .”

“ကျွိ”

နတ်ပန်းခင်နှင့် ခြေဟန်ချက်ကလေးပျက်ပြီး၊ ကြိုးနဲ့ အတူ ခန္ဓာကိုယ်ကယိမ်းကျသွားလေသည်။

“ဘာမှ မဖြစ်ဘူး. . .”

ခေါ်မှူးရာ. . နတ်ပန်းခင်ခါးလေးကို ထိန်းလိုက်ပြီး. .

“အောက်ကို မကြည့်နဲ့. . ခေါင်းတွေမူးလိမ့်မယ်”

သူမကို အနီးကပ်သတိပေးပြီး. . ဖေးကူကာဆင်းလာခဲ့လေသည်။

“ဟူး. . .”

နတ်ပန်းခင် အောက်ကိုရောက်မှပဲ သက်ပြင်းမှုတ်ထုတ်နိုင်သည်။

“ကဲ. . နားကြဦးမယ်၊ ပြီးမှ ဆက်ပြီးဆင်းမယ်”

“အဲ. . .”

ခေါ်မှူးရာစကားကြောင့် လှမ်းပြီးကြည့်လိုက်တော့ ချောက်ကမ်းပါးသည် တစ်ဝက်ပင်ရှိသေးသည်။ သူတို့ရောက်နေသောနေရာက တောင်ကြီး၏ခါးလယ်ပိုင်း၊ ကျောက်ဖျာကြီးတစ်ခုပေါ်တွင်ဖြစ်သည်။

ကျောက်ဖျာပေါ်မှ အောက်ကိုသာမကြည့်မိလျှင်. .





မြေပြင်တစ်ခုဆီသို့ ရောက်နေသည်ဟု ထင်ရသည်။

ကျောက်ဖျာကြီးပေါ်တွင် ဘန်ဒေါင်းတို့က လှဲတောင်နေလိုက်သည်။

“တကယ်ကို အရသာရှိတဲ့နေရာပဲဟေ့. . .”

“ဘာအရသာရှိတာလည်း ဒီမှာဖြင့်အသက်တောင် မရှူရဲဘူး”

အိစံမှ ဘန်ဒေါင်းကို မကျေမနပ်ဖြင့်ပြောနေလေ၏။

နေလယ်စာကို ပါလာသော ပေါင်မုန့်နှင့်အသားကင်တို့ကို စားကြရသည်။ ချောက်ကမ်းပေါ်တွင် မီးမွှေးဖို့က ဘယ်လိုမှမလွယ်ကူပေ. .

“ခေါ်မှူးရာ. . ခုဆင်းရင်လည်း ကြိုးနဲ့ပဲဆင်းရမှာလား”

“ကြိုးနဲ့ဆင်းစရာ မရှိတော့ဘူး. . တောင်ကြားက ချောက်ကြီးမဟုတ်တော့ပါဘူး”

“ပြေပြေလေးဆင်းရမှာ. . ကျောက်တုံးတွေကို အမှီပြုရမှာ”

နေလယ်စာစားသောက်ပြီး. . နာရီဝက်ခန့်နားကာ-

“ဆင်းကြမယ်ဟေ့. . ပလူ တောင်ခြေကိုမိုးမချုပ်ခင်ရောက်အောင်သွားမှဖြစ်မယ်. . တော်ကြာ ညနေလေနဲ့ဆိုး



www.burmeseclassic.com

www.burmeseclassic.com



ရင်မလွှယ်ဘူး”

ဒီတစ်ခါ နှစ်ယောက်တစ်တွဲစီ ဆင်းခဲ့ကြသည်။ ကျောက်တုံး အစိုင်အခဲတွေကို ကွေ့ပတ်ပြီးဆင်းခဲ့ရပေမယ့် အသည်းထဲတွင် အေးခနဲဖြစ်ဖြစ်သွားရသည်။

“နတ်ပန်းခင်. . ခြေထောက်ကိုမြေပြင်နဲ့ အားစိုက်ထားပါ”

“ဟုတ်ကဲ့”

ခေါ်မှူးရာ သူ့ဘေးမှကပ်ပြီးပါလာသဖြင့် စိတ်အား တော့ သိပ်ပြီးမငယ်. . ကြိုးနဲ့ဆင်းရသလိုမျိုးတော့ စိုးရိမ် သိပ်မရှိလှပေ။

“ဖြောင်း”

“အမလေး. . .”

“ဟာ”

နတ်ပန်းခင်. . ကျောက်တုံးပေါ်တွင် ပေါက်နေသော သစ်ပင်ကိုလက်ဖြင့်လှမ်းပြီးအဆွဲတွင် သစ်ပင်ကျိုးထွက်သွား ပြီး. . လူကရှေ့ကိုစိုက်ကျသွားလေတော့သည်။

ခေါ်မှူးရာ အရှိန်နှင့်ပြေးဆင်းကာ. . သူမလက်ကို ဆုပ်ကိုင်ပေမယ့် နှစ်ယောက်လုံးတောင်အစွန်းဘက်ကို ကျ သွားကြသည်။





“အမေ့. . .”

အောက်မှာ ကျောက်တုံးတွေနှင့် ချောက်ကြီးတစ်ခု သူတို့နှစ်ယောက်က အပေါ်ကျောက်တုံးကို ခေါ်မှူးရာ လက် တစ်ဖက်ဖြင့်ဆုပ်ကိုင်ထားရသည်။ ပြုတ်ကျသွားလျှင် အရိုး အသားတောင် ရှာရမှာမဟုတ်. . .

“ခေါ်မှူးရာ”

“ပလိုင်အော. . ငါ့လက်ကိုကြိုးချည်လိုက်”

“အေး”

“နတ်ပန်းခင်. . ကျုပ်ခါးက စတီးကွင်းထဲကို လက် ထည့်ပြီး ဆုပ်ကိုင်ထား”

“ဟုတ်. . ဟုတ်ကဲ့”

“ရပြီဟေ့. . ဆွဲတင်တော့”

အပေါ်မှဝိုင်းပြီးဆွဲတင်သောကြောင့် အပေါ်ကိုပြန်ပြီး ရောက်ခဲ့သည်။

“ဟင်း. . .”

ခေါ်မှူးရာလက်တွင် အပေါ်အရေခွံမှာစုတ်ပြတ်ပြီး၊ သွေးများပင်ထွက်နေလေတော့သည်။

“ခေါ်မှူးရာ. . ဆေးထည့်ပြီး ပတ်တီးစည်းထားလိုက်”

“ရတယ် ဒေါက်တာ. . အောက်ရောက်မှပဲဆေး



www.burmeseclassic.com

www.burmeseclassic.com



ထည့်မယ်၊ အချိန်ရှိတုန်း ဆက်ပြီးဆင်းရအောင်"

"ခေါ်မှူးရာ. . ရှေ့ လောလောဆယ် ပတ်တီးတော့ စည်းထားပေါ့. . သွေးထွက်များရင်မကောင်းဘူး"

နတ်ပန်းခင် လက်ကိုင်ပဝါနှင့် လက်ကောက်ဝတ်ကို စည်းပေးလိုက်သည်။

"ကျေးဇူးပဲ"

"ဒီစကားက ကျွန်မကပြောရမှာ"

ခေါ်မှူးရာ. . ဒဏ်ရာတစ်ဖက်ဖြင့် သူ့ကိုတွဲ၍တောင်ခြေရောက်သည်အထိ ဆင်းလာခဲ့သည်။တောင်ခြေကို ရောက်မှ ခေါ်မှူးရာလက်ကို ဆေးထည့်ပတ်တီးစည်းရလေသည်။

"နားဦးမလား. . ခေါ်မှူးရာ"

"နားလို့မဖြစ်ဘူး. . ဒီကနေ ညနားမယ့်နေရာကို စောစောရောက်လေ ကောင်းလေပဲ"

အားလုံးပင်ပန်းသလိုရှိပေမယ့်. . မနားဘဲ ခရီးဆက်ခဲ့ကြရလေသည်။

"ဟယ်"

ပေ(၂၀၀)လောက်ရှိမည့် ဆီးနှင်းပြင်ကြီးကိုတွေ့လိုက်ရသည်။

"ပလိုင်အော. . ဘယ်လောက်နက်တယ်ဆိုတာကို





အရင်စမ်းကြည့်ဦး"

ပလိုင်အော. . ဆင်းသွားတော့ ခါးဝက်လောက်ရှိနေသည်။

"ရိက္ခာနဲ့ပစ္စည်းသမားတွေကို ပလိုင်အော. . မင်းကူပြီးသွား. . ကိုဘန်ဒေါင်း ခင်ဗျားအိစံကို အလယ်လောက်ရောက်ရင် ပွေ့သွားမှရမယ်"

"အင်း. . . "

ဆီးနှင်းပြင်ကြီးဆီကိုစတင်ပြီး ဖြတ်ကျော်ခဲ့ကြလေသည်။ တဖြည်းဖြည်းနှင့် နတ်ပန်းခင်တို့ ရင်ညွန့်ထိကိုရောက်နေလေပြီ. . .

"နတ်ပန်းခင် ဘယ်လိုမှမထင်ပါနဲ့"

"ဘာကိုလဲ"

"ခင်ဗျားကိုပွေ့ပြီး သွားမှရမယ်. . နို့မို့ဆိုရင် မြုပ်သွားလိမ့်မယ်"

"ရပါတယ်"

"အို. . . "

နတ်ပန်းခင် ကိုယ်ကလေး. . ခေါ်မှူးရာလက်ပေါ် သို့ ရောက်ရှိသွားလေသည်။ အေးစက်နေခြင်းကြားမှ နွေးထွေးမှုလေးတစ်ခုကို ရရှိလိုက်သလိုပင်. . .



www.burmeseclassic.com

www.burmeseclassic.com



ဆီးနှင်းများမှာ ဂွမ်းမှုံများလိုပင် ကပ်တွယ်နေသဖြင့် အပေါ်သို့ရောက်သည်နှင့် ဖယ်ချနေရလေသည်။

"ဒီ ဆီးနှင်းတွေက အရည်မပျော်ဘူးလား"

"နေအရှိန်အရမ်းပြင်းမှ ပျော်တာ"

"စားကြည့်ရင် ဘာဖြစ်မလဲ"

"ဘာမှမဖြစ်ပါဘူး.. ဒါပေမယ့် ပါးစပ်ထဲမှာခါးနေမှာပဲ"

နတ်ပန်းခင် ဆီးနှင်းလေးကို လက်ညှိုးနဲ့တို့ပြီး လျှာဖျားပေါ်တင်ကြည့်တော့...

"ဖွီး.. ခါးလိုက်တာ"

"ကျုပ်ပြောတာကို မယုံလို့ထင်တယ်"

"မဟုတ်ရပါဘူး.. ဘယ်လောက် ခါးလည်းဆိုတာကို သိချင်လို့"

"နတ်ပန်းခင်.. ဘယ်လောက်ခါးလဲ"

"နင်သိချင်ရင် စားကြည့်ပါလား"

"နင့်မျက်နှာကို ကြည့်ပြီး.. စိတ်နဲ့တောင်မပြစ်မှားတော့ဘူး"

အားလုံးခရီးဆက်ခဲ့ရင်း ခြေကုန်လက်ပန်းကျနေလေပြီ...





"ဘန်ဒေါင်း..."

"ဘာလဲ အိစံ..."

"နားလို့မရသေးဘူးလား..."

"မသိဘူးလေ"

"ငါခြေထောက်တွေ သယ်လို့တောင်မရချင်တော့ဘူး"

"နင်.. မလျှောက်နိုင်ရင် ငါ့ပွေ့သွားမယ်"

"ရပါတယ်ဟာ.. နင်လည်း ပင်ပန်းနေတာပဲ.. ပလိုင်အော"

"ဘာလဲ.. ဖိုး"

"မရောက်သေးဘူးလား"

"ဟိုမှာ မြင်နေရတဲ့နေရာကိုရောက်ရင် ရောက်ပြီ"

ပလိုင်အော လှမ်းပြီးပြလိုက်တဲ့နေရာက သိပ်ပြီးမဝေးလှသော တောင်ခြေလေးတစ်ခုပင်ဖြစ်သည်။

တဖြည်းဖြည်း အနီးဆုံးနားသို့ရောက်တော့...

"ဝေါ..."

"ဟာ..."

တစ်ဖက်မှ အဖြူလိပ်ကြီးများ လေထဲတွင်ဝဲပျံလာနေသည်ကို တွေ့လိုက်ရသည်။

"အားလုံးဝပ်နေကြ..."



www.burmeseclassic.com

www.burmeseclassic.com



ခေါ်မှူးရာ လှမ်းပြီးအော်လိုက်သောကြောင့် မြေပြင်တွင် အားလုံးမှောက်လျက် ဝပ်နေကြရတော့သည်။

"ဝေါ. . ."

တစ်ယောက်ကိုတစ်ယောက် မမြင်နိုင်လောက်အောင် အဖြူရောင်လိပ်ကြီးက ဖုံးလွှမ်းသွားလေသည်။(၁၀) မိနစ်လောက်ကြာမှ တစ်ယောက်မျက်နှာကိုတစ်ယောက် တွေ့ရလေသည်။

"ခေါ်မှူးရာ ဘာကြီးလဲ"

"နှင်းလေပွေတစ်ခုပါ. . ကျောက်တုံး အကာအကွယ်မရှိတဲ့နေရာမျိုးမှာ ဝပ်ပြီးမနေလို့ကတော့ လွင့်စဉ်သွားပြီမှတ်"

အားလုံးပြန်ထပြီး ညအိပ်နားမည့်တောင်ခြေဆီသို့ ရောက်ခဲ့ကြသည်။

"ပလိုင်အောင်ရေ. . ကျင်းတွေတူးဖို့ လုပ်ကြဟေ့"

ခေါ်မှူးရာခိုင်းသည့်အတိုင်း မြေကျင်းများကို ဒူးဆစ်လောက်ထိတူးပြီး၊ အပေါ်မှ ရွက်ဖျင်တဲလေးများကို ကြိုးဖြင့် ငုတ်တွေစိုက်ကာ ဆောက်ခဲ့ကြသည်။ တစ်ကျင်းတွင် လူလေးယောက်စာပင် တူးကြရသည်။

ခေါ်မှူးရာ၊ နတ်ပန်းခင်၊ ဘန်ဒေါင်းနှင့် အိစံ. . ဒေါက်တာမျိုးထွန်းနှင့် လွင်မောင်၊ ပလိုင်အောင်နှင့် ဖိုးကံ





ကျော်လေးတို့ ငါးယောက်က တစ်ကျင်းဖြင့် ခွဲလိုက်ကြသည်။

"ခေါ်မှူးရာ. . သဘာဝအခြေအနေ သိပ်ပြီးမကောင်းဘူး"

"ဟုတ်တယ်ပလိုင်အော ညကို လေကြမ်းနိုင်တယ်"

"အန္တရာယ်ကြီးနိုင်လား ဟင်. . ."

"မကြီးနိုင်ပါဘူး. . ဒီလိုဖြစ်စဉ်က ဒီနယ်တစ်ဝိုက်မှာ ပုံမှန်ဖြစ်နေတတ်တဲ့ကိစ္စတစ်ခုပါ"

ညနေစောင်းပြီး အမှောင်ကရောက်လာပြီသောကြောင့် စားသောက်မှုကိစ္စတွေကို အမြန်သတ်ပြီး၊ ရွက်ဖျင်တဲလေးသို့ဝင်ခဲ့ကြသည်။

တဲနှစ်ခုမှာ ကပ်လျက်မို့တစ်ဖက်နဲ့တစ်ဖက်လှမ်းပြီး၊ စကားပြောနိုင်ကြသည်။

"မြေကြောင့်လား မသိဘူး. . နွေးသလိုပဲနော်"

"ဒီလိုမှမလုပ်ရင် ဘယ်လိုမှအိပ်လို့ရမှာမဟုတ်ဘူး"

နတ်ပန်းခင် စောင်ကိုခေါင်းမှခြုံပြီး၊ ခေါ်မှူးရာဘေးတွင် လှဲနေသလိုအိစံလည်း သူ့ဘေးမှာကျောချင်းကပ်၍ လှဲနေသည်။

ဘန်ဒေါင်းနှင့် ခေါ်မှူးရာက စကားပြောနေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com

"ဖောင်း . . ဖောင်း . . . ဖောင်း"

ရွက်ဖျင်တဲပေါ်သို့ နှင်းစက်ကလေးတွေကျသံကို ကြားနေရပြီးသိပ်မကြာ . . နှင်းစက်များ အဆက်မပြတ်ကျ လာတော့သည်။

ပထမအေးသည့်ထက်ပိုပြီး အအေးကကဲလာသည်။

"ပလိုင်အော . . ပလိုင်အော"

"ဟေ . . ခေါ်မှူးရာ"

"သတိနဲ့အိပ်ကြနော် . . နှင်းမိုးတွေရွာပြီကွ"

"အေး . . အေး"

တစ်ဖက်ဆီသို့ ခေါ်မှူးရာလှမ်းပြီးသတိပေးကာ . . ရွက်ဖျင်ကို အဖုံးပိတ်လိုက်လေသည်။

"ဝေါ . . ."

လှဲနေ၍ ဘယ်လိုမှမရသောကြောင့် နတ်ပန်းခင်ထို





လိုက်သည်။ သူလိုပင် . . အိစံလည်း ထထိုင်ကာဘန်ဒေါင်း အားတွင် ပူးပူးကပ်ကပ်နေလေသည်။

"နှင်းမိုးရွာတာလား"

"ဟုတ်တယ်"

"ဒါဆို . . ရေတွေဝင်ကုန်မှာပေါ့"

"ဒီနှင်းမိုးက . . မိုးရေလိုမဟုတ်ဘူး၊ နှင်းဖတ်တွေကျ တဲ့မိုးပါ"

"ဟူး . . တော်သေးတာပေါ့ . . ရေတွေဖြစ်ရင်တော့ မလွယ်ဘူး၊ တစ်ကိုယ်လုံးအရိုးတွေကွဲမတတ်အောင်ပဲ၊ ဟီး . . အီး . . အီး"

"ဖောက် . . ."

ခေါ်မှူးရာ လက်တစ်ဝါးလောက်ရှိသည့်ပုလင်းပြား လေးကို အဖုံးဖွင့်လိုက်ပြီး . . ခွက်ကလေးထဲကိုထည့်ကာ . . .

"နတ်ပန်းခင် တစ်ငုံလောက်သောက်လိုက်"

"အရက်တွေလား"

"အရက်အစစ်ကြီးမဟုတ်ပါဘူး . . ကျုပ်တို့ဆီမှာ ဆေးလိုသဘောထားတာ . . ဒါမှ ဒီအအေးဒဏ်ကိုခံနိုင်မှာ"

နတ်ပန်းခင် ဘယ်လိုမှ နေ၍မရသောကြောင့် ခေါ်မှူးရာလှမ်းပြီး ပေးသော ခေါင်ရည်ခွက်ကိုယူပြီး သောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အား. . ပူ. . ပူ. . လိုက်တာ"

လျှာဖျားပေါ်တွင် ပူရှိန်းသွားသလို ခန္ဓာကိုယ်တစ်ခု

လုံးလည်း ပူထူသွားလေသည်။

"နတ်ပန်း. . ဘယ်လိုလဲ. . ."

"အိစံသောက်လိုက်. . တော်တော်လေးဟုတ်သွား

တယ်ဟဲ့"

"ဒါဆိုပေးလေ"

အိစံပါယူသောက်ပြီး ဘန်ဒေါ်င်းနှင့် ခေါ်မှူးရာယ

သောက်ကြလေသည်။ ခဏကြာတော့ ခေါင်းထဲတွင် ရီဝေဝေ

ဖြစ်လာပြီး မျက်လုံးများ မှိန်းလာတော့သည်။

"နတ်ပန်းခင်. . အိပ်လိုက်ပါ"

"အင်း"

တကယ်ပင် ဘာမှန်းမသိအောင် အိပ်ချင်လာခြင်း

ကြောင့် ခေါင်းချလိုက်သည်နှင့် အိပ်ပျော်သွားလေတော့သည်။

ရွက်ဖျင်တဲအပြင်တွင် ဆီးနှင်းမိုးတွေက ကြောက်မက်ဖွယ်

ကောင်းလောက်အောင် ရွာသွန်းနေလေသည်။

"ခေါ်မှူးရာ"

"ဘာများလဲ ဘန်ဒေါင်း"





"ခင်ဗျားအလုပ်က မုဆိုးအလုပ်တစ်ခုတည်းပဲလား"

"ဟုတ်တယ်လို့ပဲ ဆိုရမှာပေါ့ဗျာ. . ကျုပ်အဖေလက်

ထက်တည်းက ဒီအလုပ်ကို လုပ်ကိုင်ခဲ့တာဆိုတော့ ကျုပ်က

ဆက်ပြီး အမွေထိန်းသိမ်းရတဲ့သဘောပေါ့. . ."

"ခင်ဗျားတို့ရွာမှာ မုဆိုးလုပ်တဲ့သူများလား"

"ကျုပ်တစ်ယောက်တည်း ရှိတယ်"

"ဟင်. . ဘာဖြစ်လို့လဲ. . ."

"ရေခဲပြင်မုဆိုးအလုပ်ဆိုတာ တချို့တောမုဆိုးတွေနဲ့

မတူဘူး. . အန္တရာယ်က ကြီးတယ်. . သားကောင်အန္တရာယ်

ရော. . သဘာဝအန္တရာယ်ရော အရမ်းကြီးတယ် ဘန်ဒေါင်း"

"ရေခဲပြင်ကြီးထဲမှာ ဘယ်လိုသားကောင်တွေရှိလို့လဲ"

"သားကောင်တွေက မျိုးစုံရှိတယ်. . အများဆုံးက

တော့ ဝက်ဝံဖြူတွေနဲ့နှင်းကျားသစ်ကောင်တွေက လူကို အန္တ

ရာယ်ပေးနိုင်ဆုံးပဲ. . အင်း. . ကြောက်ဖို့အကောင်းဆုံးက

တော့ ရေခဲပြင်မြွေဟောက်တွေပဲ"

"ရေခဲပြင်မြွေဟောက်. . ကျုပ်တို့မြေပြန့်က မြွေ

ဟောက်ထက်အဆိပ်ပိုပြီးပြင်းလားဗျ"

"အဆပေါင်းများစွာပြင်းတယ်. . ဒီကောင်တွေကို

သာမန်မျက်စိနဲ့မမြင်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြောင့်လဲ. . ."

"မြေပြန့်က မြွေဟောက်လိုအရောင်မျိုးမဟုတ်ဘူး. . ရေခဲပြင်က နှင်းဖြူတွေနဲ့တစ်ရောင်တည်းပဲဗျ"

"ခုကျုပ်တို့သွားမယ့်ခရီးစဉ်မှာ ပေါလား. . ."

"ဒီနယ်တစ်ဝိုက်မှာတော့ သိပ်ပြီးမရှိဘူး. . ဒီတောင်ကိုကျော်ဖြတ်ပြီး သွားရမယ့် ရေခဲပြင်မှာတော့ပေါတယ်"

"ဟာ"

ဘန်ဒေါင်းက မြွေကြောက်တတ်သူဖြစ်သောကြောင့် ကြောက်ရွံ့သွားလေသည်။

"ပလိုင်အောက်ကို ရှေ့ဆုံးကသွားခိုင်းပြီး လမ်းကြောင်းရှင်းခိုင်းမှာပါ. . သိပ်ပြီးမစိုးရိမ်ပါနဲ့. . ခင်ဗျားတို့စီးထားတဲ့ ဝက်ဝံသားရေဖိနပ်တွေကို ဒီမြွေဟောက်တွေပေါက်အောင် မကိုက်နိုင်ပါဘူး"

"တော်သေးတာပေါ့ဗျာ. . ဟူး. . တကယ် ကြမ်းမယ့် ခရီးစဉ်ပဲ"

"ကဲ. . အိပ်လိုက်ဦး ဘန်ဒေါင်း၊ မနက်ခရီးထွက်ရင် အိပ်ရေးမဝဘဲဖြစ်နေလိမ့်မယ်. . ဝအောင်အိပ်မှအားရှိမှာ"

"ခင်ဗျားရော မအိပ်ဘူးလား"

"မအိပ်ချင်သေးဘူး"





သော်ကဲထားသော ခေါင်ရည်အရှိန်လေးက တက်လာပြီဖြစ်၍ အိစံဘေးတွင် ခွေခွေလေးအိပ်ချလိုက်သည်။

ခေါ်မှူးရာ နတ်ပန်းခင်ဘေးတွင် အိပ်ရမည်ကို အားနာနေသောကြောင့် ငုတ်တုတ်လေးထိုင်ကာ မှေးနေလိုက်တော့သည်။

www.burmeseclassic.com

နတ်ပန်းခင်မျက်လုံးဖွင့်ကြည့်တော့ ဘန်ဒေါင်းနှင့်အိစံက အိပ်ပျော်နေဆဲ. . ခေါ်မှုံးရာက ဓါတ်ဘူးထဲမှ ရေနွေးကို ငှဲ့ပြီး သောက်နေလျက်. . .

"မိုးလင်းပြီလား ခေါ်မှုံးရာ"

"အင်း (၇း၀၀)နာရီလောက်တော့ရှိပြီ"

နတ်ပန်းခင်းလက်မှ နာရီကိုကြည့်တော့ (၇း၀၀)တိတိပင်. . အပြင်ဘက်မှာ ဘာသံကိုမှမကြားတော့ပေ. . .

"ဟဲ့. . ထကြတော့. . တကထဲ. . ပျော်ပွဲစားထွက်လာတာကျနေတာပဲ"

အိပ်ပျော်နေသည့် ဘန်ဒေါင်းနှင့်အိစံကိုနှိုးလိုက်သည်။

"ဝါး. . အိပ်လို့ကောင်းလိုက်တာ. . အလင်းရောင်တောင်မမြင်ရသေးဘူး. . နှိုးတော့တာပဲ. . "





"လက်က နာရီကိုကြည့်ဦး"

"ဟင်. . ခုနစ်နာရီတောင်ထိုးနေပြီ. . ခုထိဘာအလင်းရောင်မှမတွေ့ရပါလား. . "

တစ်ညလုံးထွန်းထားသော ဘက်ထရီအားသွင်းချောင်းလေးအလင်းရောင်က လွဲပြီး အပြင်အလင်းရောင်ကို မတွေ့ရပေ. . .

"ဟုတ်ရောဟုတ်ရဲ့လားဟာ. . နာရီတွေများ အေး ငြိမ်ရပ်နေတာလား. . "

"နှင့်လိုနာရီအစုတ် မဟုတ်ဘူး"

"အပြင်ကိုထွက်ဖို့ လုပ်ရဦးမယ်"

ခေါ်မှုံးရာ ခါးကြားမှဓါးမြှောင်အရှည်ကိုထုတ်ပြီး ပိတ်ထားသည့် ရွက်ဖျင်ကြိုးစကို ဖြေကာ ဖွင့်လိုက်ပေသည်. . .

"ဟယ်တော်"

ရွက်ဖျင်တဲအပေါက်ဝရှေ့တွင် ရေခဲပြင်ကြီးက ပိတ်လျက်. . ခေါ်မှုံးရာ ဓါးမြှောင်ဖြင့် ရေခဲချပ်တွေကို ထိုးဖောက်ပေမယ့် မရနိုင်အောင်ဖြစ်နေသည်။

"နတ်ပန်းခင်. . ခင်ဗျားဆီမှာ သေနတ်ပါတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ပါတယ်"

နတ်ပန်းခင် ခရီးသွားအတွက် တရားဝင်ကိုင်ဆောင်သောသေနတ်ကို ထုတ်ပေးလိုက်သည်။ ခေါ်မှူးရာ ပစ္စတိုကို မောင်းတင်ပြီး ရေခဲပြင်ချပ်ကို တေ့ကာ ပစ်ချလိုက်သည်။

"ဒိုင်း"

"ဝုန်း"

သေနတ်သံ ရှိန်နှင့် ရေခဲချပ်ကြီးကွာကျသွားလေသည်။ လူတစ်ယောက်စာထွက်၍ရမှ အပြင်ကို အားလုံးထွက်ခဲ့ကြသည်။ တစ်ဖက်မှ ပလိုင်အောတို့ ခွက်ဖျင်တဲလည်း ရေခဲမှုန်ကွေ့က ပိတ်ဆို့နေသည်။ ပလိုင်အောတို့ပါလာသော သံတူရွင်းတို့ဖြင့်ဖောက်ပြီး အပြင်ကိုထွက်ခဲ့ရပြန်သည်။ အပြင် ပတ်ဝန်းကျင်တစ်ခုလုံးမြူစွတ်နေသော အဖြူရောင်လွင်ပြင်ကြီးတစ်ခုပမာ တွေ့နေရလေသည်။

"ရေခဲချပ်တွေ ခွာကြဟေ့ . . ခရီးဆက်ကြရအောင်"

အားလုံးပိတ်ဆို့နေသော ရေခဲချပ်တွေကို ခွာချပြီး ပစ္စည်းများကို သိမ်းဆည်းထုပ်ပိုးပြီး ခရီးဆက်ခဲ့ကြလေသည်။

"ဟင်"

"အယ်တော် . . ."

လှမ်းပြီးတွေ့လိုက်သည့် မြင်ကွင်းကြောင့်ခြေထောက်





တွေတောင်ရပ်တန့်သွားလေသည်။ အောက်ဘက်ဆီသို့ နိမ့်လျှောနေသော ရေခဲပြင်ကြီးမှာ မျက်လုံးတဆုံးပင်ရှိနေလေသည်။

"ခေါ်မှူးရာ ဘယ်လိုဆင်းမလဲ . . ."

"ဒီအတိုင်းဆင်းလို့ကတော့ ကျွံပြီးကျမှာပဲ"

"ဆင်းလို့ရအောင်ဆင်းရမှာပဲ . . ခင်ဗျားတို့ထဲမှာ ရေခဲစကိတ်စီးတတ်တဲ့သူပါလား"

"ဟင့်အင်းတစ်ယောက်မှမစီးတတ်ဘူး"

"ပလိုင်အော . . မင်းဝယ်လာတဲ့ အိတ်ဘယ်နှစ်ခုလဲ"

"ငါလည်း လိုရမယ်ရ(၂)ခုဝယ်လာတယ်"

"တော်သေးတာပေါ့ကွာ . . လေထိုးတံရော ပါရဲ့လား"

"ပါတယ် . ."

"ဒါဆိုရင် လေထိုးကွာ . . ."

ပလိုင်အော ကျောပိုးအိတ်ထဲမှ ခေါက်ပြီးထည့်ထားသည့် သားရေအိတ်ကြီးနှစ်ခုကို ဘောလုံးလေထိုးသလို ထိုးလိုက်သည်နှင့် ဘောကြီးတစ်ခုဖြစ်သွားပြီး . . လူ(၄)ယောက်၊ (၅)ယောက်စီး၍ရသည်။

နှစ်ခုလုံးကို လေထိုးပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"တက်ကြဟေ့. . ပလိုင်အော. . သတိရှိရှိ ဆင်းနော်"

"အေးပါ. . ."

ဘောကြီးထဲသို့ ဝင်ထိုင်လိုက်သည်နှင့် ခေါ်မှူးရာ ဘောကြီးကို အရှိန်နှင့်တွန်းကာဆင်းလာသည်။

"ကျုပ်ပါ ဆင်းတွန်းရမလား"

"ရတယ် ဘန်ဒေါင်း"

အရှိန်က တဖြည်းဖြည်းမြန်လာသည်နှင့် ခေါ်မှူးရာ ဘောပေါ်သို့ ဆွဲတက်ကာ လိုက်လာလေတော့သည်။

"ဟေ. . တကယ်ရင်ဖိုစရာပဲဟေ့"

"ကောင်မ. . နင်ကပျော်. . ငါကတော့ လိုက်မိတာ မှားပြီလို့တောင်ထင်နေတာ. . ."

အိစံက နတ်ပန်းခင်းကို မျက်စောင်းလေးထိုးကာ ပြော နေလေသည်။ ခေါ်မှူးရာက သံအချွန်တစ်ခုနှင့် ဘောကြီးကို ထိန်းရင်း လျှောဆင်းလာနေသည်။ တကယ်အသည်းယား စရာကောင်းသော လျှောဆင်းမှုတစ်ခုပင်ဖြစ်သည်။ အဖြောင့် သွားလိုက်. . ကွေ့ပတ်သွားလိုက်ရင် အောက်ခြေဆီကို တစ် ဝက်နီးပါး ရောက်လာခဲ့လေသည်။

"ဘုတ်. . ဘုတ်"

"ဟင်"





"ခေါ်မှူးရာ. . ဘာအသံလဲ"

"ဒါ. . ရေခဲပြင်မှာ ကျက်စားနေတဲ့ ဓါးပြတွေပဲ"

"ဘာ"

"ဟယ်"

အဝေးဆီမှ ရေခဲပြင်စီးဆိုင်ကယ်(၃)စီး လူခြောက် ယောက်လက်နက်ကိုယ်စီနှင့်လိုက်လာခဲ့ကြသည်။

"ဘယ်လိုလုပ်မလဲ"

"ဒီကောင်တွေကို ပညာပေးခဲ့ရမယ်. . ပလိုင်အော"

"ဟေ. . ငါကြားတယ်. . ပြော"

သူတို့ဘောနှင့် သိပ်မကွာသည့်နေရာမှာ ပလိုင်အော တို့ဘောရှိနေသောကြောင့် ခေါ်မှူးရာလှမ်းပြီးအော်ခေါ် လိုက် သည်။

"အရှေ့တောင်ကြားထဲက သွားမလား"

"အေး"

အနောက်မှလိုက်လာသူတွေက တဖြည်းဖြည်းနီးကပ် လာနေပြီ. .

"ဒိုင်း"

"ရွှီး"

သေနတ်သံပေးပြီး ရပ်ခိုင်းနေလေပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



"နတ်ပန်းခင်တို့ ခေါင်းတွေဝပ်ထားပါ. . ခင်ဗျားဆီ သေနတ် ကျုပ်ကိုပေးထားပါ. . ."

"အင်း. . အင်း. . ရော့. . ."

နတ်ပန်းခင် သေနတ်ကို လှမ်းပြီးပေးလိုက်သည်။

"ဒိုင်း. . ဒိုင်း"

"ဒီကောင်တွေ ကျည်ဆံပေါလို့ပစ်နေတာ. . ဘယ် မှထိနိုင်စရာမရှိဘူး. ."

"ခေါ်မှူးရာ ရှေ့မှာ တောင်ညီနောင်ကြားကိုရော ပြီ. . ."

"မီးကျည်သေနတ်ကို ကျည်ထိုးထားလိုက်"

"အေး"

တောင်ကလေးနှစ်ခုဆိုပေမယ့် နတ်ပန်းခင်တို့ ဖူးမြင်ဖူးသော တောင်တွေလိုတော့မဟုတ်. . နှင်းတောင်လေး နှစ်ခုပင်ဖြစ်ပြီး၊ တစ်ဖက်တောင်နှင့်တစ်ဖက် အပေါ်မှဆ နွယ်ထားလေသည်။

"ဝေါ. . ."

နတ်ပန်းခင်တို့ တောင်ညီနောင်ကြားထဲမှ ဖြတ်သွား ပြီး. . အဝေးခပ်လှမ်းလှမ်းသို့ အရောက်တွင်. . .

"ပလိုင်အော. . . ရပ်လိုက်"





"အေး. . ."

ဘောနှစ်ခုပြိုင်တူရပ်လိုက်ပြီး . . ပလိုင်အောလက်ထဲ မှ မီးကျည်သေနတ်ကို ခေါ်မှူးရာလှမ်းယူကာ. . တောင်ညီနောင်ကြားဆီသို့ ချိန်ထားလိုက်လေသည်။ နောက်က လိုက်လာကြသော ဆိုင်ကယ်(၃)စီး တောင်ကြားဆီသို့ အရောက်တွင်. . .

"ဖောင်း. . . ဝုန်း"

"ပလိုင်အော. . ဆင်းတော့"

"ဟယ်. . ."

အနောက်ဆီမှ ရေလှိုင်းကြီးများသဖွယ် နှင်းခဲကြီးများ ပလိပ်လိုက်ပြိုကျလာပြီး. . ဆိုင်ကယ်တွေကို အုပ်သွားလေ တော့သည်။

"ဘုရား. . ဘုရား. . ဘုရား"

နှင်းခဲလှိုင်းကြီးတွေက အရှိန်ပြင်းစွာနဲ့ ရောက်လာနေ သလိုဖြစ်သည်။ ဘယ်လိုမှ ပြေး၍မလွတ်နိုင်တော့သည့် အခြေအနေတွင် ရောက်ရှိနေလေပြီ. . .

"နတ်ပန်းခင်. . ဘောကိုမြဲမြဲကိုင်ထားကြပေါ့"

"ဟုတ်. . ဟုတ်. . ကဲ့"

"ဝေါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"အမေ့. . ."

"ဟာ. . ."

ဘောပေါ်တွင် အသံမျိုးစုံထွက်သွားပြီး မျက်လုံးမဖွ
ရဲအောင်ပင် နက်ရှိုင်းလှသောချောက်ကမ်းပါးကြီးအောက်သ
ပြုတ်ကျနေလေပြီ. . .။

နတ်ပန်းခင် ကြောက်ကြောက်နှင့် ခေါ်မှူးရာ
ဖက်ထားသည်။

"ဘုန်း. . ."

"အီ. . ."

ဘောကြီးအောက်သို့ကျသွားပြီး. . ဘောပေါ်
လွင့်စဉ်မတတ်ဖြစ်သွားသည်။

ဘောကြီးက ဆက်ပြီးလျှောဆင်းနေဆဲပေ။

"ဘာမှမဖြစ်ပါဘူး. . ."

ခေါ်မှူးရာအသံကြောင့် မျက်လုံးကိုမရဲတရဲဖြင့်
ဖွင့်ကြည့်တော့ အန္တရာယ်အရိပ်အယောင်ကို မတွေ့ရ
မှ အသက်ကိုဝအောင်ရှူရတော့သည်။

ပလိုင်အောတို့ဘောလည်း. . ဘာအန္တရာယ်မှ မ
ဘဲ နတ်ပန်းခင်တို့နှင့်ကပ်လျက် လိုက်ပါလာလေသည်။

နတ်ပန်းခင်တို့နောက်ကို ရန်မူရန်လိုက်လာသော





ဆိုင်ကယ်များကို အရိပ်အယောင်ပင်မတွေ့ရပေ။

"ဟိုကောင်တွေ သေပြီထင်တယ်. . ခေါ်မှူးရာ"

"ကံကောင်းတဲ့အကောင် အသက်ရှင်မှာပေါ့. . အလ-
ကားကောင်တွေ လူတွေကိုဒုက္ခပေးနေတာကြာပြီ"

"ကျွန်မ, မသိလို့. . ဒီလမ်းကို ဘယ်သူကသွားလို့
သူတို့က ဓားပြတိုက်ရတာလဲ. . ဒီလောက်ဆိုးဝါးတဲ့ခရီးကို"

"ဒီလမ်းက တစ်ဖက်နယ်စပ်ကနေ မှောင်ခိုအုပ်စုတွေ
က ပစ္စည်းသယ်တာ ယူတာတွေကိုလုပ်ကြတယ်လေ. .
ခေတ်မီစက်ပစ္စည်းတွေရှိနေတော့. . သွားလို့လာလို့ရနေတာ
ပါ"

"ဩော်. . ."

"ဒါကြောင့် ဒီကောင်တွေကျက်စားနေကြတာပေါ့
ဗျာ"

"ကျွန်မတို့ ဒီအတိုင်းဘယ်လောက်ထိ နေရမှာလဲ"

"သိပ်မကြာတော့ပါဘူး. . ရှေ့နားဆိုရင် နှင်းအိုင်ကြီး
ကိုရောက်ရင် ခဏနားလို့ရပါပြီ"

"နှင်းအိုင်ကြီး. . ."

"ဟုတ်တယ်. . အရမ်းသာယာတဲ့နေရာဗျာ၊ ငှက်
ပေါင်းစုံကျက်စားတဲ့နေရာတစ်ခုဆိုရင် မမှားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှူး. . ."

"ဟင်. . . ."

"ဘာဖြစ်တာလဲ"

"သားရေဘောကြီး ပေါက်သွားပြီထင်တယ်"

"ရှင်. . ."

"ဒုက္ခပါပဲ. . ."

ခေါ်မှုးရာ အောက်ကိုဆင်းလိုက်ပြီး. . .

"ဘန်ဒေါင်းရေ. . သူတို့နှစ်ယောက်ကို အပေါ်မှာထားပြီး၊ ကျုပ်နဲ့ခင်ဗျားက ကြိုးနဲ့ဆွဲပြီးဆင်းရမှာပဲ"

"ရတယ်ဗျို့. . ."

ဘန်ဒေါင်းနှင့် ခေါ်မှုးရာဘောကိုကြိုးနှင့်ချည်နှောင်ပြီး. . ဆွဲလာကြလေတော့သည်။

နတ်ပန်းခင် အပေါ်မှလိုက်ပြီးစီးရသည်ကို အားနာသဖြင့်. . .

"ကျွန်မတို့ပါ ဆင်းရမလား"

"ရတယ်. . အပေါ်မှာပဲအေးအေးဆေးဆေးနေပါ"

"နတ်ပန်း. . ."

"ဘာလဲ. . အိစံ"

"နင့် ခရီးစဉ်ကတော့ ပြန်လမ်းတောင်မမြင်တော့ဘူးဟာ. . ."





"အိစံ. . ခုချိန်မှာ ပြန်မယ်ဆိုလည်း မရတော့ဘူး"

"ဟုတ်ပါတယ်. . စိတ်ဓာတ်ကျနေလို့လည်း မထူးပါဘူး. . ဟုတ်. . နတ်ပန်း"

"ဘာလဲဟ. . ."

"ခေါ်မှုးရာက တကယ့်လူတော်တစ်ဦးပဲနော်"

"ဟုတ်တယ်..ဆရာမင်းမော်ပြောတုန်းက ဒီလောက်သူ့ကိုအထင်မကြီးဘူး. . ခု တကယ့်လက်တွေ့ကြုံတော့မှ တကယ့်သူရဲကောင်းပဲ"

"ဘာလဲ. . နင်က အထင်ကြီးသွားပြီပေါ့"

"အင်း"

"ကောင်မ. . မရိုးဘူးနော်"

"အိစံ. . ငါအထင်ကြီးတာ ရိုးရိုးပါနော်"

"အဲဒီရိုးရိုးလေးက စတာပဲဟေ့"

"တိတ်စမ်း. . တော်ကြာကြားသွားလို့ မနေတတ်မထိုင်တတ်ဖြစ်နေဦးမယ်. . ကောင်မရဲ့"

"သနားပါတယ်"

"ဘယ်သူ့ကိုပြောတာလဲ အိစံ"

"ဘယ်သူ့ပြောရမလဲ. . ငါ့ရည်းစား ဘန်ဒေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ. . နင်က နင့်လူကိုပြောပေါ့”

“ကောင်မစုတ်. . .”

ရယ်သံလေးများက နှလုံးသားကိုအမှတ်မထင်

ရောက်လာခဲ့လေပြီ. . .။

“ဟယ်. . လှလိုက်တာ”

ရောင်စုံငှက်ကလေးတွေ အုပ်စုလိုက်. . ရေအိုင်ကြီးတွင် နားလိုက်ကြ. . ပျံလိုက်ကြနှင့်မြင်ရသည့်မြင်ကွင်းမှာ စိတ်ကို ကြည်နူးစေလေသည်။ လွင်မောင်ကတော့ ကင်မရာတစ်လုံးနှင့် အလုပ်ရှုပ်နေလေသည်။

“ဒီတစ်သက် ဒီလိုနေရာမျိုးကို ရောက်ခဲ့ရတာ. . နတ်ပန်းရေ. . နင့်ကိုကျေးဇူးကမ္ဘာပဲဟာ. . .”

“ဒီလောက်အန္တရာယ်တွေကို ကျော်ဖြတ်ရတာကို နင်က ကျေးဇူးတင်နေသေးတယ်. . .”

အိစံက မကျေမနပ်နှင့် လွင်မောင့်ကို ပြောနေသည်။

“ဟဲ့. . အိစံ. . နင်ဒီလိုနေရာမျိုးကို လာချင်တယ်ဆိုတာတောင် လာလို့မရဘူး. .”

“တော်တော့ဟာ. . နင်နဲ့စကားပြောရတာ အာရုံပျက်တယ်. . နင့်ဟာကြီးနားကို သွားပြီးတွတ်ထိုးနေ. .”



www.burmeseclassic.com

www.burmeseclassic.com



"ဒင်းကြောင့် ငါကပါလာရတာ..သိမယ်..."

ဒိစ်နှုတ်ခမ်းလေးကို စူကာ ဘန်းဒေါင်းဆီသို့ သွားလေသည်။ ခေါ်မှုးရာတစ်ယောက် ရေအိုင်နားမှာ ဓါးမြှောင်တစ်ချောင်းနှင့်ဘာရှာနေလဲမသိတာကြောင့် နတ်ပန်းခင်အနားကို လျှောက်သွားလေသည်။

"ခေါ်မှုးရာ..ဘာလုပ်နေတာလဲ"

"ငါးရှာနေတာလေ..."

နတ်ပန်းခင် ရေအိုင်စပ်နားကို ကြည့်ပေမယ့် ဘာအကောင်မှမတွေ့ရပေ..ရေမှာ ကြည်လင်ပြီး အားလုံးကိုမြင်နေရသည်။

"ကဲ.."

"ဗွမ်း"

"ဖျပ်..ဖျပ်"

"ဟယ်"

အနီရောင်သဖွယ်ရှိနေသော ငါးကြီးတစ်ကောင် ခေါ်မှုးရာဓါးမြှောင်တွင် လှုပ်ရမ်းပြီး ပါလာလေသည်။

"ရှင့်မျက်စိက နတ်မျက်စိလား"

"ဘာလို့လဲ..."

"ကျွန်မကြည့်နေတာ ဘာမှမတွေ့ရဘူး"

"ဟိုမှာတွေ့လား"





ရေပေါ်တွင် အစိမ်းရောင်ရေမှော်ဖတ်ကလေးများ ရေပေါ်သို့ တက်နေသည်ကို ပြလိုက်သည်။

"ဒီရေမှော်ဖတ်တွေက ရေထဲမှာဆို ရေနဲ့တစ်ရောင်တည်းပဲလေ..သေသေချာချာကြည့်မှမြင်ရတာ..ငါးတွေက လှည့်ကြားတာနဲ့ ဒီရေမှော်ထဲကို ဝင်ပြီးပုန်းနေတာ"

"ရှင်က တကယ့်ကို မုဆိုးပီသပါတယ်"

"မုဆိုးပဲဗျာ မုဆိုးပီသရမှာပေါ့"

ငါးလေး(၅)ကောင်လောက်ကို ဖမ်းပြီး နေရာဆီသို့ ပြန်လာခဲ့ကြသည်။ ပလိုင်အောနှင့် ကျော်လေးတို့က မီးဖိုလုပ်တာ ချက်ပြုတ်နေကြလေပြီ...

"ပလိုင်အောရေ..ဒါပါကင်ကွာ"

ငါးတွေကိုချပေးပြီး ကျောက်ကမူလေးပေါ်တွင် ခေါ်မှုးရာ ထိုင်နေလေတော့သည်။ နတ်ပန်းခင် ကော်ဖီဖျော်တာ အချမ်းပြေသောက်ရင်း ခေါ်မှုးရာအတွက် တစ်ခွက်ထည့်ကာ ယူခဲ့သည်။

"ခေါ်မှုးရာ..သောက်လိုက်ပါ"

"ရပါတယ်ဗျာ..တော်ကြာ လျှာက အကျင့်ပျက်နေပါဦးမယ်"

"ရှင်ရယ်..ဒီလိုပဲ ရေခဲပြင်မုဆိုးဘဝနဲ့နေတော့မှာလား..."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မွေးဖွားရာဒေသက ကျုပ်သေဆုံးရာဒေသပဲလို့ သတ်မှတ်ထားပါတယ်"

"ရှင့်ရဲ့ဘဝကြီးကို မငြီးငွေ့ဘူးလား"

"အရင်တုန်းကတော့ ကျုပ်ဘဝကို ဒီလိုအဆုံးသတ်ဖို့ စိတ်ကူးမရှိခဲ့ပါဘူး. . ဒါပေမယ့်. . ."

ခေါ်မှုးရာ စကားကို ဆက်ပြီးမပြောတော့ဘဲ အဝေးဆီသို့ ငေးကြည့်နေမိတော့သည်။

"ဆက်ပြောလေ. . ဘာလို့စကားကို ရပ်ပစ်လိုက်ရတာလဲ. . ."

"မပြောချင်ဘူးဗျာ. . ဒီအကြောင်းတွေကိုပြောရင် ရင်ထဲမှာ ခံစားရလို့ပါ. . ."

"ပြောပြပါလား. . ကျွန်မနားထောင်ချင်တယ်"

"ပြောဖို့အားအင်တွေရှိတဲ့အခါ ပြောပြပါ့မယ်. . နေ့လည်စားပြီးရင် ခရီးဆက်ကြရအောင်. . ခုမြင်နေရတဲ့ နေရာဟာ သာယာလှပသလောက် ကြောက်စရာကောင်းတဲ့ နေရာတစ်ခု. . ."

"ဟင်"

"ခု. . ကျုပ်တို့ရောက်နေတဲ့အချိန်ကလေးမှာသာ လှပနေတာ. . ညနေစောင်းပြီဆိုရင် အန္တရာယ်ဇုန်တစ်ခုဖြစ်သွားပြီ. . ဘာအကာအကွယ်မှမရှိတဲ့နေရာ. . ဒီနယ်နိမိတ်က





နေ ညနေမရောက်ခင် လွတ်အောင်ထွက်နိုင်မှဖြစ်မယ်"

နေ့လည်စာကို အားလုံးစားသောက်ပြီးသည်နှင့် ခရီးဆက်ခဲ့ကြသည်။

"ကျွန်မတို့ရောက်ဖို့လိုသေးလား ခေါ်မှုးရာ. . ."

"နောက်(၂)ရက်လောက်ဆိုရင် ရောက်ပါပြီ"

"ဒီညအတွက်ရော စိတ်ချရတဲ့နေရာရှိပါ့မလား"

"ရှိပါတယ် နတ်ပန်းခင်. . ဟိုမှာမြင်နေရတဲ့ တောင်ထမ်းပါးအောက်မှာ နားခိုစရာရှိပါတယ်. . ."

အားလုံးခရီးပြင်းလာခဲ့ကြရသဖြင့် ပင်ပန်းနွမ်းနယ်နေကြသည်။ နေ၏အပူဒဏ်ကို မခံရခြင်းကြောင့် တစ်ကိုယ်လုံးကိုက်ခဲသလိုဖြစ်လာနေသည်။ ဒေါက်တာမျိုးထွန်းတစ်ယောက် တွဲခေါ်နေရလေပြီ. . .

"ပလိုင်အော"

"ဘာများလဲ ကိုလွင်မောင်"

"နားလို့မရသေးဘူးလား"

"ရှေ့နားဆိုရင်ရောက်ပါပြီ. . အဲဒီကျမှအတိုးချပြီးနားပေါ့ဗျာ"

"ဒေါက်တာ. . ဘယ်လိုနေလဲ"

"ရပါတယ်ဗျာ. . နားတော့မှ ဆေးသောက်တာပေါ့"

နတ်ပန်းခင်တစ်ယောက် ခေါ်မှုးရာ လက်မောင်းသို့



www.burmeseclassic.com

www.burmeseclassic.com



အမှိုပြုပြီးသာလျှောက်နေရလေသည်။

ဒီခရီးကြမ်းသည်ဟု ပြောကြပေမယ့် နတ်ပန်းခင်က အတင်းလာခဲ့ခြင်းကြောင့် ဖြစ်သမျှ ဒဏ်တွေကို သတ္တိရှိရှိရင်ဆိုင်ဖို့ပဲ ရှိတော့သည်။ အိစံဆိုလျှင် ဘန်ဒေါင်းကျောပေါ်တွင် လိုက်ပါနေရသည့် အခြေအနေကို ရောက်ရှိနေလေပြီ...

တောင်ကမ်းပါးမှအောက်ကိုကြည့်လိုက်တော့ သပ်သပ်ရပ်ရပ်ဆောက်ထားသော အိမ်လေးတစ်လုံးကို တွေ့လိုက်ရသည်။

"ဒီလိုနေရာမျိုးမှာ လူနေသေးတယ်..အံ့ရော..."

ဒီလောက်လူတွေနှင့်ဝေးလံခေါင်ပါးသည့်နေရာမှာ နေသော သူကို နတ်ပန်းခင် အံ့သြမိလေသည်။

"သူလည်း ကျုပ်လိုမုဆိုးတစ်ယောက်ပဲဗျ..သူ့အတွက်ခုလိုခရီးဟာ ဘာမှမဆန်းကြယ်ဘူး..ကျုပ်တို့ဆီကို တစ်လတစ်ခေါက်တော့ ရောက်လာပြီး..သားကောင်တွေရောင်းတယ်..ပြီးရင် သူ့ရိက္ခာတွေဝယ်ပြီးပြန်တာ..."

"တစ်ယောက်တည်းနေတာလား"

"ဟုတ်တယ်..သူ့ရဲ့ကျာနီဆိုတဲ့ ခွေးကြီးတစ်ကောင်နဲ့နေတာ..."

"မိသားစုမရှိဘူးလား"

"မရှိတော့ဘူး..အားလုံးအသတ်ခံခဲ့ရတယ်"





"ရှင်"

"သူ့နာမည်က စောမှိုင်းလုတဲ့..အက်(၅၀)လောက်ရှိပြီ..."

"ဪ"

အိမ်ကြီးနားသို့ ရောက်လာကြပြီး...

"ဟေ့..ဦးစောမှိုင်းလု..."

"ဘယ်သူတွေလဲကွ"

"ခေါ်မှုးရာပါ"

"ကွိ"

ပိတ်ထားသော တံခါးကြီးကို ဖွင့်ပြီး ကချင်အမျိုးသားကြီးတစ်ယောက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

"ဧည့်သည်တွေပါလာတာကို..လာကြဟေ့..အပြင်မှာ နှင်းလေတွေက တိုက်တော့မယ်"

အားလုံးအိမ်ထဲရောက်သည်နှင့် ဦးစောမှိုင်းလုက ရေနွေးခါးခါးတစ်ခွက်စီကို တိုက်လေသည်။

"ခရီးပန်းလာကြတယ်နဲ့တူတယ်"

"ဟုတ်တယ်"

"အင်း..ဒီလိုခရီးမျိုးက လူစိမ်းတွေအတွက် အရမ်းကို ပင်ပန်းတယ်..အေးအေးဆေးဆေးနားကြကွာ..ငါလည်းတောဝက်တစ်ကောင် ချောင်းနေတာ(၃)ရက်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီ. . သွားချောင်းဦးမယ်"

ဦးစောမှိုင်းလူ သေနတ်ရှည်တစ်လက်ကိုဆွဲပြီး ခွေးဖြူကြီးနဲ့ထွက်သွားလေတော့သည်။

အိစံတစ်ယောက်ခရီးပြင်းဒဏ်ကြောင့် ဖျားတော့သည်။ ဒေါက်တာမျိုးထွန်းသည် အိစံကို ဆေးထိုးပေးပြီးနောက်. . .

"ဒီအတိုင်းဆိုရင် မနက်ကိုခရီးဆက်နိုင်မှာ မဟုတ်ဘူးထင်တယ်"

"ဟုတ်တယ်. . ကျုပ်လည်း အားလုံးကိုဒီမှာ(၂)ရက်လောက်နားပြီးမှ ခရီးထွက်စေချင်တယ်. . ဘယ်လိုသဘောရလဲ နတ်ပန်းခင်"

"ကောင်းပါတယ်. . ခုပုံစံအတိုင်းခရီးဆက်ရင် မကောင်းဘူး. ."

အားလုံး ညနေစာကိုတောင် စားချင်စိတ်မရှိသောကြောင့် အသီးသီးနေရာယူကာ လှဲနေကြတော့သည်။



"သက်သာလား. . အိစံ"

"အင်း"

ခရီးကြမ်းဒဏ်ကြောင့် အိစံတစ်ယောက် တစ်ညလုံးအဖျားတွေတက်ပြီး. . မနက်ပိုင်းလောက်မှ သက်သာလာခဲ့သည်။

အားလုံးခရီးပန်းလာသောကြောင့် အိစံကို ဘန်ဒေါင်းအနီးကပ်ပြုစုနေရလေသည်။ ဒေါက်တာမျိုးထွန်းကတော့. . ဆေးသောက်ရုံနှင့် သက်သာ၍သိပ်ပြီးမဖြစ်ခဲ့ပေ။

"ဒီပုံစံတိုင်းဆိုရင် အိစံသက်သာမှခရီးဆက်ပြီးထွက်ဆိုရမယ် နတ်ပန်းခင်"

"ကျွန်မလည်း ဒီလိုပဲစဉ်းစားထားပါတယ်. . ကျွန်တို့သူတွေလည်း ခရီးပန်းနေပြီဆိုတော့ အားလေးဘာလေးပြန်ပြီးမွေးရတာပေါ့. . ဒါနဲ့ ခေါ်မှူးရာ ကျွန်မတို့ဒီအိမ်မှာ ရက်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ကြာတည်းခိုလို့ကောင်းပါ့မလား"

"ဦးစောမှိုင်းလုနဲ့ပတ်သက်ပြီး ဘာမှအားမနာပါနဲ့. . သူနဲ့ကျုပ်က. . မိသားစုလိုနေကြတာပါ"

"အပြင်ကို ထွက်ကြည့်ချင်တယ်. . ရမလား"

"ရပါတယ်. . သိပ်ပြီးအဝေးကြီးတော့မသွားနဲ့နော်"

"ကောင်းပြီ"

နတ်ပန်းခင်အပြင်သို့ထွက်မည်အပြု. . လွင်မောင်ကပါလိုက်မည်ဆိုသဖြင့် နှစ်ယောက်သားထွက်ခဲ့ကြသည်။

ခေါ်မှူးရာနှင့် ပလိုင်အောတို့က စားသောက်ရေးအတွက် ပြင်ဆင်နေကြသည်။ ကျော်လေးတို့နှစ်ယောက်လည်း ကိုယ်လက်တွေကိုက်နေသဖြင့် ခွေနေကြသည်။ ဒေါက်တာမျိုးထွန်းကတော့ စာအုပ်တစ်အုပ်နှင့် မှတ်တမ်းရေးရန် ကျန်ရစ်ခဲ့သည်။

"နတ်ပန်း. . ဒီအတိုင်းဆိုရင် ခရီးကထောက်ဦးမယ်"

"ဘာတတ်နိုင်မလဲဟာ. . အိစံဖြစ်နေတာကို လျစ်လျူရှုပြီးတော့ မသွားသင့်ဘူးလေ. . ပြီးတော့ ကျော်လေးတို့နှစ်ယောက်လည်း ပန်းနေကြတယ်"

"လှပတဲ့အရာတွေနောက်မှာ. . ကြောက်စရာတွေရှိနေတယ်နော်"





"နင်. . ဘာကိုဆိုလိုတာလဲ"

"ခု. . ငါတို့မြင်တွေ့နေတဲ့ ရေခဲပြင်ရဲ့အလှတရားတွေကို ပြောတာ"

ကောင်းကင်ကြီးတစ်ခုလုံး စိမ်းလန်းပြီး တိမ်တိုက်တွေက ပြေးလွှားနေသလို. . ရေခဲပြင်ကြီး၏ သာယာမှုသည် စိတ်ကိုကြည်လင်အေးမြစေသည်။

"နတ်ပန်း. . ဓာတ်ပုံရိုက်ရအောင်"

"ရိုက်ပါလား. . နင်ဘာသာနင် ရိုက်တာပဲ"

"မဟုတ်ဘူးလေ. . နင့်ကိုအမှတ်တရရိုက်ချင်လို့ ကိုယ်ရောက်ခဲ့တဲ့နေရာလေးတွေကို အမှတ်တရဖြစ်အောင်လို့ဟ"

"မရိုက်ချင်ပါဘူးဟာ"

"ရိုက်စမ်းပါ. . နင့်ကိုရိုက်ပြီးရင် ငါ့ကိုပြန်ပြီးရိုက်ပေး"

"ကဲ. . ကဲ. . ရိုက်. . ဘယ်နေရာမှာရိုက်မလဲ"

"အင်း. . ."

လွင်မောင် ပတ်ဝန်းကျင်ကို တစ်ချက်လှည့်ကြည့်ပြီး-

"ဟိုရှေ့နားကနေ ရိုက်မယ်. . အိမ်ကြီးလည်းပါသွားအောင်"

လွင်မောင် ခေါ်ဆောင်သည့်နောက်ကိုလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ခါတ်ပုံတစ်လှည့်စီရိုက်ကြသည်။ ကောင်းကင်းတွင် နေခြည် လေးက မပွင့်တပွင့်နှင့်မို့ အအေးဓါတ်က သိပ်ပြီးမပြင်း ပေ. . .

"ဟိုအပင်အောက်မှာ ခဏထိုင်ကြရအောင်"

ရေခဲပြင်တွင် ရှားရှားပါးပါးပေါက်နေသော သစ် လေးအောက်တွင် ထိုင်ကြရင်း. . .

"နတ်ပန်း"

"ဘာလဲဟာ. . အတွေးပျက်လိုက်တာ"

"နင်က ဘာတွေများတွေးနေတာလဲ. . ဧကန္တ တစ်ယောက်အကြောင်းမဟုတ်လား. . ."

"ခွေးကောင်. . ငါက ဘယ်တစ်ယောက်အကြော တွေးရမှာလဲ. . ပြောစမ်း"

"ခေါ်မှုးရာလေ. ."

"ကောင်စုတ်. . ဒါတွေးစရာလားဟ"

လွင်မောင့် လက်မောင်းကိုရိုက်ပြီး ပြောပေမ နတ်ပန်းခင်ရင်ထဲမှာ ခေါ်မှုးရာဆိုသည့် အမည်လေးက ရောက်နေသလိုရှိနေသည်တော့အမှန်။

"သူ့ဘဝအကြောင်း နင်ဘယ်လောက်သိလဲ"

"ငါက ဘာလို့သိရမှာလဲ. . မေးလည်းမမေးမိဘူ





"ခေါ်မှုးရာ ဘဝက ကြေကွဲဖို့ကောင်းတယ်"

"အံမယ်. . နင်က ဘယ်လိုလုပ်ပြီး သိနေရတာလဲ"

"ပလိုင်အော လမ်းမှာပြောပြလို့. . ."

"လုပ်စမ်းပါဦး"

"အဲ. . နင်စိတ်ဝင်စားနေပြီမဟုတ်လား"

"ကြေကွဲဖို့ကောင်းတယ်ဆိုလို့ပါ. . မပြောချင်နေ ပေါက်ကွဲရတော့မပြောနဲ့. . ."

"ပြောပြပါ့မယ်. . ဒီလိုဟ. ခေါ်မှုးရာက တက္ကသိုလ် ထိ ကျောင်းနေဖူးတယ်"

"ဟင်. . ဟုတ်လား"

"ဟုတ်တယ်. . အင်္ဂလိပ်မေဂျာနဲ့နောက်ဆုံးနှစ်ထိ တက်ခဲ့ဖူးတယ်"

"ဘွဲ့ရတဲ့အထိ မတက်ခဲ့ဘူးပေါ့"

"မတက်ခဲ့ရဘူး. . နောက်ဆုံးနှစ်တက်တဲ့နှစ်မှာ ခေါ်မှုးရာ ဖခင်ဆုံးတယ်. . ပြီးတော့ သူသိပ်ချစ်ခဲ့တဲ့ အယ်လာဆိုတဲ့ ချစ်သူတစ်ယောက်ကို သူပုန်အဖွဲ့တွေက အဓမ္မစော်ကားပြီး သတ်ခဲ့ကြတယ်. . ."

"ဟယ်. . ယုတ်မာလိုက်တာ"

"ခေါ်မှုးရာ စိတ်ဓါတ်တွေကျပြီး ကျောင်းထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မတက်ဘဲ သူချစ်သူကို သတ်ခဲ့တဲ့သူပုန်ခေါင်းဆောင်ကို လက်စားချေဖို့ ခုချိန်ထိကြိုးစားနေခဲ့တာပဲ"

"တစ်ခါက ပလိုင်အော မြို့ကိုပစ္စည်းသွားဝယ်တုန်းက မှာနေတဲ့ အယ်လာဆိုတာ. . သူချစ်သူကိုး. . ."

"ဟုတ်တယ်. . အယ်လာ့အုတ်ဂူကို နံ့သာလူတောင်ကုန်းလေးမှာ ဂူသွင်းထားတာလေ. . သူကိုယ်တိုင် သူပုန်ခေါင်းဆောင်ကို လက်စားမချေရသရွေ့ သူချစ်သူအုတ်ဂူကို မလာဘူးလို့ ကတိပြုထားလို့ ပလိုင်အောပဲ သွားပြီး မွမ်းမံပေး နေတာ. . ."

"သူပုန်ဗိုလ်က သူတို့လူမျိုးပဲလား"

"ပလိုင်အောပြောပုံအရဆိုရင် ဗမာလူမျိုးတစ်ဦးပဲ"

"ဟင်. . ."

"ဟာ. . ."

ကောင်းကင်တွင်လင်းနေသော အလင်းရောင်ထုရ ရုတ်တရက် တိမ်ထုကြီးက ကွယ်သွားပြီး အမှောင်ရိပ်ကျသွားသည်။

နေကို တိမ်ထုက ဖုံးတာပဲဆိုပြီး နေလိုက်ချိန်တွင်. . .

"ဝေါ. . ."

"လွင်မောင်"





"နတ်ပန်း"

အဝေးဆီမှ အဖြူရောင်နှင်းရိပ်ကြီးရုတ်တရက်ပေါ်လာသဖြင့် နှစ်ယောက်လုံး အံ့အားသင့်စွာဖြင့် ကြည့်နေမိသည်။

"နတ်ပန်းခင်နဲ့ လွင်မောင်. . မြန်မြန်ပြေးခဲ့. . . "

ခေါ်မှုးရာ အပြေးကလေးလာပြီးခေါ်နေသောကြောင့် လွင်မောင် နတ်ပန်းခင်လက်ကို ဆွဲပြီး ပြေးပေမယ့် နှင်းရိပ်ကြီးလက်က မလွတ်ဘဲ လုံးထွေးသွားလေသည်။

"နတ်ပန်း"

"လွင်မောင်"

နတ်ပန်းခင်ကို ဆုပ်ကိုင်ထားသော လွင်မောင့်လက် လွတ်ထွက်သွားပြီး နတ်ပန်းခင်လွင့်စဉ်သွားလေသည်။ မျက်လုံးထဲမှာ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရပေ. . မီးခိုးလုံးကြားထဲတွင် ရောက်နေသလို ခြေထောက်တွေလည်း မြေကြီးနှင့် မထိသလို ခံစားမိသည်။

"အမေ့"

နတ်ပန်းခင်ကိုယ်လေးကို တစ်စုံတစ်ယောက်က ဖက်ထားလိုက်သည်ကို သိပေမယ့် မျက်လုံးကို လုံးလုံးဖွင့်၍မရအောင်ပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"မြေကြီးမှာဝပ်နေ နတ်ပန်းခင်. . ."

"ဟုတ်ကဲ့"

ပြောနေသည့်စကားသံက ခေါ်မှူးရာအသံဟု ထင်မိသည်။ လေသံနှင့် ရောထွေးနေသဖြင့် ပြတ်သား မကြားရချေ။ နတ်ပန်းခင်ကို ကျောဘက်မှသိုင်းဖက်ပြီး မြေ တွင်ဝပ်နေသည်မှာ အတော်လေးပင်ကြာခဲ့သည်။ နှင်းမြ ရိပ်ကြီးလည်း တဖြည်းဖြည်း လွင့်ပြယ်သွားသည်နှင့်. . .

"နတ်ပန်းခင်. . ထတော့ ရပြီ. . ."

"လွင်မောင်ရော"

လွင်မောင်တစ်ယောက် နှင်းရိပ်ကြီးနောက်တွင် သွားပြီလားဟု ထင်လိုက်မိသည်။

"ရှိပါတယ်. . ဟိုမှာ ဝပ်နေတယ်"

လွင်မောင် ကျောက်တုံးအောက်တွင် ခေါင်းဖ ထောင်ဘဲဝပ်နေသည်ကို ခေါ်မှူးရာ လှမ်းပြလိုက်သည်

"လွင်မောင်"

"ဟာ. . ."

နတ်ပန်းခင် လှမ်းပြီးခေါ်မှ ခေါင်းထောင်လာပြီး ထလာသည်။

"နတ်ပန်း"





"ဘာလဲ လွင်မောင်"

"ငါ နင့်အပေါ်မှာ တာဝန်မကျေဘူးဟာ"

"လွင်မောင်ရယ်. . ဘာတတ်နိုင်မှာလဲ. . ငါလည်း ဘာမှမဖြစ်ပါဘူး"

ခေါ်မှူးရာကို ကြည့်ပြီး ပြောလိုက်သည်။

"ကဲ. . အိမ်ထဲကို အမြန်ဝင်ကြရအောင်. . ဒီလေက နောက်တစ်ကြိမ်ရောက်လာတတ်တယ်"

အိမ်ကြီးဆီသို့(၃)ယောက်သား အပြေးကလေး လာခဲ့ကြတော့သည်။ ဒီတစ်ခါလက်ကို ဆွဲမိသူက လွင်မောင် မဟုတ်. . ခေါ်မှူးရာပင် ဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အိစံတစ်ယောက်လည်း တော်တော်လေးသက်သာလာနေပြီဖြစ်သဖြင့် မနက်ကျရင် ခရီးထွက်နိုင်မည်ဖြစ်သည်။ အိမ်ကြီးထဲတွင် မီးဖိုကာ ဝိုင်းဖွဲ့ပြီး ထိုင်နေကြသည်။

"ခေါ်မှုရာ"

"ဘာများလဲ နတ်ပန်းခင်"

"ဦးစောမှိုင်းလုခရီးသွားတာ (၃)ရက်တောင်ပြည့်တော့မယ်. . ခုထိပြန်မလာသေးဘူး"

"သားကောင်နောက်ကို မရမကလိုက်နေတယ်နဲ့ တူတယ်"

"ဒီသားကောင်က ခုလိုပဲ လိုက်ရတာလား"

"ဟုတ်တယ်. . တစ်ခါတလေ(၁၀)ရက်လောက်တောင်ကြာတတ်တယ်. . ဒီကောင်ကြီးတွေ မြေအောက်နှင်း





တွေကြားမှာ ဂူလုပ်ပြီးနေကြတာ. . အထွက်ကို စောင့်ရင် ခုလိုကြာတတ်တယ်. ."

"စောင့်တော့ ဘယ်လိုစောင့်ရတာလဲ"

"ဂူနဲ့မလှမ်းမကမ်းမှာ ရှက်ဖျင်ထိုးပြီး စောင့်ရတာ"

"ဟယ်. . လေတွေ မုန်တိုင်းတွေကျလာရင်ရော"

"ရေခဲပြင်မုဆိုးတွေအတွက် လေကြမ်းတွေမုန်တိုင်းတွေက သိပ်ပြီးမမှုတော့ပါဘူး. . ဒီကောင်တွေဂူကိုတွေ့ဖို့ဆိုတာ (၁၀)နှစ်မှတစ်ကြိမ်မတွေ့နိုင်ဘူး. . အရမ်းကို ပိရိပြီး သေသပ်တယ်"

"ဒေါက်. . ဒေါက်. . ဒေါက်. . ."

တံခါးခေါက်သံကြောင့် ပလိုင်ဖဲအောထပြီး ဖွင့်ပေးလိုက်သည်။

"ဟာ. . ဦးစောမှိုင်းလု. . ."

"ခေါ်. . မှုး. . ရာ"

"ဟင်. ."

"အို. . ."

ဦးစောမှိုင်းလု ရင်ဘတ်ကိုဖိပြီး ယိမ်းယိုင်ကာ ဝင်လာသည်။ သွေးတွေက မြင်၍ မကောင်း. . .

"ဘယ်လိုဖြစ်တာလဲဗျာ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို . . ဟို ကောင် . . နတ်ဘီလူး . . လုပ်ကြဲလိုက်တယ် . . ."

"ဘာ . . နတ်ဘီလူး . . ."

ခေါ်မှူးရာ . . နတ်ဘီလူးအမည်ကြောင့် မျက်နှာတစ်ခုလုံး တင်းမာသွားလေသည်။

"ဦးစောမှိုင်းလုကို ဆေးကုဖို့ပြင်ပါ . . ."

ဒေါက်တာမျိုးထွန်းက ဆေးအိတ်ကိုယူပြီး ဒဏ်ရာကို ကြည့်လေသည်။

"ကုမနေ ပါနဲ့ကွာ . . မရ . . ပါဘူး . . ခေါ်မှူးရာ . . ဒီကောင်တွေ ငါ့နောက်က ပါလာကြတယ် . . ရော့ . . ဒါကို မင်းယူထားလိုက် . . ."

"ဟာ . . ဦးစောမှိုင်းလု"

ခေါ်မှူးရာ လက်ထဲတွင် ဦးစောမှိုင်းလု ငြိမ်သက်သွားသည်။ ဒေါက်တာမျိုးထွန်းက သွေးကြောကို စမ်းသပ်ပြီး ခေါင်းခါပြလိုက်တော့သည်။

"တောက် . . နတ်ဘီလူး . . မင်းနဲ့ တွေ့ကြတာပေါ့"

"ခေါ်မှူးရာ"

ပလိုင်အော ခေါ်မှူးရာလက်မောင်းကို ဆုပ်ကိုင်ပြီး သတိပေးနေသည်။ ဦးစောမှိုင်းလု ပေးခဲ့သော ပစ္စည်းကိုကြည့်





လိုက်တော့ ရွှေရောင်တဖိတ်ဖိတ်တောက်နေသော ခါးမြောင်တစ်လက် . . စိန်တွေက ခါးရိုးတွင် စီထားသည်။

"နတ်ဘီလူးတို့ ဒီခါးနောက်ကို လိုက်ကြတာဖြစ်မယ်"

"ဟူး . . ."

"ဘုတ် . . ဘုတ်"

"ဟာ . . ဒီကောင်တွေလာနေပြီနဲ့တူတယ်"

"ပလိုင်အော . . မင်းအခြေအနေကို တွက်ကြည့် . ."

"အေး . . ."

ပလိုင်အော အပြင်သို့ပြေးထွက်ပြီးကြည့်ကာ ပြန်ဝင်လာသည်။

"ခေါ်မှူးရာ . . ဒီကောင်တွေအင်အားများတယ် . . ခုခံဆိုင်ဖို့မလွယ်ဘူး"

"ဘယ်လိုလုပ်ကြမလဲ"

"ဘာမှမပူပါနဲ့ ဦးစောမှိုင်းလု အိမ်မှာ မြေအောက်ခန်းရှိတယ် . . ."

"ဦးစောမှိုင်းလုကို ထားခဲ့မှာလား ခေါ်မှူးရာ . ."

"ထားခဲ့ရမှာပဲ . . ဒီကောင်တွေအိမ်ကို မွှေနှောက်ပြီး ပြန်မှာပါ . . မြေအောက်ကို ဝင်ကြမယ် . . ပလိုင်အော . . ဟို သော့ချပ်တွေကို ခွာလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အေး . . ."

ပလိုင်အောနှင့် ဘန့်ဒေါင်းတို့ပျဉ်ချပ်တွေကို ခွာလို သည်နှင့် မြေအောက်တံခါးပေါက်ကြီးကို တွေ့လိုက်ရသ

သပ်သပ်ရပ်ရပ်လုပ်ထားသော တံခါးချပ်ကို ဖွင့် အောက်သို့အားလုံးဝင်ခဲ့ကြသည်။

"ပစ္စည်းတွေတစ်ခုမှ မကျန်ခဲ့စေနဲ့ဟေ့ . . ."

"အေးပါ"

မြေအောက်ခန်းကြီးဆိုပေမယ့် ပေ(၂၀)လော ကျယ်ဝန်းပြီး ပစ္စည်းများစွာလည်း ရှိနေသည်။

"ပလိုင်အော . . မင်းသေသေချာချာပြန်ပြီး ပိတ် လား"

"အေး . . ပိတ်ခဲ့တယ် . . ဒီကောင်တွေဘယ်လိုမှ နိုင်ဘူး . . ဟော . . ခြေသံတွေကြားနေရတယ် . . "

အိမ်ကြီးပေါ်မှ ခြေသံတွေ အော်ဟစ်သံတွေနဲ့ပစ္စ များပေါက်ခွဲသံတွေကို ကြားနေရသည်။

"ငါ့အတွက် အခွင့်အရေးတစ်ခုဆုံးရှုံးပြန်ပြီ"

"ခေါ်မှူးရာရယ် . . ဒီကောင်တွေနဲ့ငါတို့ပြန်ပြီး တွေ့ မှာပါ . . ."

"ဒီညတော့ မြေအောက်ထဲမှာပဲ အိပ်ကြတာပေ





မြေအောက်အခန်းကြီးထဲတွင် နေရာကိုယ်စီယူကာ အိပ်ရန်ပြင်လိုက်ကြလေသည်။ အတော်လေးကြာတော့ အပေါ်ထပ်ဆီမှ အသံများပျောက်သွားသည်။

"ဒီကောင်တွေလစ်ပြီထင်တယ် . . ငါအခြေအနေ ထွက်ကြည့်ရမလား . . ."

"ထွက်ကြည့်တော့ ကောင်းတာပေါ့ကွာ"

ပလိုင်အောအပေါ်သို့တက်သော သစ်သားလှေကား မှတစ်ဆင့် အိမ်ပေါ်ဆီသို့သွားလေသည်။

"ဘယ်လိုလဲ . . ပလိုင်အော"

"အိမ်ထဲမှာတော့ တစ်စစီပျက်စီးသွားပြီကွ . . ဒီ ကောင်တွေ အပြင်မှာ ရှိနေတုန်းပဲ"

"ဟင်"

"ငါအထင်တော့ အိမ်ကြီးကို တစ်ခုခုလုပ်မယ့်ပုံပဲ"

"တောက် . . နတ်ဘီလူး မင်းအတွက်အသက်ရှင်ရက် တွေမကျန်တော့ပါဘူး"

"ဖျောက် . . ဖျောက် . . ဖျောက်"

"ဘာသံလဲ ခေါ်မှူးရာ"

"ဒီကောင်တွေ ကိုစောမှိုင်းလူ အိမ်ကြီးကို မီးရှို့နေ ပြီ . . နတ်ပန်းခင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ."

"ကျုပ်တို့မြေအောက်ခန်းကို မီးမရောက်နိုင်ပါဘူး"

"ဒီလူတွေအတော့်ကို ယုတ်မာကြတယ်"

ခေါ်မှုးရာ ဦးစောမှိုင်းလုပေးခဲ့သော ရွှေဓါးမြှောင်ကို ဆုပ်ကိုင်ပြီး. . .

"ဦးစောမှိုင်းလု ခင်ဗျားအတွက် ကျုပ်လက်စားချေ ပေးပါ့မယ်. . စိတ်ချယုံပါ. . "

မြေအောက်ခန်းထဲတွင် အားလုံးစကားသံလေးများ တိတ်ဆိတ်သွားခဲ့လေပြီ. . အပေါ်အိမ်ကြီးကတော့ မီးလောင်၍ ကောင်းနေဆဲပေ. . .

"ရှင်သိပ်ပြီး ခံစားနေရလား ခေါ်မှုးရာ"

"ဟုတ်တယ် နတ်ပန်းခင်. . ကျုပ် ခင်ဗျားတို့ကို ငဲ့ပြီး ဒီကောင်ကို ရင်မဆိုင်တာပဲ. . ကျုပ်ဘဝမှာ နာကြည်းဆုံးလူ က ဒီနတ်ဘီလူးဆိုတဲ့ကောင်ပဲ"

နတ်ပန်းခင် ဘာကြောင့်လဲဆိုတာကို မမေးရက်ပေ။ နတ်ပန်းခင် စိတ်ထဲမှာသိနေသည်မှာ ခေါ်မှုးရာ ချစ်သူကို သတ်ခဲ့သူမှာ နတ်ဘီလူးပင်ဖြစ်နေလိမ့်မည်။

"နတ်ပန်းခင် အိပ်တော့လေ. . မနက်ခရီးက ဆက်ရဦးမှာ"





"ရှင်လည်း အိပ်လိုက်ပါ. . ကျွန်မတို့အဖွဲ့မှာ ရှင့်ကို ဲ အားကိုးပြီး သွားနေကြရတာဆိုတော့ ရှင်တစ်ခုခုဖြစ်လို့ ဖြစ်ဘူး"

"စိတ်ချပါ. . ကျုပ်အသက်ရှင်နေသရွေ့ တာဝန်ကျေ စေရပါ့မယ်"

နှစ်ယောက်သား အကြည့်ကလေးများထဲတွင် သံ ယောဇဉ်ဆိုတာလေးရှိနေမယ့် ဟန်ဆောင်လျက်ပင်. . .။

www.burmeseclassic.com

www.burmeseclassic.com

မီးလောင်ပြင်တွင် ကြွင်းကျန်ခဲ့သော ဦးစောမှိုင်းလူ
အရိုးစုများကို စုပုံပြီးမြေမြှုပ်ခဲ့ကြသည်။
အားလုံးစိတ်ထဲတွင် မကောင်းခဲ့ပေ. . .
"သွားကြမယ်ဟေ့. . ."
"ခေါ်မှူးရာ အရှေ့ဘက်တောလမ်းကဖြတ်သွ
မလား"
"အေး. . အဲဒီက သွားကြမယ်၊ တောင်ဘက်ထ
ခရီးမြန်ပေမယ့်၊ လမ်းကကြမ်းတော့မလွယ်ဘူး"
ပလိုင်အောရှေ့မှဦးဆောင်ပြီး. . စတင်ပြီး ထွက်
ကြလေသည်။
"ခေါ်မှူးရာ. . ."
"ဘာများလဲ. . နတ်ပန်းခင်"
"ရှင့် ခါးကြားက ရွှေဓားမြှောင်ကို ခဏကြည့်လို့





သား"
"ရပါတယ်. . ကြည့်လေ"
ခေါ်မှူးရာ လှမ်းပေးသောဓားမြှောင်ကိုကြည့်တော့
ရွှေနှစ်ပေါင်းများစွာက လက်ရာတစ်ခုဖြစ်နေသည်။
"ဒီဓားမြှောင်ကို ဘယ်ကနေ. . ဦးစောမှိုင်းလူ ရခဲ့
တာလဲ"
"သူပြောတာတော့. . ကျောက်ဂူလေးတစ်ခုဆီက
အရိုးစုတွေကြားကတွေ့ခဲ့တာတဲ့. . အဲဒီမှာ တခြားလက်နက်
တွေလည်းရှိတယ်. . သူကစိတ်မဝင်စားလို့မယူခဲ့ဘူး၊ ဒီဓား
လေးကို သဘောကျပြီးယူခဲ့တာလေ"
"နတ်ဘီလူးတို့က ဘယ်လိုလုပ်ပြီးသိသွားတာလဲ"
"ကျုပ်အထင်တော့ ဦးစောမှိုင်းလု မြို့တက်ပြီးရောင်း
တာကို သတင်းရသွားတာဖြစ်မယ်ဗျ. . တစ်ခါ ကျုပ်ဆီ
ရောက်တုန်းက ဈေးဆိုင်ထားတယ်လို့တော့ ပြောတယ်. .
တစ်ခေါက် သူမြို့ကိုပြန်တက်ရင်ရောင်းပစ်မှာ ခုတော့လုပ်
ကြံခံလိုက်ရပြီ. . နတ်ပန်းခင်က ဒီဓားကိုဘယ်လိုမြင်ထားလို့
လဲ. . ."
"ဒီဓားဟာ ရွှေနှစ်ပေါင်းထောင်ကျော်က လူသားတွေ
စိတ်ကူးပေါက်ပြီးလုပ်ခဲ့တဲ့ ဓားမြှောင်တစ်ချောင်းပဲ အရမ်းအို



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကြီးတယ်"

"ကျုပ်က ဒါတွေကိုနားမလည်တော့ မသိဘူးဗျာ"

"ဒီတစ်ခါ. . ရာသီဥတုက နေတောင်ထွက်နေ[illegible] လား"

"ဟုတ်တယ်. . ကျုပ်တို့အတွက် ကံကောင်းတာပဲ[illegible] နောက်ထပ်တစ်နာရီလောက်ခရီးဆက်ပြီးရင် ရွာကလေးတ[illegible] ရွာကိုရောက်ပါပြီ. . အဲဒီကျမှနားကြမယ်လေ"

"ကောင်းတာပေါ့ဗျာ"

လွင်မောင်နှင့် ဘန်ဒေါင်း ကျောပေါ်မှအထုပ်တွေ[illegible] ချကာ. . ခြေပစ်လက်ပစ်ထိုင်ချလိုက်ကြသည်။ အိစံက. . နတ်ပန်းခင်ဘေးကို ရောက်လာပြီး. . .

"နတ်ပန်း"

"ဘာလဲ. . အိစံ"

"ငါတို့အတွက် ပြန်လမ်းရောရှိပါ့မလား"

"အိစံရယ်. . နင်စိတ်ဓာတ်ကျနေပြီလား"

"ဟုတ်တယ်. . ငါလိုက်လာမိတာ မှားပြီလို့တော[illegible] ထင်မိတယ်. . ခုမှတော့ပြန်လှည့်ပြီးသွားလို့လည်း မရတော့[illegible] ဘူး. . ဖြစ်ချင်ရာဖြစ်စေတော့ ခရီးဆုံးအောင်သွားတော့မယ်"

"ဒီလိုလုပ်စမ်းပါ"





"မှို. . ."

"ဟယ်"

လေချွန်သံလိုလို အသံတစ်ခုကိုကြားလိုက်ပြီး. . .

"နတ်ပန်းခင်တို့ မလှုပ်နဲ့"

"မှိုး. . ."

"ဗို. . ."

"အမလေး. . ."

"အယ်. . ."

ခေါ်မှူးရာ လက်ထဲမှ မှုတ်ပြွေလေးနှင့်ပစ်လိုက်သော နေရာမှ. . လက်ကောက်ဝတ်လောက်ရှိသော မြွေဖြူကြီးတစ်ကောင် ပါးပျဉ်းကြီးထောင်ပြီး ရန်မူရန်ပြင်ချိန်တွင်. . .

"ဒိုင်း. . ."

ခေါ်မှူးရာ သေနတ်နှင့်ပစ်ချလိုက်သည်။

မြွေပြင်တွင် မြွေကြီး၏ခေါင်းပိုင်း တစ်စစီဖြစ်သွားသည်။

"တော်သေးတာပေါ့. . ခေါ်မှူးရာရယ်"

"မြွေကြီးနဲ့တစ်ရောင်တည်းနော်. . ."

"ဟုတ်တယ်. . နှင်းခဲမြွေဟောက်တွေပဲ. . အဆိပ်ပြင်းတယ်၊ ဆက်ပြီးသွားကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ."

အားလုံး နားနေရာမှခရီးထွက်ခဲ့ကြလေတော့သည်။

ရေခဲပြင်တွေ နှင်းမှုံပွင့်တွေကိုမတွေ့ရတော့ဘဲ. . စိမ်းလန်းသောတောတန်ကြီးနှင့် မြေလမ်းသွယ်ကိုတွေ့နေတော့သည်။

"ကုန်းမြေပိုင်းကိုရောက်ပြီ. . ."

"ဟုတ်တယ်နော်. . အံ့ဩဖို့ကောင်းတယ်၊ နယ်မြေတစ်ခုတည်းမှာ ပုံစံ(၂)ခုကွဲပြားနေတယ်"

"ဒီနယ်မြေက နယ်စပ်ဆီကိုရောက်ဖို့ (၁၀)မိုင်လောက်ပဲလိုတော့တာလေ. . ဒါကြောင့် ရေခဲပြင်နယ်နိမိတ်လိုတော့ သိပ်ပြီးမအေးပါဘူး. . ရာသီဥတုလည်း ဒီနယ်မြေက မှန်တယ်"

အအေးကြားထဲမှဖြတ်ခဲ့သော နတ်ပန်းခင်တို့အိုက်စပ်လာသလိုတောင်ဖြစ်လာကြသည်။

"ခေါ်မှူးရာ. . ရွာထဲမှာနားမှာလား"

"မနားဘူး ပလိုင်အော. . မင်းနဲ့ကိုလွင်မောင် အခြေအနေကိုသွားပြီးကြည့်ကွာ၊ ငါတို့တောထဲမှာ စခန်းချပြီးစောင့်နေမယ်"

"အေး. . ကိုလွင်မောင်သွားရအောင်၊ ခင်ဗျားအပေါ်





ဘာ အင်္ကျီတွေချွတ်လိုက်လို့ရပြီ. . အေးမှမအေးတော့ဘဲ"

လွင်မောင် အနွေးအင်္ကျီတွေကိုချွတ်ပြီး ပလိုင်အောနဲ့လိုက်သွားတော့သည်။

"ဘာလို့ ရွာထဲမှာမနေတာလဲ"

"ဒီရွာက. . အမှောင်လောကကောင်တွေ ခြေရှုပ်တဲ့ရွာလေ"

"ဪ. . ."

"ဒါကြောင့်. . ဒီမှာနားပြီး၊ ဝယ်စရာရှိတာကို ဝယ်ကြရမယ်"

"ခေါ်မှူးရာ. . ဘာဝယ်ချင်သေးလဲ"

"ခင်ဗျားတို့အတွက်. . မြင်းဝယ်ရမယ်၊ ပြီးတော့ အစုစည်းတွေတင်လို့လည်းရတာပေါ့"

တောထဲကိုအားလုံးဝင်ခဲ့ပြီး၊ အန္တရာယ်ကင်းတဲ့နေရာတွင် နားကြရန်ပြင်ကြလေသည်။

"ဟူး. . တော်ပါသေးရဲ့"

"ဘာဖြစ်လို့လဲ"

"ငါက ရေခဲပြင်နဲ့ပဲသွားရမယ်ထင်တာ. . ခုတော့ မြေလမ်းနဲ့သွားရမယ်ဆိုတော့ စိတ်သက်သာသွားတာပေါ့"

"ခေါ်မှူးရာ. . ကျွန်မတို့ရေခဲပြင်ကို ဆက်ရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မဆက်ရတော့ပါဘူး. . နတ်ပန်းခင်သွားချင်တဲ့
ရာကို လမ်းနှစ်ခုကပဲ သွားရတော့မှာပါ"

"ဘယ်လိုလမ်းတွေလဲ"

"ပထမလမ်းက တောထဲကခရီးသွားရမယ်. . ပြီး
ရေကြောင်းတစ်ခုကနေ သွားပြီး. . နှင်းလွင်ပြင်တစ်ခု
ရောက်ပြီးလေ. . အဲဒီမှာ နတ်ပန်းခင်ရှာဖွေမယ့်နေရာ

"ရက်က. . ဘယ်လောက်ကြာမလဲ"

"အများဆုံး. . (၂)ရက်လောက်ပါပဲ"

ကျော်လေးနှင့် ဘန်ဒေါင်းတို့စားသောက်ရန်ကို
စီစဉ်နေသလို. . ခေါ်မှူးရာနှင့် နတ်ပန်းခင်က ခရီး
ကြောင်းကို မြေပုံကြည့်ပြီး တွက်ချက်နေကြသည်။

"တူ. . တူ. . တီ. . ."

"ဘာသံလဲ. . ."

"ပလိုင်အော်တို့ အချက်ပေးတာ"

"တူ. . တူ. . တီ"

ခေါ်မှူးရာ ပြန်ပြီးအချက်ပေးလိုက်ပြီးသိပ်မကြာ
သူတို့နေရာကိုရောက်ရှိလာလေသည်။

"ဘယ်လိုလဲ. . ပလိုင်အော"

"ခေါ်မှူးရာ. . အခြေအနေတွေက မကောင်းဘူ





"အကြောင်းစုံကိုတော့ မသိရသေးဘူး. . ဟိုကောင်
နတ်ဘီလူးနဲ့ နယ်စပ်ကလူတွေ ရွာထဲမှာရောက်နေတယ်. .
ငါ အိုက်ကောကိုခေါ်ထားတယ်. . ဒီကောင်လေးလာမှ အ
ကြောင်းစုံသိရမယ်"

"ကျွန်မတို့ ခုစောင့်နေတဲ့နေရာက စိတ်ချရပါ့မလား"

"ဟုတ်တယ်. . သိပ်ပြီးစိတ်မချရဘူး၊ လုံခြုံတဲ့နေရာ
ကို ရွှေ့ထားကြ"

"အေး. . ."

အားလုံးစားသောက်ပြီးသည်နှင့် တောနက်ထဲသို့ထပ်
ပြီးဝင်လာကာ. . ကျောက်ဂူကြီးတစ်လုံးဆီကိုရောက်ခဲ့ကြသည်။

"ဒီနေရာဆို စိတ်ချရပါပြီ"

ကျောက်ဂူထဲကို ခေါ်မှူးရာတစ်ယောက်တည်းသွား
ပြီးမှ. . အန္တရာယ်ကင်းသည်ဆိုမှ အားလုံးကိုအထဲသို့ဝင်စေ
ခဲ့သည်။

ကျောက်ဂူကြီးမှာ ကျယ်ဝန်းပြီး. . အလင်းရောင်က
အပေါ်ကျောက်အပေါက်တွေဆီမှ ဝင်နေသောကြောင့်. .
မီးအလင်းရောင်ပင်ထွန်းစရာမလို. . .

ပလိုင်အောတစ်ယောက်တည်း. . အိုက်ကောသို့
သွားပြီးခေါ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အိုက်ကောက ခေါ်မှူးရာတို့လူလား. . ."

"ဟုတ်တယ်. . ကျုပ်နဲ့ မတော်စပ်လိုက်ရတဲ့သူပေါ့"

နတ်ပန်းခင်နားလည်လိုက်သည်။ ခေါ်မှူးရာ ချစ်သူ၏ မောင် (သို့) အစ်ကိုပင်ဖြစ်သည်။

"ဟောဟိုမှာ ပလိုင်အောပြန်လာနေပြီ"

"ခေါ်မှူးရာ"

"အိုက်ကော. . လာကွာ"

ဂူထဲသို့ရောက်လာကြပြီး. . .

"ဘာတွေဖြစ်နေတာလဲ အိုက်ကော"

"ဟို လူယုတ်မာနဲ့ မြို့ကလူတွေ ရှေးဟောင်းရုပ်ကြွင်းတွေကို ရှာဖို့ရောက်နေကြတယ်"

"ဟင်. . ."

"ဟာ"

"ငါ့အထင်တော့. . ရှေးဟောင်းရုပ်ကြွင်းတွေ ရှာတာတော့မဖြစ်နိုင်ဘူး၊ ဟိုမြို့ကလူတွေကို ကြည့်ရတာ လူကောင်းတွေမှမဟုတ်တာ. . ."

နတ်ပန်းခင်တို့ရှာနေသော အာယိယံမျိုးနွယ်စုနေရာကို ရှာဖို့ရောက်လာသည့်သူတွေပင်ဖြစ်မည်။

"လမ်းပြက ဘယ်သူလဲ အိုက်ကော. . ."





"ဖိုးစံလုပဲ. . သူ့ဆီကမှ ငါသိခဲ့ရတာ၊ မြို့ကလူကြီးနာမည်က မိုးမိတ်တဲ့"

ဦးမိုးကောင်းနှင့် ဆက်နွယ်သူတစ်ဦးများလားဟု ထင်မိသည်။

"ကဲပါလေ. . ဘယ်လိုပဲဖြစ်ဖြစ်၊ မင်းငါ့တို့ကိုကူညီဦး"

"ငါ. . ဘာကူညီရမှာလဲ ပြောလေ. . ."

"မြင်းလေးကောင်နဲ့ လက်နက်လိုချင်တယ်"

"ရတယ်. . မြင်း(၄)ကောင်ကတော့. . ငါ့ဆီက ကောင်တွေပဲ ယူသွားကွာ၊ မင်းတို့မယူရင်လည်း ဒီကောင်တွေယူမှာပဲ၊ လက်နက်အတွက်တော့ ငါ့ဟိုကောင်စံလူအောင်ဆီကိုသွားမှရမှာပဲ"

"အဆင်ပြေနိုင်မလား. . ."

"ပြေနိုင်ပါတယ်. . ဒီကောင် ဟိုရက်ကမှသူပုန်အဖွဲ့အတွက် လက်နက်ဆင်းပြီးဝယ်ရင်း. . သူ့အတွက်လက်နက်တွေပါ သယ်လာတာ"

"အိုက်ကော. . မင်းပဲအစအဆုံး ကူညီကွာ"

"ကောင်းပြီ"

အိုက်ကောကို လိုအပ်သည့်ငွေကိုပေးလိုက်ပြီး. . ခိုမည့်နေရာကို ချိန်းဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပလိုင်အော. . မင်း ဒီဂူမှာနေခဲ့ဦး"

"မင်းက ဘယ်သွားမလို့လဲ"

"ရိက္ခာကပြတ်ပြီ. . ထွက်ရှာရဦးမယ်"

"အေး. . ဟိုချောင်းဘေးမှာ ကျီတွေကျတယ်လို့အသံကြားတယ်"

ခေါ်မှုးရာ. . သူကိုင်ဆောင်သည့်လေးကို ပခုံးပေါ်တင်ပြီး သွားမည်အပြု. . .

"ခေါ်မှုးရာ. . ."

"နတ်ပန်းခင်"

"ရှင်. . သတိနဲ့သွားပါနော်"

"စိတ်ချပါ. . ကျုပ်အသက်ရှင်နေဦးမှာပါ။ ခုလိုစိုးရိမ်ပေးတာကို ကျေးဇူးတင်ပါတယ် နတ်ပန်းခင်"

"ဩော်. . ခေါ်မှုးရာရယ်"

သံယောဇဉ်ဆိုသည်မှာ အမှတ်မထင်သော အမှတ်တရတစ်ခုပင် မဟုတ်လား. . .။

ခေါ်မှုးရာ ထွက်သွားသည်မှာ ကြာမြင့်နေလေပြီ ဖြစ်သည်။ ညနေစောင်းလို့ နေဝင်လုလု. . .

အားလုံး ခေါ်မှုးရာကိုစိုးရိမ်နေကြသည်။ ထိုအထဲတွင် နတ်ပန်းခင်မှာ ပို၍နေသလားပင်. . .





"ပလိုင်အော. . ."

"နတ်ပန်းခင် ဘာပြောမလို့လဲ"

"ခေါ်မှုးရာနောက်ကို လိုက်ကြည့်ပါဦး"

"ဟုတ်တယ်. . တစ်ခုခုများဖြစ်နေမလား"

အိစံပါဝင်ပြီး ပြောသောကြောင့်. . .

"ခေါ်မှုးရာ ပြန်ရောက်မှာပါ. . ဒီတောနယ်မြေကို ခေါ်မှုးရာကျွမ်းကျင်ပါတယ်. . သူ့ကိုဘာသားကောင်မှ န်တုနိုင်တာမရှိပါဘူး"

"သားကောင်မဟုတ်ဘဲ. . တခြားသူတွေဖြစ်နေရင် ာ"

"ဒီတောထဲမှာ. . ယုတ်မာတဲ့ကောင်တွေ နေလို့မရ ဘူး"

"ဘာလို့"

"ဒီတောဟာ. . သူတော်စင်တွေ၊ သူတော်ကောင်း တွေ ကျင့်ကြံအားထုတ်တဲ့နေရာတစ်ခု. . မကောင်းတဲ့ကောင် တွေ ဒီတောထဲဝင်တာနဲ့ တစ်ခုမဟုတ်တစ်ခုဖြစ်တော့တာပဲ"

"မုဆိုးလုပ်တဲ့သူကိုရော. . ဒုက္ခမပေးဘူးလား"

"ဒီတောရဲ့ဓလေ့တစ်ခုရှိတယ် နတ်ပန်းခင်၊ ဒီတောထဲ သားကောင်ဝင်ပစ်ပြီဆိုရင် အပေးအယူတစ်ခုတော့ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဘာအပေးအယူလဲ"

"ပထမဆုံး. . သူတော်စင်တွေ တရားအားထုတ်နေ

တဲ့နေရာ ပတ်ဝန်းကျင်မှာဘယ်လိုသားကောင်မှ မပစ်ရဘူး

ပစ်မိတဲ့မုဆိုးကတော့ တောထဲကနေအပြင်ကို ပြန်မရောက်

တော့ဘူးမှတ်. . အပေးအယူဆိုတာကတော့ ရတဲ့သား

ကောင်ရဲ့သုံးပုံတစ်ပုံကို ခွဲထားခဲ့ရတယ်၊ သဘောကတော့. .

တောစောင့်နတ်တွေစားဖို့ ဆိုရမှာပဲ"

"တကယ်လို့ မပေးခဲ့ရင်. . ."

"သားကောင်ကိုတော့ အပြင်ကိုရောက်အောင်သယ်

နိုင်တဲ့သူ မရှိဘူး. . ."

"အံ့သြဖို့တော့ ကောင်းတယ်နော်"

"ဒီတောမှာ အံ့သြဖို့ကောင်းတာ ရှိသေးတယ်"

"ဘာများလဲ. . ပလိုင်အော"

"သေနတ်လုံးဝပစ်လို့ မရဘူး"

"ဟင်. . ."

"အရင်က သူပုန်တွေမယုံကြည်ဘူးလေ၊ တောထဲ

ဝင်ပြီးပေါက်ကရလုပ်ကြတော့. . တကယ်အသေဆိုးနဲ့ သေ

ကြတာပဲ. . ဒီလိုဖြစ်ပြီးမှ တောထဲကိုဝင်ပြီးမရမ်းရဲတော့

တာ. . ခုပြောတဲ့စည်းတွေကို စောင့်ရင်ဘာမှမဖြစ်လော



ပါဘူး၊ ဟော. . ဟိုမှာ လာနေပြီ"

"ဟယ်. . ."

ခေါ်မှုးရာကိုမြင်မှ နတ်ပန်းခင်ရင်ထဲက အပူသောက

လေး ကျသွားတော့သည်။ ထိုပူပန်မှုလေးကို ဘယ်သူမှမသိ

နိုင်အောင်တော့ လျှို့ဝှက်ထားရသည်။ ခေါ်မှုးရာ ယုန်ဖြူ

လေး(၅)ကောင်ကိုကိုင်ပြီး. . ဂူဆီသို့ရောက်ခဲ့လေတော့သည်။

"ရှင်. . ဘာလို့နောက်ကျတာလဲ"

"ဩော်. . ရသေ့ကြီးကျောင်းဇရပ်ကို ဆောက်ပေးနေ

ရလို့ပါ. . ယုန်(၈)ကောင်ရတာ (၃)ကောင်ကိုတော့ထားခဲ့ရ

တယ်. . ဒီ(၅)ကောင်နဲ့ ညစာစားကြတာပေါ့"

"ခေါ်မှုးရာ. . မင်းချောင်းဘက်မဆင်းဘူးလား"

"မဆင်းဖြစ်ပါဘူး ပလိုင်အောရာ. . ရသေ့ကျောင်း

ဇရပ်ပြုနေတာ တွေ့တာနဲ့ဆောက်ပေးရင်း အချိန်ကုန်သွား

တာ အပြန်ကျမှ ဒီယုန်အုပ်စုနဲ့တိုးပြီး ဖမ်းခဲ့ရတာ. . ဒါနဲ့

ပလိုင်အော. . ."

"ဆို. . ခေါ်မှုးရာ"

"အိုက်ကောအတွက် လုံခြုံရေးစိတ်ချရပါ့မလား"

"ငါတော့ သတိပေးလိုက်တာပဲကွာ. . အိုက်ကောက

ခပ်ညံ့ညံ့မဟုတ်ပါဘူး. . ရှောင်နိုင်တိမ်းနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပလိုင်အော ယုန်များကိုဖုက်ကာ ချက်ပြုတ်ပြင်ဆင်ချိန်တွင်. . ခေါ်မှူးရာ ဝါးလုံးတစ်လုံးခုတ်ယူနေသည်ကို တွေ့သောကြောင့်. . .

"ရှင်. . ဘာလုပ်မလို့လဲဟင်"

"မြားတံတွေ လုပ်မလို့ပါ. . ဒီတောကဝါးက မြားတံလုပ်တဲ့နေရာမှာ အရမ်း ကောင်းတယ်. . ဘာလို့လဲဆိုတော့ကျူပ် ခုခုတ်တဲ့ဝါးက အဆိပ်ဝါးပင်တစ်မျိုးပဲ. . ဘယ်နေရာကိုမှန်မှန်၊ အဆိပ်သင့်တာပဲလေ"

"ရှင်က သေနတ်မကိုင်ဘူးလား"

"တချို့နေရာတွေမှာ သေနတ်ထက် မြားကိုအသုံးပြုရတာမျိုးရှိတယ်"

နတ်ပန်းခင်. . ခေါ်မှူးရာလုပ်နေသည်ကို စိတ်ဝင်စားစွာဖြင့် ဘေးမှထိုင်ပြီးကြည့်နေမိတော့သည်။





နတ်ပန်းခင်တို့အဖွဲ့ရောက်နေသည့် နေရာလေး၏တောင်ကုန်းလေးပေါ်တွင် ထုံးဖြူစေတီလေး(၃)ဆူကို လှမ်းပြီးမျှော်နေရသည်။

အိုက်ကောနှင့်ချိန်းထားသည့်နေရာကို ကြို့ပြီးရောက်နေခြင်းဖြစ်သည်။

"မြင်းခွာသံတွေကြားတယ်. . လာပြီထင်တယ်. . ခေါ်မှူးရာ"

ခေါ်မှူးရာ မြင်းခွာသံကိုနားစွင့်ပြီး. . .

"အိုက်ကော မဖြစ်နိုင်ဘူး"

"ဟင်. . ."

"ဟယ်. . ."

"လူနှစ်ယောက် မြင်းစီးလာနေတာကွ"

"ဒါဆို. . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အားလုံး . . ဟိုတောစပ်မှာရှောင့်နေမယ်"

အားလုံး တောစပ်ဆီသို့သွားကာ အခြေအနေကို စောင့်ကြည့်နေကြသည်။ လူနှစ်ယောက်မြင်းနှစ်ကောင်နှ တောပစ်ထွက်လာသည့်ပုံပင် . . .

နတ်ပန်းခင်တို့နှင့်အနီးဆုံးနေရာကို ရောက်တော့ . .

"ဟင် . . ဦးမိုးကောင်း"

တကယ် မယုံနိုင်စရာပင် . . ဦးမိုးကောင်းက ဘာ သိမ်းခဲ့ပြီး . . ဘယ်လိုကြောင့် ခုလိုတောထဲမှာတွေ့နေရသ ဆိုသည်ကို စဉ်းစား၍မရအောင်ဖြစ်သွားသည်။

ဦးမိုးကောင်းဘေးမှ လူကိုတော့နတ်ပန်းခင်မသိ မယ် . . .

"တောက် . . နတ်ဘီလူး"

ခေါ်မျှားရာ . . လေးကိုအသင့်ပြင်လိုက်ပြီး . . .

"ခေါ်မျှားရာ . . ဒီနယ်မြေက ဘုရားမြေလေ"

"ဟင်"

ခေါ်မျှားရာ အသိပြန်ဝင်လာပြီး ချိန်ရွယ်ထားသ လေးမြှားကို အောက်သို့ပြန်ချလိုက်လေသည်။

"မင်း . . အသက်ရှင်ဖို့ ကံက အခွင့်အရေးပေး တုန်းပဲ နတ်ဘီလူးရေ"





ဦးမိုးကောင်းနှင့် နတ်ဘီလူး နောက်ကြောင်းကိုကြည့်ပြီး လှည့်သွားပြီးမှ အိုက်ကောမြင်းလေးကောင်အုပ်ကြီးတစ်အုပ်နှင့်ရောက်လာသည်။

"အိုက်ကော . . ရွာမှာဘာတွေဖြစ်သေးလဲ"

"ငါ့အိမ်ကို နတ်ဘီလူးညကဝင်ပြီးသေနတ်နဲ့ ဝင်ပစ်တယ်"

"ဟာ . . ."

"ဒါ . . ဘာသဘောလဲ"

"ငါ့ကို အပြတ်ရှင်းတဲ့သဘောပဲပေါ့ကွာ"

"အိုက်ကော . . မင်းရွာကိုပြန်လို့မရတော့ဘူးပေါ့"

"ဟုတ်တယ် . . ခေါ်မျှားရာ"

"ဒါဆိုလဲ ငါတို့နဲ့လိုက်ခဲ့ကွာ၊ ဒီခရီးကအပြန် မင်းငါ့ဆီမှာပဲနေတော့"

"ငါ့အတွက်ရွေးချယ်စရာမရှိတော့ပါဘူး လိုက်ခဲ့မယ်"

မြင်းနှစ်ကောင်ပေါ်သို့ နတ်ပန်းခင်နဲ့အိစံကိုတင်ပြီး . . ကျန်မြင်းနှစ်ကောင်ကို ရိက္ခာပစ္စည်းနှင့်တခြားသောပစ္စည်းတွေကိုတင်ပြီး ခရီးထွက်ခဲ့ကြလေတော့သည်။

အိစံ . . မြင်းကိုဘန်ဒေါင်းက ဆွဲခဲ့သလို . . နတ်ပန်းခင်မြင်းကို ခေါ်မျှားရာက ဆွဲခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုက်ကော. . လက်နက်တွေစုံရဲ့လား"

"အေး. . စုံတယ်၊ ဖောက်ခွဲရေးမိုင်းတွေပါ လိုလိုမ
မယ်ယူခဲ့တယ်"

သိပ်ပြီး မမြင့်လှသောတောင်ကလေးများကို ကျေ
ဖြတ်ခဲ့ရင်း. . .

"ဟင်. . ပင်လယ်ကြီးလား"

မျက်လုံးတစ်ဆုံးတွေ့နေတဲ့ ရေပြင်ကြီးတစ်ခု. . .

"ပင်လယ်လည်း မဟုတ်ဘူး"

"ဒါဆို မြစ်ကြီးပေါ့"

"မဟုတ်ပါဘူး. . အရင်က အင်းကြီးတစ်ခုဖြစ်နေတ
ခုတော့ ကောသွားပြီး ရေကန်ကျယ်လိုဖြစ်နေတာ ရေကတ
တိမ်လေးပါ"

ရေပြင်ထဲသို့ ဆင်းခဲ့ကြတော့ ရေက. . ဒူးနားလော
ပင်ရှိသည်။

ရေတွေက နောက်ကျိကျိပင်. . .

ရေပြင်ကျယ်ကြီးကို နာရီဝက်လောက်ဖြတ်ကျော်ပြီ
ကုန်းမြေ စိမ်းစိမ်းကြီးတစ်ခုကိုရောက်ခဲ့ကြသည်။

"ဟီ. . အိ. . ဟီး. . ."

"ဟာ"





ခေါ်မှုးရာတို့နှင့် ပါလာသောမြင်းတွေက ပတတ်ရပ်
ပြီး တစ်စုံတစ်ခုကိုထိတ်လန့်နေသောကြောင့်. . .

"နတ်ပန်းခတ်. . အောက်ကိုဆင်း"

နတ်ပန်းခင်ရော အိစံပါ၊ အောက်ကိုဆင်းခိုင်းလိုက်ပြီး
"မြင်းတွေကိုနိုင်အောင် ဇက်ကြိုးကိုထိန်းထားဟေ့"

"အိုက်ကော. . မင်း လက်နက်ကိုပြင်"

"အေး"

ခေါ်မှုးရာ ဒူးလေးကိုပါအသင့်လုပ်ပြီး၊ ပတ်ဝန်းကျင်
ကို မျက်လုံးကစားလိုက်သည်။

"သားကောင်ကြီးရှိနေပြီထင်တယ်. . ခေါ်မှုးရာ"

"သေချာသလောက်ပဲ"

ဘေးဘက်တွင် သစ်ပင်ကြီးများ. . ချုံအုပ်ကြီးများကို
တွေ့နေရခြင်းကြောင့်. . ရှေ့ကိုဆက်ပြီးမသွားဘဲ စောင့်ကြည့်
နေသည်။

တစ်ဖက်သားကောင်ကြီးမှာလည်း လှုပ်ရှားမှုမရှိသေး
ပေ. . .

"ခေါ်မှုးရာ. . ဘယ်လိုလုပ်မလဲ"

"ငါအထင် ဟိုကျွန်းပင်ကြီးကို. . သံသယရှိတယ်"

"ငါတို့ခွဲပြီး. . ကပ်ရင်မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး..ငါအနောက်ဘက်က ဝင်မယ်၊ မင်းနဲ့ ပလိုင်အော ဘေးဘက်ကနေကပ်"

ခေါ်မှူးရာတို့ သုံးယောက်လူစုခွဲပြီးသွားသည်ကို.. နတ်ပန်းခင်ကြည့်ရင်း ရင်မောနေမိသည်။

"ဟာ..."

ခေါ်မှူးရာစိတ်ထဲမှာထင်သည့်အတိုင်း သစ်နက်ကြီး တစ်ကောင်..သစ်ပင်ပေါ်မှချောင်းနေလေသည်။

ခေါ်မှူးရာ လှမ်းပြီးမြင်ပေမယ့် ပစ်ရန်မလွယ်...

သစ်နက်ဘေးမှာ သစ်ကိုင်းတွေရှိနေသောကြောင့် ချက်ကောင်းကိုထိနိုင်ဖို့ဆိုသည်မှာ မလွယ်ကူပေ...

အိုက်ကောနှင့် ပလိုင်အောတို့ကို မျက်လုံးဖြင့်အရိပ်ပြကာ..လူလုံးထွက်ပြရန် အချက်ပြလိုက်သည်။

ပလိုင်းအော..သစ်နက်ကြီးမြင်လောက်မည့် နေရာမှ လှမ်းပြီးအထွက်...

"ဝေါင်း..."

"ဗိုး"

"ဒုတ်"

အိုက်ကော..မှုတ်ပြောင်းနှင့် ခေါ်မှူးရာ မြားက.. သစ်နက်ကြီးလည်ပင်းဆီကို ဖောက်ထွက်သွားပြီး၊ ပလိုင့်အော



ဆီသို့မရောက်ဘဲ..သစ်နက်ကြီးလေထဲတွင် ပြုတ်ကျသွားလေတော့သည်။

"ဘယ်လိုလုပ်မလဲ ခေါ်မှူးရာ"

"ဒီကောင်ကြီး အရေခွံပဲယူမယ်ကွာ..ကျန်တာတွေ မယူတော့ဘူး..ဖျက်ရမှာ အချိန်ကြန့်ကြာတယ်"

"အေး..."

ပလိုင်အော အမဲဖျက်ရာတွင် သွက်လက်သူဖြစ်သောကြောင့် သိပ်မကြာလိုက်ဘဲ..သစ်နက်အရည်ခွံကြီးကို ခွာယူလိုက်သည်။

"မင်း..ဘာလုပ်မလို့လဲ ခေါ်မှူးရာ"

"တစ်ခုခု လုပ်တာပေါ့ကွာ..ခရီးဆက်ကြမယ်ဟေ့"

သစ်နက်အရည်ခွံကြီးကို သေချာစွာဆုပ်ပြီး၊ ခေါ်မှူးရာ ယူလာခဲ့လေသည်။ နေကမွန်းတည့်ချိန်ကိုရောက်နေလေပြီ..ပူပြင်းမှုက ကျောကွဲမတတ်..ရာသီဥတုနှစ်ခုက တကယ်ပင် လုံးလုံးဆန့်ကျင်နေလေသည်။ အလွန်အေးသော ရေခဲပြင်နှင့် အလွန်ပူသောဒေသတစ်ခုပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"နားကြမယ်"

နှစ်ပေါင်းကြာမြင့်နေသော သစ်ပုပ်ပင်ကြီးအောက်တွင် အရိပ်ကောင်းသဖြင့် အားလုံးနားကြလေသည်။

"အပူနဲ့သွားရရင်တော့ သေမှာပဲဟ"

အိစံတစ်ယောက် မျက်နှာမှချွေးတွေကိုသုတ်ရင်း.. ညည်းနေလေသည်။

ဒေါက်တာမျိုးထွန်း.. ခေါ်မှူးရာနားသို့လာကာ

"ခေါ်မှူးရာ..."

"ပြောပါ.. ဒေါက်တာ"

"ခု.. ကျုပ်တို့ဖြစ်ခဲ့တဲ့နေအပူရှိန်နဲ့ ဒီခရီးဟာအရမ်းကိုပြင်းတယ်.. အရိပ်ထဲကမသွားဘဲ၊ ဒီအပူရှိန်အောက်မှာဖြတ်ရင်.. တစ်ခုခုဖြစ်မလားလို့"

"ဒေါက်တာ ပြောတာကို.. ကျွန်တော်သဘောပေါက်ပါတယ်.. ဒီလိုပူပြင်းတာတစ်ခါမှမကြုံဖူးဘူးဗျာ၊ ဘယ်





လိုဖြစ်တာလဲ မသိဘူး"

"ခေါ်မှူးရာ.. ငါတို့တွေးစရာနှစ်ခုပဲ ရှိတယ်"

"ဘာလဲ.. အိုက်ကော"

"ညနေစောင်းမှသွားရင်သွား.. ဒါမှမဟုတ်ရင် ဟိုတောင်လျှိုဘက်ကသွားရင်ရမယ်.. ဒီကွင်းပြင်အတိုင်းသွားရင် အားလုံးမီးလောင်ခံရသလိုဖြစ်သွားကြမယ်"

"ညနေစောင်း.. ခရီးသွားလို့တော့ ခရီးပေါက်မှာမဟုတ်ဘူး"

"ဒါဆိုလည်း လျှိုလမ်းဘက်က သွားဖို့ပဲရှိတယ်"

"လျှိုလမ်းက ကြမ်းတယ်.. ယောက်ျားလေးတွေကကိစ္စမရှိဘူး.. မိန်းကလေးနှစ်ယောက်အတွက် စဉ်းစားနေတာ.. အေးကွာ.. ဒီမှာ နားပြီး စဉ်းစားကြမယ်"

နေ့လယ်စာကိုစားသောက်ပြီး ကျော်လေး၊ လွင်မောင်တို့ အားလုံးအိပ်နေကြတော့သည်။ အိစံက ဘန်ဒေါင်း ပန်းလေးကို မှီလျက် မှေးနေသည်။ ဖြတ်သန်းခဲ့ရသော အပူရှိန်ဒဏ်ကြောင့် အားလုံးနုံးချိနေကြခြင်းဖြစ်သည်။

"ခေါ်မှူးရာ.. ဘယ်လိုစီစဉ်ထားလဲ"

"ဒီနေ့အတိုင်းတော့ ဘယ်လိုမှ ခရီးဆက်လို့ရမှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့. . ."

"လျှိုလမ်းတစ်ခုက သွားရမှာပဲ. . အန္တရာယ်တော့ကြီးတယ်. . နတ်ပန်းခင် သွားရဲပါ့မလား"

"မသွားရဲလို့တော့ မရတော့ပါဘူး. . သွားရမှာပဲ"

"ဒါဆိုရင် တစ်ရေးလောက် အားမွေးပြီးရင် လျှိုလမ်းဘက်ကနေသွားကြမယ်. . ."

ခရီးစဉ်အတွက် သဘောတူခဲ့ပြီး ခေါ်မှုံးရာ သစ်ပင်ကြီးကိုမှီကာ အဝေးကိုကြည့်နေသည်။

"ခေါ်မှုံးရာ. . ရှင် တက္ကသိုလ်ထိ ကျောင်းနေဖူးတယ်ဆို"

"အင်း. . ကံကြမ္မာက ဘွဲ့ရတစ်ယောက်ဘဝကို မပို့ခဲ့ပါဘူး"

"ရှင့်ချစ်သူကို နတ်ဘီလူးသတ်ခဲ့တာလား. . ."

"ဟုတ်တယ်. . ကျုပ်အသက်ရှင်နေတာ ဒီလူယုတ်မာကိုကြည့်ပြီး လက်စားချေချင်လို့ပဲ"

"ရှင့်ဘဝအကြောင်းကို သိရတာ ကျွန်မစိတ်မကောင်းပါဘူး."

"ဘာတတ်နိုင်မှာလဲဗျာ. . ကျုပ်ရဲ့ သမိုင်းကြောင်းက အကြောင်းပါလာခဲ့တာပဲ"

ခု လို ဖြစ်ခဲ့ပြီ





"ဟိုအရည်ခွံကြီးကို လှန်းထားတာလား"

"ဟုတ်တယ်လေ. . ."

"လှန်းပြီးတော့ ဘာလုပ်မှာလဲ"

"အမှတ်တရ လက်ဆောင်ပေးချင်လို့ပါ"

"သြော်. . ."

ခေါ်မှုံးရာ ဘယ်သူ့ကို အမှတ်တရပေးမည်ဆိုသည်ကိုတော့မပြောပေ။

"ရှင့်ဘဝကို ခုလိုမှုဆိုးဘဝနဲ့အဆုံးမသတ်ပါနဲ့လား"

"ကျုပ်ဘဝရဲ့အနာဂတ်က သိပ်ပြီးအဓိပ္ပာယ်မရှိတော့ပါဘူး"

"သြော်. . ခေါ်မှုံးရာရယ်. . လူဆိုတာ အသက်ရှင်နေသရွေ့ မျှော်လင့်ချက်ဆိုတာ ရှိနေတယ်"

"ကျုပ်အတွက် မျှော်လင့်ချက်ဆိုတာ တစ်ခုပဲရှိတယ်"

"ဘာများလဲဟင်"

"ကျုပ်အမေအတွက်ပဲလေ"

"ကျွန်မရှင့်ကို တစ်ခုလောက်ပြောချင်တယ်"

"ပြောပါ. . ကျုပ်နားထောင်နေပါ့မယ်"

"ကျွန်မတို့ဒီကနေပြန်တဲ့အခါ ရှင့်အမေကိုကျွန်မတို့နဲ့ခေါ်သွားပြီး ဆေးကုပေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် နတ်ပန်းခင်. . ကျုပ်မိခင်ကြီး ခံစားနေရတဲ့ဝေဒနာကို အမြန်ဆုံးပျောက်စေချင်ပါပြီ. . ဒါပေမယ့် ကျုပ်မှာ ငွေမရှိဘူး"

"ဒီအတွက် ကျွန်မကူညီပါ့မယ်. . ရှင့်ဘက်က လက်ခံရင်ပေါ့နော်. . ."

"ကျုပ်လက်ခံပါတယ်. . ကျုပ်အတွက်ဆိုရင်တော့ လက်ခံမှာမဟုတ်ဘူး. . ကျုပ်မိခင်အတွက် ကျုပ်မာနမရှိသင့်ဘူးလေ"

"ရှင့်ဘက်က ခုလိုလက်ခံပေးတာကို ကျေးဇူးတင်ပါတယ်"

"ခေါ်မှူးရာ"

"ဘာလဲဟေ့ ပလိုင်အောာ"

ပလိုင်ဘော ရေဘူးကြီးကိုကိုင်ပြီး သူတို့နှစ်ယောက်နားသို့လျှောက်လာကာ. . .

"ရေပြတ်နေပြီ. . ငါနဲ့အိုက်ကော ရေသွားရှာဦးမယ်"

"အေး. . သိပ်ပြီးမကြားစေနဲ့ ပလိုင်ဘော. . လောလောဆယ် လမ်းမှာသောက်လို့ရသလောက်ပဲ ခပ်ခဲ့ကွာ. . ဟိုလျှိုကျမှ ရေတွေဖြည့်မယ်. . ."

"အင်း"





ပလိုင်အော. . ခေါင်းညိတ်ပြီး အိုက်ကောကိုခေါ်ကာ တောထဲဘက်သို့ပြန်ဝင်သွားလေသည်။ ခေါ်မှူးရာ ဓားမြှောင်တစ်ချောင်းနှင့် သစ်နက်သားသရေကို လှီးနေသည်။

"ရှင် ဘာလုပ်နေတာလဲ"

"အကျီချုပ်မလို့"

"အင်း. . လှမယ့်ပုံပဲနော်. . ဘယ်သူ့အတွက်လဲ"

"နတ်ပန်းခင်အတွက်ပါ. . ."

"ရှင်"

ခေါ်မှူးရာ၏ လက်ဆောင်ဆိုသည့် စကားလေးကြောင့် ရင်ဖိုမိသွားလေသည်။ နတ်ပန်းခင်ဘဝတစ်လျှောက်တွင် နှလုံးသားအရေးနှင့်ပတ်သက်ပြီး ခံစားမှုတစ်ခါမှရင်ထဲတွင် မဖြစ်ခဲ့ပေ. . နတ်ပန်းခင်ဘဝတွင် စာအုပ်တွေနှင့်သာ အချိန်ကုန်ပြီး ကျောင်းပြီးတော့လည်း သုတေသနအတွက် အချိန်တွေကုန်ခဲ့ရသူ. . .။



www.burmeseclassic.com

www.burmeseclassic.com

လျှိုလမ်းဆိုပေမယ့် လူတစ်ယောက်စာ တောင်ကြားလမ်းကလေးပင်ဖြစ်သည်။ ညီညာသော မြေပြင်တွင်သွားရသည်မျိုးမဟုတ်. . .

မတ်စောက်သော တောင်ကြားတွေမှ ကွေ့ပတ်ပြီး သွားရမှာဖြစ်သည်။ အရှေ့ဆုံးတွင် ပလိုင်အောနှင့် အိုက်ကော ဦးဆောင်ပြီးဆင်းသည်။ နောက်ဆုံးတွင် ခေါ်မှူးရာနှင့် နတ်ပန်းခင်. . ယူလာခဲ့သောမြင်းတွေကတော့ ဘေးမဲ့ပေးလိုက်ရသည်။

တောင်ကြားလမ်း၏ဘေးဘက်တွင် ကျောက်တုံးများနှင့် ချောက်နက်ကြီးတွေက လှမ်းပြီးမကြည့်ရဲလောက်အောင်ပင်. . .

အိစံတစ်ယောက် ဘန်ဒေါင်းလက်ကို ဆုပ်ကိုင်ရင်း မျက်နှာတွင် သွေးပင်မရှိတော့ပေ. . နတ်ပန်းခင်ကတော့





ခေါ်မှူးရာ အားကိုးနှင့် ကြောက်စိတ်က သိပ်ပြီးမရှိလှပေ. . .

"ဟာ. . သွားပြီဟေ့"

"ဟင်"

ပလိုင်အောနှင့်အိုက်ကော ရှေ့ကို မဆက်ဘဲရပ်ကာနေသည်။

"ဘာဖြစ်လို့လဲ အိုက်ကော. . ."

"ခေါ်မှူးရာရေ. . တောင်ကြားကြီး နှစ်ခြမ်းကွဲသွားပြီကွ"

"ဟာကွာ. . ."

နှစ်ခြမ်းကွဲနေသော တောင်ကြားကြီးက ပေ(၂၀) လောက်ရှိနေပြီ. . အောက်တွင်ချောက်နက်ကြီး. . .

"ဘယ်လိုလုပ်မလဲ. . ဟိုဘက်ကို တစ်ယောက်နှစ်ယောက်လောက် ကူးနိုင်ရင်တော့ အဆင်ပြေမယ်. . ."

အိုက်ကောက ကမ်းတစ်ဖက်က သစ်ပင်တွေကို ပြရင်းပြောလိုက်သည်။

"ဒီသစ်ပင်တွေလှဲချပြီး တံတားလုပ်ရင် အားလုံးကူးလို့ရမယ်"

"ပလိုင်အော. . ငါတို့သံချိတ်တွေ ပါလာတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . တောင်တွေတက်ရင်အသုံးပြုဖို့ ငါလိုရမယ်ရ ယူလာတာရှိတယ်"

"ဒါဆိုသွားထုတ်ကွာ"

ပလိုင်အောသံချိတ်ကောက်တစ်ခုကိုပေးလိုက်သည်နှင့် ခေါ်မှုးရာ ကြိုးတပ်ကာ . . .

"ဝိုး"

ဝှေ့ယမ်းပြီး အရှိန်ရတော့မှ တစ်ဖက်သစ်ပင်ဆီသို့ ပစ်လိုက်လေတော့သည်။

"ဒုတ်"

တစ်ဖက်သစ်ပင်တွင် သံချိတ်ကောက်ချိတ်မိသွားသည်နှင့် အားယူပြီး ဆွဲကြည့်သည်။

"ရပြီ . . ငါကူးမယ် . . ပြီးရင် အိုက်ကောလိုက်ပြီး ကူးခဲ့ . . ပလိုင်အောက ဒီဘက်မှာ ဘန်ဒေါင်းနဲ့ကူးဖို့လုပ်ကြ"

"အေး"

ခေါ်မှုးရာ ကြိုးစကို ကိုင်ပြီးတစ်ဖက်ကမ်းကို ကူးဖို့ ပြင်နေသည်ကို နတ်ပန်းခင်မကြည့်ဝံ့အောင်ဖြစ်နေသည်။

သူ ဒီခရီးကိုလာခဲ့တာ မှားပြီလားဟုတောင် ထင်လိုက်မိသည်။ ခေါ်မှုးရာ ချောက်ကြီးအလယ်သို့ရောက်ချိန်တွင် နတ်ပန်းခင် အသက်ပင် မရှူနိုင်အောင်ဖြစ်နေသလို





တစ်ဖက်ကမ်းတွင် ကျန်ရစ်ခဲ့သူ အားလုံး စကားသံများတိတ်ဆိတ်စွာဖြင့် ကြည့်နေကြလေသည်။

"ကျို . . လိ"

"ဟယ်"

"အမေ့ . . "

သစ်ပင်တွင် ချိတ်နေသော သံချိတ်က ပြုတ်သွားပြီး ကြိုးလျှော့ကျသွားသည်နှင့် ခေါ်မှုးရာအောက်သို့ လျောကျသွားသည်။ ကမ်းတစ်ဖက်က ကျောက်ဂမူပေါ်သို့ ခြေထောက်တင်ပြီး ကုတ်ဖွဲ့ကာ အပေါ်သို့ပြန်ပြီးတက်နေသော ခေါ်မှုးရာကို နတ်ပန်းခင် မျက်လုံးများပြာဝေနေအောင် ရင်တွေတုန်နေလေပြီ . . .

"ဘုရား . . ဘုရား . . ဘုရား . . ခေါ်မှုးရာ ဘာမှမဖြစ်ပါစေနဲ့"

တစ်ဖက်က လူများလည်း ခေါ်မှုးရာကို ဘာမှမကူညီနိုင်ပေ . . . အတော်ကြာအောင် ကြိုးစားပြီးမှ အပေါ်သို့ ခေါ်မှုးရာ ရောက်လေသည်။

"ဟင်း"

အားလုံးသက်ပြင်းချနိုင်တော့လေသည်။

"အိုက်ကော . . ကူးခဲ့တော့ . . ရပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . လာပြီဟေ့"

သစ်ပင်တွင် ကြိုးကို ခိုင်ခန့်စွာချည်နှောင်ပြီးသည်နှင့် အိုက်ကောကို ကူးခဲ့ဖို့ လှမ်းခေါ်လိုက်သဖြင့် အိုက်ကော ကြိုးကို ကျွမ်းကျင်စွာကိုင်ကာ ကူးသွားလေသည်။

"ဒုတ်. . ဒုတ်. ."

သစ်ပင်ကြီးကို နှစ်ယောက်သား အချိန်တော်တော်ကြာစွာ ခုတ်ပိုင်းပြီး. . .

"ဝုန်း"

နတ်ပန်းခင်တို့တစ်ဖက်ချောက်ကမ်းပါးဆီသို့ အဖျားပိုင်းပြိုလဲကျသွားကာ တံတားတစ်ခုဖြစ်သွားလေသည်။

"ရပြီဟေ့. . ကူးခဲ့ကြတော့"

သစ်ပင်ကြီးပေါ်မှ ကြောက်ကြောက်ရွံ့ရွံ့နှင့်ကူးခဲ့ကြရတော့သည်။ အားလုံးကမ်းတစ်ဖက်ဆီသို့ရောက်တော့. . .

"မိုးတောင် ချုပ်တော့မယ်"

"ခေါ်မှူးရာ. . ဘယ်မှာညအိပ်မလဲ"

"အန္တရာယ်ကင်းတဲ့နေရာမှာ အိပ်ကြတာပေါ့"

"ငါတို့ကျောက်ချဉ်တောင်ခြေမှာ အိပ်ကြရင် ကောင်းမယ်"

"အိုက်ကော. . ဒီနယ်ကို မင်းက ပိုပြီးကျွမ်းတယ်. .



မင်းသဘောပဲ"

"ဒါဆိုရင်. . အားလုံးသည်းခံပြီး လျှောက်ကြဦး. . ရှေ့အကွေ့ဆိုရင် ရောက်ပါပြီ. . ."

အခက်အခဲအန္တရာယ်များစွာကို ကျော်ဖြတ်ခဲ့ကြသော နတ်ပန်းခင်တို့အားလုံး ပင်ပန်းခြင်းတွေကို သိပ်ပြီးမကြောက်ကြတော့ပေ. . .

"လွင်မောင်"

"ဘာလဲ ဘန်ဒေါင်း"

"မင်း ခါတ်ပုံမရိုက်ပါလား"

"ရိုက်ဖို့မပြောနဲ့. . ကိုယ့်အသက်တောင်ဘယ်က ရှူရမလဲမသိဘူးဖြစ်နေတာဟေ့. . ."

"ဟား ဟား ဟား. . ."

အမောလေးတွေကြားမှ ရယ်မောခဲ့ကြရသည်။

"ဒတ်. . ဒတ်. . ဒတ်"

"ဟင်. . ."

ကောင်းကင်ထက်တွင် ရဟတ်ယာဉ်တစ်စင်းပျံဝဲလာနေသည်ကို တွေ့လိုက်ရသည်။

"အစိုးရ ရဟတ်ယာဉ်လား"

"မဖြစ်နိုင်ဘူး. . ဒါ ကိုယ်ပိုင်ရဟတ်ယာဉ်ပဲကွ. .



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ချဉ်တောင်ခြေကို ခပ်သွက်သွက် ဆင်းလာချိန်တွင် နတ်ပန်းခင်လက်တွေက ခေါ်မှူးရာကို မလွှတ်တမ်း ဆုပ်ကိုင်လျက်. . နတ်ပန်းခင်တို့ အားလုံး တောင်ခြေကို ရောက်ပြီး လုံခြုံသည့်နေရာတွင် စခန်းချပြီးမှ. . လေပြင်းမုန်တိုင်းကျလေသည်။

"ဟူး. . တော်ပါသေးရဲ့"

"ဒီဘက် ရာသီဥတုတွေက ခုကောင်းလိုက်ခုဆိုးလိုက်နဲ့ ကြောက်ဖို့ကောင်းလိုက်တာ"

အိစံကျောက်ဂူလေးအတွင်းဘက်တွင် ခပ်ကုတ်ကုတ်လေးထိုင်ကာ ပြောနေလေသည်။

"ငါမသိလို့မေးချင်တယ် နတ်ပန်း"

"ဘာလဲ အိစံ"

"ခု. . ငါတို့ရောက်နေတာ မြေပြန့်လား တောင်ပေါ်လား"

"ငါ ဘယ်သိမလဲဟ"

"ခု. . ကျုပ်တို့ရောက်နေတာ တောင်ကြီး(၃)လုံးမြောက် အပေါ်မှာ"

"ရှင်. . ဒါဆို အောက်ကို ဆင်းရဦးမှာပေါ့"

"ဟုတ်တယ်. . နောက်ထပ်တောင်တစ်လုံးကို ကျော်





အိုက်ကော. . ."

"ဒါဆိုရင် နယ်စပ်က ဘိန်းအဖွဲ့တွေပိုင်တဲ့ကောင်ပဲ ဖြစ်မယ်. . ဒီကောင်တွေ ဒီဘက်ကိုလာခဲတယ်. . တစ်ခုခုတော့ရှိနေပြီ"

"သူတို့လည်း သူတို့အကြောင်းရှိမှာပေါ့ကွာ"

"ဒတ်. . ဒတ်. . ဒတ်"

ရဟတ်ယာဉ်ကြီးမှာ နောက်သို့ပြန်ပြီး လှည့်ပျံသွားလေသည်။

"ဘယ်လိုကြောင့် ချက်ချင်းပြန်ပြီး ကွေ့တာလဲ မသိဘူး"

"မကွေ့ရင် မသာ ပေါ်ကုန်မှာပေါ့. . ဟိုမှာ မတွေ့ဘူးလား"

"ဟာ"

ကောင်းကင်တစ်ခုလုံး ညိုမှိုင်းပြီး တိမ်ထုတွေက ပြေးလွှားနေသည်။

"ခေါ်မှူးရာ. . ကောင်းကင်ကြီးဘာဖြစ်တာလဲ"

"လေပြင်းတစ်ခုကျလိမ့်မယ်ထင်တာပဲ"

"ငါတို့အားလုံး လွတ်အောင် နေရာယူကြမှဟေ့. . ခပ်မြန်မြန်လာကြ. . ."



www.burmeseclassic.com

www.burmeseclassic.com



ပြီးတာနဲ့ မြေပုံထဲက နေရာကို ရောက်ဖို့အနီးဆုံးကို ရောက်ပြီ...

"ဒီမှာပဲ ညအိပ်ရမှာလား"

"အင်း"

အပြင်တွင် လေပြင်းမုန်တိုင်းအသံတွေက ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် ကြားနေရသည်။ ဒေါက်တာ မျိုးထွန်းကတော့ သူ၏ လုပ်ငန်းစဉ်အတိုင်း မှတ်တမ်းလေးကို ရေးမှတ်နေသလို ကျန်လူတွေကတော့ အိပ်ဖို့ပြင်နေကြလေပြီ...ကျော်လေးတစ်ယောက်သာ ခနီးဒဏ်ကြောင့် ဖျားချင်သလိုဖြစ်ကာနေပေမယ့် ကျန်လူတွေကတော့ ဘာမှမဖြစ်ကြပေ...။



"ဟင်..."

လေပြင်းတိုက်ခတ်မှုက အပြင်တွင်အားကောင်းနေပြီး ကျောက်ဂူထဲတွင် အားလုံးအိပ်မောကျနေလေပြီဖြစ်သည့် အချိန်တွင်...

ဂူအပေါက်ဝဆီသို့ ရှေးဟောင်းမီးအိမ်ကြီးတစ်ခုကို ကိုင်ဆွဲပြီးဝင်လာသူမှာ..အာဒီယံမျိုးနွယ်စုခေါင်းဆောင် ဆွာရီပင်ဖြစ်သည်။

နတ်ပန်းခင် ဘေးတွင်အိပ်ပျော်နေသော ခေါ်မှူးရာကို ခြည်အပြု...

"မင်း သူတို့ကိုနှိုးလည်း နိုးမှာမဟုတ်ဘူး..အားလုံး ငါကအိပ်ငွေ့ချထားတာ..."

"ရှင်..ကျွန်မဆီကိုလာတာလား"

"သိပ်ဟုတ်တာပေါ့ နတ်ပန်းခင်၊ မင်းငါ့ရှိတဲ့နေရာကို



www.burmeseclassic.com

www.burmeseclassic.com



ခုလိုစွန့်စွန့်စားစားလာခဲ့တာကို ငါအရမ်းကျေနပ်တယ်. . ဒါကြောင့် မင်းကိုငါ အနီးဆုံးလမ်းတစ်ခုကို ပြချင်လို့လာပြီးခေါ်တာ. . .”

“အပြင်မှာ လေပြင်းတွေအရမ်းတိုက်နေတာ. . ကျွန်မက ဘယ်လိုလုပ်ပြီးလိုက်လို့ရမှာလဲ”

“ဒီလေပြင်းတွေအတွက် မင်းဘာမှမစိုးရိမ်နဲ့. . ငါကာကွယ်ပေးမှာပါ. . မင်းသာလိုက်ခဲ့ပါ”

“ကောင်းပြီ”

နတ်ပန်းခင်. . သူမနောက်ကို အရဲစွန့်ပြီး လိုက်သွားခဲ့တော့သည်။

ဂူအပြင်သို့ရောက်သော် လေပြင်းတွေက နတ်ပန်းခင်ကို မတိုက်ဘဲရှိနေသည်ကို အံ့အားသင့်စွာတွေ့လိုက်ရသည်။

“ရှိ. . . ရှိ. . . ရှိ”

သူမ နှုတ်ခမ်းမှလေချွန်လိုက်သည်နှင့် အဖြူရောင်ငှက်ကြီးတစ်ကောင် ပျံဝဲပြီးကျလာသောကြောင့်. . မယုံကြည်ဖြစ်သွားသည်။ ငှက်ကြီးမှာ ရောမငှက်ကြီးတစ်ကောင်ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာက ကမ္ဘာပေါ်တွင်ရှိခဲ့ဖူးသော သတ္တဝါကြီးတစ်ကောင်ဖြစ်သည်ဟု သိလိုက်ရသည်။

“နတ်ပန်းခင်. . . ငှက်ကြီးပေါ်တက်ပါ”





“ရှင်”

“မင်း မကြောက်ပါနဲ့. . ဒီငှက်ကြီးက မင်းနဲ့ငါကို ကောင်းကောင်းကြီးသယ်ဆောင်နိုင်ပါတယ်”

နတ်ပန်းခင် ကြောက်ကြောက်နှင့်ငှက်ကြီးပေါ်တက်လိုက်လေသည်။

“ဖျပ်. . ဖျပ်. . ဖျပ်. . .”

“ဘုရား. . ဘုရား. . ဘုရား”

အပေါ်ကို တောင်ပံနှစ်ဖက်ကိုခတ်ပြီးသယ်သည့်အချိန်မှာရင်ကို အေးစက်သွားတော့သည်။

“နတ်ပန်းခင်. . ဟိုမှာတွေ့ရတဲ့ ကျောက်ဆောင်ကြီးကြည့်စမ်း”

“ဟယ်. . .”

ဘီလူးခေါင်းကြီးလိုလို ကျောက်ဆောင်ကြီးကိုတွေ့လိုက်ရသည်။

“ဒီကျောက်ဆောင်ကြီးဟာ ငါတို့အာဒီယံမျိုးနွယ်စုတွေရဲ့ သင်္ချိုင်းဂူကြီးပဲ နတ်ပန်းခင်. . ဒီဂူကိုသာမန်လူသားတွေလာဖို့ဆိုတာလုံးလုံးမလွယ်ကူလှဘူး. . ဘာကြောင့်လဲဆိုတော့ ဒီကျောက်ဆောင်ကြီးကို ဝိုင်းရံထားတဲ့တောတွေဟာ ဝက်ပါတွေပဲ. . ဒီတောထဲကိုဝင်သွားတာနဲ့ ပြန်လမ်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မရှိကြတော့ဘူး.. ဒါကြောင့် မင်းကိုဝက်ပါတောကြီးရဲ့.. လျှို့ဝှက်ချက်ကို ငါပြချင်လို့လာပြီးခေါ်တာ"

"ရွှန်း..."

ငှက်ကြီးကိုကြာပွတ်သဖွယ်ပြုလုပ်ထားသည့် ကြိုးတိုတစ်ချောင်းနှင့် ရိုက်လိုက်သည်နှင့် ငှက်ကြီးမှာအောက်ကို ထိုးဆင်းသွားတော့သည်။

ငှက်ကြီးပေါ်မှ အောက်ကိုဆင်းပြီးနောက်...

"မင်း.. ဒီသစ်ပင်သုံးပင်ကို သေသေချာချာမှတ်ထားပါ"

သူမပြသော သစ်ပင်သုံးပင်ကိုကြည့်မိသည်။

"ထူးခြားတာ.. ဘာတွေ့လဲ"

"ဘာမှ မတွေ့ဘူး"

"အလယ်သစ်ပင်ရဲ့ ခြေရင်းမှာအကွက်(၉)ကွက်ရှိတယ်.. မင်း ရေကြည့်"

သူမ ပြောသည့်အတိုင်းရေတွက်ကြည့်တော့ (၉) ကွက်တိတိပင်...

"ဒီလမ်းဟာ.. ကျောက်ဂူဆီကိုသွားတဲ့လမ်းပဲ၊ သူလိုသစ်ပင်တွေက တစ်ပုံစံတည်း နေရာတော်တော်များများမှာရှိတယ်.. ဝင်သွားတာနဲ့ သေမင်းပါးစပ်ထဲကိုရောက်သွားပြီ





မှတ်.. ငါပြောတာတွေကို မင်းသေသေချာချာမှတ်ထားပါ"

"အင်း..."

"ကဲ.. သွားကြရအောင်"

သူမက သစ်ပင်သုံးပင်ဘေးကလမ်းအတိုင်း ဝင်လာရင်း ကျောက်ဂူကြီးလှမ်းပြီးတွေ့နေရသည်။

ကျောက်ဂူကြီးထဲကိုဝင်လိုက်သည်နှင့်...

ကျောက်နံရံတွေဆီမှ အလင်းရောင်တွေက.. တဖျပ်ဖျပ်ပင်ထွက်နေပြီး ဂူကြီးတစ်ခုလုံးမီးထွန်းစရာမလိုဘဲ လင်းထိန်နေလေသည်။

"အဲ..."

ကျောက်ဂူ၏ အဆင့်ဆင့်ကျောက်ပြားပေါ်တွင် ရုပ်အလောင်းများစွာကိုတွေ့နေရလေသည်။ ရုပ်အလောင်းများဘေးတွင် အဖိုးတန်လှသောရတနာများ.. ရွှေရုပ်များတွေကို တွေ့မြင်ရလျက်...

"ဒါတွေကို သူတို့ဆွေမျိုးတွေက အမှတ်တရထားခဲ့ကြတာ"

ကျောက်နံရံကြီးကို နတ်ပန်းခင်သေသေချာချာ ကြည့်မိသည်။ အဖိုးတန် ရတနာကျောက်ဂူကြီးတစ်ခုပင်ဖြစ်သည်။

"ဒီလောက်ဆို ဒီဂူကိုလာတတ်ပါပြီ၊ ပြန်ကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်အတူ ဂူအပြင်ကိုပြန်ပြီးထွက်လာပြီး. . .

"ငါတို့နေတဲ့မြို့တော်ကြီးကတော့ ဒီဂူကြီးရဲ့တောင်ဘက် ရေခဲလွင်ပြင်အောက်မှာရောက်နေပြီ. . မင်းတို့တူးဖော်လည်း ဘာမှမထူးခြားတော့ပါဘူး"

သူမနှင့်အတူ ဂူကြီးမှပြန်ပြီးထွက်လာခဲ့ပြီး ငှက်ဖြူကြီးနဲ့ပြန်ခဲ့လေတော့သည်။

"နတ်ပန်းခင်. . ငါပြောတာတွေကို သေသေချာချာမှတ်ထားပါ"

သူမ နတ်ပန်းခင်ကိုနှုတ်ဆက်ပြီး၊ ငှက်ဖြူကြီးနှင့် ပြန်ထွက်သွားတော့မှ. . .

"ဟင်. . ."

နတ်ပန်းခင် သတိဝင်လာပြီး၊ မျက်လုံးဖွင့်ကြည့်တော့ ခေါ်မှူးရာက ရေနွေးတစ်ခွက်ကိုသောက်၍ သူ့ဘေးတွင်ထိုင်လျက်. . .

"နတ်ပန်းခင် နိုးပြီလား"

"ဟုတ်ကဲ့. . ရှင်. . မအိပ်သေးဘူးလား"

"အိပ်လို့မရဘူး. . ပြီးတော့ အားလုံးအိပ်နေလို့မဖြစ်ဘူး. . ဒီလိုနေရာမျိုးက သားကောင်အန္တရာယ်ရှိတတ်တယ်"

"ရှင်တစ်ယောက်တည်း မိုးလင်းထိအောင်စောင့်လို့





ဘယ်ဖြစ်မလဲ"

"ခဏနေရင်. . အိုက်ကောနဲ့ ပလိုင်အောကို နိုးမှာပါ၊ ရေနွေးလေးသောက်လိုက် အချမ်းပြေတာပေါ့"

ခေါ်မှူးရာလက်ထဲက ရေနွေးခွက်ကိုယူပြီးသောက်ရင်း. . .

"နတ်ပန်းခင်တို့ ခုခရီးစဉ်ဟာ ကိုယ်ပိုင်ကိစ္စလား"

"မဟုတ်ပါဘူး. . တိုင်းပြည်အတွက် တာဝန်တစ်ခုကို ထမ်းဆောင်တာပါ. . ဘာဖြစ်လို့လဲ ခေါ်မှူးရာ"

"ဒီနယ်မြေကို လာကြတဲ့သူတွေမနည်းဘူး"

"ဟင်. . ရှင် လမ်းပြလိုက်ဖူးလို့လား"

"ကျုပ်. . ဘယ်သူနဲ့မှမလိုက်ဖူးပါဘူး၊ ဒါပေမယ့်. . ကျုပ်တို့ရွာက အိုက်လူဆိုတဲ့ မုဆိုးတစ်ဦးကို လူတစ်စုလမ်းပြငှားပြီး ဒီနယ်မြေကို လာခဲ့ဖူးတယ်. . ."

"သူတို့က ဘာကြောင့်လာတယ်ဆိုတာ မသိဘူးလား"

"သူတို့စကားအရ ရှေးဟောင်းဂူကြီးတစ်ခုကို ရှာဖွေဖို့ လာကြတာတဲ့. . သူတို့ပုံစံတွေက ကောင်းတဲ့ရုပ်ရည်တွေမဟုတ်ဘူးဆိုတာကို ကျုပ်က သိတယ်"

"သူတို့ ကျောက်ဂူကြီးကို ရောက်ခဲ့ကြလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှမရောက်ခဲ့ဘူး. . သူတို့အားလုံးလည်
တောကြီးတစ်ခုထဲမှာ သေဆုံးခဲ့ကြတယ်"

"ရှင်"

"အိုက်လူတစ်ယောက်ပဲ ပြန်ရောက်ခဲ့ပေမယ့် ရှာ
(၃)ရက်ပဲ အသက်ရှင်ပြီး သေဆုံးခဲ့တယ်"

"ဟင်. . အိုက်လူသေဆုံးရတာ ဘာရောဂါနဲ့လဲဟ

"အဆိပ်သတ္တဝါတစ်ကောင်ရဲ့ ကိုက်တာကို ခံခဲ့ရ
လို့ထင်တယ်. . အဆိပ်က ချက်ချင်းခန္ဓာကိုယ်ထဲကို မပျံ့
တဖြည်းဖြည်းနဲ့ပျံ့ပြီး ဆေးကုချိန်နောက်ကျပြီး သေခဲ့ရတ

"ခေါ်မှူးရာ. . အိုက်လူဆီက ဘာတွေသိခဲ့ရလဲ"

"အိုက်လူ နောက်ဆုံးပြောသွားနိုင်တာက လူဘီ
တွေ သူတို့ကို သတ်လိုက်တယ်လို့ပဲ ပြောနိုင်ခဲ့တယ်"

"လူဘီလူးတွေ. . ဟုတ်လား"

"ကျုပ်စိတ်အထင် အိုက်လူတို့အားလုံးကို သတ်ခဲ့
လူဘီလူးတွေတော့ မဟုတ်ပါဘူး. . သတ္တဝါကောင်တစ်
ဖြစ်မှာပါ. . ဘာလို့လဲဆိုတော့ ဒီနယ်ဘက်က အရမ်း
ပြီး လူသူအပေါက်အရောက်မရှိဘူး. . တစ်ခါတလေ ခါ
ဘိုရာဇီကောင်ပေါ်ကို လေ့လာရေးတက်တဲ့သူတွေပဲ သွ
လေ့ရှိတယ်. . ဒါတောင် ခုလိုလမ်းမျိုးက သွားတာမဟု





ဘူး. . ဒီနယ်ဒေသမှာရှိတဲ့ သတ္တဝါတွေဟာ နှစ်ပေါင်းရာချီပြီး
ရှိနေတဲ့ကောင်မျိုးတွေ ဖြစ်မယ်ထင်တယ်. . ."

"ရှင်ပြောတာ ဖြစ်နိုင်ပါတယ်. . ဘီလူးဆိုတာတော့
မဖြစ်နိုင်ပါဘူး"

"နတ်ပန်းခင်တို့က ဘာကို အဓိကရှာမှာလဲ. . ပြော
သင့်မှပြောပါ"

"ခေါ်မှူးရာရယ် ရှင်ဟာ ကျွန်မတို့အတွက် လျှို့ဝှက်
ရမယ့်သူမဟုတ်ပါဘူး. . ရှင့်ကိုအကြွင်းမဲ့ယုံကြည်ပါတယ်"

"ကျုပ်အပေါ်မှာ ခုလိုယုံကြည်ပေးတာကို ကျေးဇူး
တင်ပါတယ်. . နတ်ပန်းခင်. . ခင်ဗျားတို့နောက်ကို ကျုပ်
လိုက်ခဲ့ရတာကလည်း ခင်ဗျားတို့ဟာ မရိုးမဖြောင့်တဲ့လူတွေ
မဟုတ်ဘူးဆိုတာကို ယုံကြည်လို့ပဲ. . ."

"ကျွန်မတို့ရှာဖွေတာ ဟိုးနှစ်ပေါင်း(ငါးထောင်)
လောက်က အာဒီယံလူမျိုးစုတွေ နေထိုင်ခဲ့ဖူးတဲ့နေရာတစ်ခုနဲ့
မသမာသူတွေ အနှံ့ခံနေတဲ့ ကျောက်ဂူကြီးကို တိုင်းပြည်
လက်ထဲကို ထည့်ပေးချင်လို့လာခဲ့တာပါ. . ."

"ကောင်းမွန်တဲ့ကိစ္စတစ်ခုပါဗျာ. . မိုး မလင်းသေးဘူး
ပြန်ပြီးအိပ်လိုက်ပါ"

"ရှင်လည်း အိပ်တော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ပလိုင်အောနဲ့အိုက်ကောကို နှုတ်ပြီး ခေါ်မှူးရာအိပ်ဖို့ ပြင်လေတော့သည်။ နတ်ပန်းခင်နဲ့ခေါ်မှူးရာတို့၏ ထိတွေ့မှု သံယောဇဉ်တွေက ရက်တိုတိုကလေးအတွင်းမှာပင် ရင်မောသော ပန်းသီးလေးတစ်လုံးပင်. . ဒါပေမယ့် သူနှင့်ခေါ်မှူးရာက ဘဝချင်းခြားနားမှုတွေက ရေခဲပြင်ကြီးတစ်ခု ကာဆီးထားသလိုပင်. . .

"ဟင်း"

သက်ပြင်းပူလေးတွေကို တိတ်ဆိတ်စွာချရင်း ပြန်ပြီး အိပ်စက်ပေမယ့် ရင်ဖိုမှုလေးတွေက အိပ်စက်ခြင်းကို ခေါ်ဆောင်သွားခဲ့လေသည်။ ခေါ်မှူးရာကို နတ်ပန်းခင် ချစ်မိနေပြီလား. . သူ့ကိုယ်သူ အကြိမ်ကြိမ်ပြန်ပြီး မေးပေမယ့် မရေရာသော အဖြေတစ်ခုလိုပဲ ထွက်လေသည်။



နောက်ဆုံးတောင်ခြေသို့ ရောက်တော့ ညနေစောင်းနေလေပြီ. . အားလုံးလည်း ပင်ပန်းနွမ်းနယ်နေလေပြီဖြစ်သည်။

"ခေါ်မှူးရာ. . ဘယ်လိုလဲ ခရီးဆက်လို့မရတော့ဘူး"

"ဟုတ်တယ်. . အားလုံးပန်းနေကြပြီ. . ဒီနားမှာပဲ နားကြတာပေါ့. . အိုက်ကော. . မင်းနဲ့ငါ ပတ်ဝန်းကျင်အနေအထားကို လေ့လာကြရအောင်"

"အေး"

"ပလိုင်အော. . ရွက်ဖျင်တဲထိုးပြီး နားဖို့ပြင်ကွာ"

အိုက်ကောနှင့်ခေါ်မှူးရာ သူတို့နားခိုမည့်နေရာ၏ အနီးပတ်ဝန်းကျင်ကို လေ့လာရန် ထွက်ခဲ့လေသည်။

"အိုက်ကော. . ."

"ဘာလဲ ခေါ်မှူးရာ"

www.burmeseclassic.com



"မင်း ဒီနယ်ကို ရောက်ဖူးလား"

"မရောက်ဖူးဘူးကွ. . ဒါပေမယ့် ဒီနယ်တစ်ဝိုက်ကို ရောက်ဖူးတဲ့သူတွေဆီကတော့ ကြားဖူးတာရှိတယ်"

"မင်းဘာတွေကို ကြားခဲ့ဖူးလဲ"

"ဒီနယ်မြေက အရမ်းကြမ်းတယ်. . အရှင်းဆုံးပြောရ ရင် ဘယ်မုဆိုးမှ ဒီနယ်မြေကိုသားကောင်မရှာရဲကြဘူး"

"အင်း. . ငါလည်း ကြားဖူးတယ်. . ခက်နေတာက ငါ တို့သွားရမယ့်ခရီးက ဒီနယ်မြေကို ကျော်ဖြတ်ပြီးမှသွားရ မှာ"

"ဒါဆိုရင် ဟိုတောကြီးကို ဖြတ်ထွက်ရမှာပေါ့"

"ဟုတ်တယ်"

"ခေါ်မှူးရာ. . ."

"ဘာလဲ အိုက်ကော"

"ဒီတောထဲကို ဝင်တာ သေတွင်းထဲကို ဝင်ရသလို နေ်"

"ငါလည်း စဉ်းစားနေတာပဲကွ. . ပြန်ပြီးဆုတ်ဖို့ဆိုတာ လည်း မဖြစ်တော့ဘူး. . ရှေ့ဆက်ဖြတ်ရတော့မှာပေါ့ကွာ. . မင်းက သက်သက်လိုက်ခဲ့သူဆိုတော့ မလိုက်ခဲ့ရင်လည်း နေခဲ့





ပါ"

"ဟာကွာ. . ခေါ်မှူးရာ. . မင်းနဲ့ငါက ပြောရမယ့် သူတွေမဟုတ်ပါဘူး. . သေတူ ရှင်တူပဲပေါ့. . လိုက်ခဲ့မယ်"

"ကောင်းတာပေါ့ကွာ. . မင်းတစ်ယောက်ပါတော့ ငါ့ အတွက် အားတစ်ခုရှိတာပေါ့"

"ပတ်ဝန်းကျင် အနေအထားကတော့ မဆိုးဘူး. . ဒီ တစ်ညတော့ နေလို့ကောင်းတယ်. . ကောင်းကင်ရာသီဥတု လည်း ကောင်းတယ်. . ခေါ်မှူးရာ"

"ဘာလဲကွ"

"မင်းနဲ့ဟို နတ်ပန်းခင်က ဘယ်လိုလဲ"

"ဘယ်လိုရမလဲကွ. . သူက ငါ့ကို ငှားလာတဲ့သူလေ ဒီ့ထက်ပိုပြီး ဘာမှမရှိဘူး"

"မင်းအပေါ်မှာတော့ ကရုဏာသက်ဝင်တဲ့ပုံစံနော်"

"တော်ပါပြီ အိုက်ကောရာ. . မင်းညီမ ငါ့ဘဝထဲမှာ မရှိတည်းက ငါ့နှလုံးသားက သေဆုံးသွားခဲ့ပါပြီ"

"ဒီလိုကြီးတော့ ပုံသေမထားပါနဲ့ကွာ. . သေတဲ့သူက လည်း သေသွားခဲ့ပြီးပြီ. . ကျန်နေတဲ့ဘဝမှာ မင်းအတွက် စဉ်း စားပါ"



www.burmeseclassic.com

www.burmeseclassic.com



"မစဉ်းစားချင်တော့ဘူး အိုက်ကော. . အထူးသဖြင့် နတ်ပန်းခင်နဲ့ငါ့ဘဝက ဘယ်လိုမှမဖြစ်နိုင်ပါဘူး"

"ဘာလဲ. . အဆင့်အတန်းကြောင့်လား"

"ဒါလည်း ပါတယ်. . မြေပြန့်နဲ့တောင်ပေါ်သားတို့ရဲ့ နီးစပ်မှုဟာ ခဏတာလေးပဲဖြစ်မှာပါ. . ဒီကနေပြန်ကြတဲ့အခါ လမ်းခွဲကြရမှာပါ"

"ဒါတော့ မဖြစ်နိုင်ဘူး"

"ဘာလို့. . ."

"မင်းအမေကို နတ်ပန်းခင်က ဆေးကုပေးမှာ. . ပြီးတော့ ဒေါက်တာမျိုးထွန်းကလည်း ကူညီပေးမှာလေ. . မင်းတို့နှစ်ယောက်ရေစက်က အရှည်ကြီးကျန်သေးတယ်နော်"

"နှလုံးသားမှာ ဆုံဖို့ကံပါလာရင် ဆုံရမှာပေါ့ကွာ. . သွားကြမယ်. . ."

အိုက်ကော ပခုံးကိုဖက်ပြီး ခန်းချရာဆီသို့ ပြန်လာခဲ့ကြသည်။ ပလိုင်အော. . ကျော်လေး. . လွင်မောင်တို့က ညစာအတွက် ချက်ပြုတ်နေပြီး ဒေါက်တာမျိုးထွန်းက ထုံးစံအတိုင်း မှတ်တမ်းရေးနေလေသည်။ ဘန်ဒေါင်း၊ အိစံ၊ နတ်ပန်းခင်တို့(၃)ယောက်ကို မတွေ့သဖြင့်. . .





"ကိုလွင်မောင်. . ဘန်ဒေါင်းတို့ရော. . ."

"ဟိုနှစ်ယောက် ရေချိုးချင်တယ်ဆိုပြီး ဟိုနားက စမ်းချောင်းဘက်ကို ထွက်သွားတယ်"

"ဩော်"

"ဘယ်လိုလဲ. . ပတ်ဝန်းကျင်အခြေအနေ ကောင်းရဲ့လား"

"ကောင်းပါတယ်"

ပလိုင်အော မေးသည်ကို ဖြေပြီးထိုင်မည်အပြု. . .

"ဒိုင်း"

"ဟင်"

စမ်းချောင်းဘက်ဆီမှသေနတ်သံကြောင့် အပြေးကလေးထွက်လာခဲ့သည်။ စမ်းချောင်းဆီသို့ ရောက်တော့. .

"ဟာ"

"ခေါ်မှူးရာ. . လုပ်ပါဦး"

ဘန်ဒေါင်း သေနတ်ကိုင်ပြီး ဘာလုပ်ရမှန်းမသိဖြစ်နေသလို အိစံတစ်ယောက် မြေပြင်ပေါ်တွင် မှေ့နေသည်။ နတ်ပန်းခင်ကို ဝက်ဝံအမည်းကြီးတစ်ကောင်က ပွေ့မပြီး ခေါ်ဆောင်သွားရန်ပြင်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂိ . . ဂိ . . ."

ခေါ်မှူးရာ စိတ်ကို တည်ငြိမ်အောင်ထားလိုက်ပြီး . . လေးကို ပြင်လိုက်သည်။ ဝက်ဝံကြီးက ထက်လှသော အစွယ်ကြီးများဖြင့် သူတို့ဘက်ကို ကြည့်နေသည်။ လက်ထဲမှာ သတိမေ့နေသောနတ်ပန်းခင် . . . ခေါ်မှူးရာ လေးချက်လွဲချော်ခဲ့လျှင် နတ်ပန်းခင် အသက်အန္တရာယ်ကို စိုးရိမ်ရသည်။

"ဒို့"

"ဒုတ်"

"ဒို့"

"ဒို့ . . ဒို့ . . ဒို့"

လေးမြားကို ကျွမ်းကျင်စွာ(၄)ချက်ဆက်တိုက်ပစ်လိုက်သည်။ ဝက်ဝံကြီး၏ ဦးခေါင်းပိုင်းတို့တွင် မြားလေးချောင်းစိုက်ဝင်ပြီး နောက်ပြန်လဲကျသွားလေသည်။

"ဟူး . . တော်ပါသေးရဲ့ကွာ"

နတ်ပန်းခင်ကို ခေါ်မှူးရာ ပွေ့မပြီး ပြန်ခေါ်ခဲ့လေသည်။

"ဟင် . . ခေါ်မှူးရာ . . ဟို . . ကောင် . . ကြီးရော"

"သေသွားပြီ"





"ရှင် . . သတ်လိုက်တာလား"

"ဟုတ်တယ် နတ်ပန်း . . ခေါ်မှူးရာ ရောက်လာလို့ပေါ့ . . ."

အိစံလည်း သတိရပြီး ဘန်ဒေါင်းလက်မောင်းကို ဆုပ်ကိုင်ပြီး လိုက်လာပေမယ့် ကြောက်စိတ်က မပျောက်သေးပေ။

"သေနတ်ကိုင်ပြီး ဘာလုပ်နေမှန်းမသိဘူး"

"ငါလည်း ဝစ်တာပဲ ထိမှမထိတာ . . နောက်တစ်ချက်ပစ်မယ်လုပ်တော့ နတ်ပန်းကို ဒီကောင်ကြီးက ပွေ့ထားနေပြီဘယ်လိုမှ ပစ်လို့မရတော့ဘူး . . ခေါ်မှူးရာရောက်လာပေလို့ပဲပေါ့ . . ."

နားခိုသည့်နေရာ ပြန်ရောက်တော့ ကုတ်ခြစ်မိသောလက်ကို နတ်ပန်းခင်ဆေးထည့်ရင်း ခေါ်မှူးရာကို လှမ်းကြည့်မိသည်။

ခေါ်မှူးရာကတော့ လွင်မောင်နှင့် စကားကောင်းနေလေပေ . . .။



www.burmeseclassic.com

www.burmeseclassic.com

တောထဲသို့ဝင်ရန် အားလုံးပြင်ဆင်ပြီးသည်နှင့်. . .

"အားလုံးကို ကျုပ်ပြောထားချင်တယ်. . ."

ခေါင်မှူးရာစကားကို အားလုံး နားထောင်နေကြသည်။

"ခုဝင်မယ့်တောဟာ အရမ်းကို အန္တရာယ်ကြီးတယ် ဒါကြောင့် အားလုံး သတိရှိစွာနဲ့ ကြရမှာဖြစ်တယ်. . အထူးသဖြင့် ဘာပဲလုပ်လုပ် ကိုယ့်သဘောနဲ့ကိုယ်မလုပ်ကြပါနဲ့လို့ ပြောထားချင်တယ်. . ပြီးတော့ လက်နက်တွေကို ကိုယ်စီ အသင့်ပြင်ထားကြပါ. . အုပ်စု(၃)စုခွဲပြီး ဝင်မယ်. . ရှေ့ဆုံးမှာ ကျုပ်ရယ်. . နတ်ပန်းခင်၊ အိစံ၊ ဘန်ဒေါင်းတို့က ဝင်ပြီး အလယ်မှာ အိုက်ကော၊ ဒေါက်တာနဲ့လွင်မောင်. . နောက်ဆုံးမှာ ပလိုင်အောနဲ့ကျော်လေးတို့နှစ်ယောက်"

လူစုခွဲပြီး တောထဲသို့ဝင်မည်အပြု. . .





"ဒတ်. . ဒတ်. . ဒတ်"

"ဟင်"

တောင်ကွယ်မှ ရဟတ်ယာဉ်တစ်စီး မြေပြင်နှင့်အနီးကပ်ဆုံး ပျံဝဲလာပြီး သူတို့ဆီကို ဦးတည်ပျံလာသည်။

"အားလုံး. . ဟို ကျောက်တုံးတွေမှာ နေရာယူထားကြ. . ဒီရဟတ်ယာဉ်လာပုံက မရိုးသားဘူး"

နတ်ပန်းခင်တို့နေရာအသီးသီးယူရုံပဲရှိသေးသည်။

"ဒိုင်း. . ဒတ်. . ဒတ်"

"ချွင်. . ရွှီ"

ရဟတ်ယာဉ်ပေါ်မှ စက်သေနတ်တွေနှင့်လှမ်းပြီး ပစ်လေသည်။

"ကဲကွာ. . ."

"ရှီး"

"ဒုတ်"

ရဟတ်ယာဉ် နောက်တစ်ကျော့ပြန်ပြီး ကွေ့လာချိန်တွင် ကျောက်တုံးကြီးအကွယ်မှ ခေါင်မှူးရာ အနီးကပ်ဆုံးလေးနှင့်ပစ်လိုက်သည်။ ရဟတ်ယာဉ်၏ ဝမ်းဘက်သို့ ထိသွားပြီး တရှိန်ထိုးပျံတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာသဘောလဲ"

"မပြောတတ်ဘူး၊ သက်သက်မယ့် သတ်ဖြတ်တာပဲ"

နတ်ပန်းခင်တို့စဉ်းစား၍မရအောင် ဖြစ်သွားသည်။

"ခေါ်မှူးရာ. . ငါဟိုကောင်ကို တွေ့လိုက်တယ်"

"ဘယ်သူလဲ. . ."

"ရဟတ်ယာဉ်ပေါ်မှာ ငါတို့ကိုစက်သေနတ်နဲ့ပစ်တဲ့ကောင်က နတ်ဘီလူး"

"ဘာ. . ဩော်. . ဒါကြောင့်ကိုး"

"ဒီကောင်တွေလည်း တစ်ခုခုကို လိုက်ရှာနေတာ ဖြစ်မယ်"

"ကျွန်မအထင်တော့ သူတို့လည်း ရွှေဟောင်းကျောက်ဂူကြီးကို ရှာကြတာဖြစ်မယ်. . ."

"ဖြစ်နိုင်တယ် နတ်ပန်းခင်. . ဒီကောင်တွေ ရဟတ်ယာဉ်ချက်ချင်းတော့ ပြန်လာနိုင်မှာမဟုတ်ဘူး. . တောထဲကို ဝင်ကြမယ်"

ပထမပြောထားသည့်အတိုင်း တောထဲကို ဝင်ခဲ့ကြသည်။ တောထဲတွင် တစ်နာရီလောက် ခရီးဆက်နေပေမယ့် လမ်းစက ပျောက်နေလေပြီ. . .





"ကျုပ်တို့ လမ်းမှားနေပြီ. . ."

"ဟင်"

"ခေါ်မှူးရာ. . ငါတို့ဝက်ပါ နယ်နိမိတ်ထဲကို ရောက်နေပြီ ထင်တယ်. . ."

"ဟုတ်တယ် ပလိုင်အော. . နတ်ပန်းခင် ခင်ဗျားမြေပုံကိုထုတ်ပြီး သေသေချာချာကြည့်မှဖြစ်တော့မယ်"

"အင်း"

မြေပုံနှင့်သံလိုက်အိမ်မြှောင်ကို သုံးပြီးကြည့်တော့လည်း သူတို့သွားရမည့် နေရာဖြစ်ပေမယ့် လမ်းစကမတွေ့ပေ။

"ဒီအတိုင်းဆက်ပြီး သွားနေရင် ဘာမှထူးမှာမဟုတ်ဘူး. . ခဏနားကြမယ်. . ."

အားလုံးနားကြစဉ်. . ခေါ်မှူးရာ ဘာလုပ်ရမည်ကို စဉ်းစားနေမိသည်။ ဘယ်လိုပင်စဉ်းစား စဉ်းစားအဖြေက မထွက်. . .

"ခေါ်မှူးရာ. . ကျွန်မနဲ့လိုက်ခဲ့ဦး"

နတ်ပန်းခင် မိမိရှေ့မှ သစ်ပင်(၃)ပင်ဆီကို လျှောက်သွားပြီး သစ်ပင်ခြေရင်းမှ အကွက်တွေကို ရေတွက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



တော့ (၆)ကွက်. . တခြားသစ်ပင်တွေကို ရေတွက်ကြည့်တော့လည်း (၉)ကွက်ပြည့်သည့် အပင်ကို မတွေ့ရဘဲ စိတ်ပါတ်ကျလာသည်။

အိပ်မက်ထဲက ဒဏ္ဍာရီသခင်မပြောသော သစ်ပင်အကွက်(၉)ကွက်ဆိုသည်မှာ အပြင်တွင်ရှိမည်မထင်တော့ပေ

"ကဲပါ. . နတ်ပန်းခင် နားပြီးတော့ ခေါင်းအေးအေးစဉ်းစားကြတာပေါ့. . ."

"ဟူး"

"အမလေး"

"ဟင်. . အဲဒါဘာဖြစ်တာလဲ"

"အရိုးစုတွေ. . ."

"ဟာ"

အိစံထိုင်နေသော နေရာအောက်တွင် အရိုးစုတွေကို တွေ့နေရသည်။ ထို့အပြင် ဆွေးမြေ့နေသော ခရိုးဆောင်အိတ်များ သံချေးတက်နေသော သေနတ်နှင့်ဓါးတို့ကိုပါ တွေ့မြင်ရလေသည်။

"ဒါ. . တောထဲမှ သတ္တဝါတွေရဲ့ရန်မှုခြင်းကြောင့် သေခဲ့ကြတဲ့သူတွေဖြစ်မယ်. . ."





နတ်ပန်းခင် အရိုးစုများ၏ အသွင်သဏ္ဍာန်ကို အကဲခတ်ကြည့်တော့ ကိုယ်လက်အင်္ဂါ ပြည့်စုံခြင်းမရှိတာတွေရယ်. . ကျိုးပဲ့နေသော အရိုးစုများကို တွေ့လိုက်သည်။

"ခေါ်မှူးရာ. . ငါတို့အန္တရာယ်ထောင်ချောက်ထဲကို ရောက်နေပြီ"

"ဒီနေရာက အမြန်သွားကြမယ်"

"ဟုတ်တယ်"

အားလုံး နားမယ်တောင်မကြံရသေး. . တစ်နေရာကို ရွှေ့ပြောင်းခဲ့ကြရပြန်သည်။

"ဒီနေရာမှာ နားကြတာပေါ့"

ပတ်ဝန်းကျင်အခြေအနေကို လေ့လာတော့ အန္တရာယ်အန့်အသက်မတွေ့ရပေမယ့် စိတ်မချရပေ. . .

"ပလိုင်အောနဲ့ အိုက်ကော"

"ပြော. . ခေါ်မှူးရာ"

"ငါတို့ မြေပြင်မှာနေလို့ကတော့ မလွယ်ဘူး"

"ဒီတော့. . ."

"ဟိုမှာ တွေ့လား"

ကြီးမားလှသော သစ်ပင်ကြီးကို ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါသဘောပေါက်ပြီ ခေါ်မှူးရာ၊ လင့်စင်ထိုးမယ်ပေါ့"

"ဟုတ်တယ်.. ဒီတောထဲမှာ လမ်းစမတွေ့မချင်း ဘယ်လောက်ကြာအောင်နေရမလဲမသိဘူး.. စိတ်အချရဆုံး က သစ်ပင်ပေါ်မှာ တက်နေကြတာ အကောင်းဆုံးပဲ.. ဝါးပင်တွေလည်း ပေါတယ်"

"ဒါဆို လုပ်ငန်းစကြရအောင်"

အားလုံး တက်ညီလက်ညီနှင့်သစ်ပင်ကြီးပေါ်တွင် လင့်စင်ကို မိုးမချုပ်ခင် ဆောက်ကြသည်။

နတ်ပန်းခင်နှင့်အိစံက စားသောက်ဖို့အတွက် ချက် ပြုတ်နေလေသည်။

"နတ်ပန်း"

"ဘာလဲဟ..."

"ငါတော့ ကြောက်လည်းကြောက် ပျော်လည်း ပျော် တယ်"

"နင့်စကားက ဘာလဲဟ"

"ခုလို တောထဲမှာ လုပ်ကိုင်လိုက်ကြ.. စားလိုက် နဲ့ နေရတော့ ကြောက်ရမယ့်စိတ်တွေတောင် ဘယ်ရောက် သွားလဲ မသိပါဘူးဟာ..."





"ကောင်မ.. နင်ကတော့ ပျော်နေမှာပေါ့.. ကိုယ် ချစ်တဲ့သူနဲ့အတူတူရှိနေတာကိုး..."

"နင်လည်း ရှိနေတာပဲဟာ..."

"ကောင်မနော်"

"နတ်ပန်းရယ်.. နင်နဲ့ငါက ငယ်ပေါင်းတွေပါ.. နင့် စိတ်ထဲမှာ ဘယ်လိုရှိနေလဲဆိုတာ ငါအသိဆုံး.. နင်ဘာငြင်း မလဲ"

"ငါ မငြင်းချင်ပါဘူး.. ခက်နေတာက သူ့ဘက်က ငါ့ ကို ဘယ်တော့မှဖွင့်ပြောမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ..."

"သူ့ရင်ထဲမှာ သေသွားတဲ့ သူ့ချစ်သူကလွဲပြီး တခြား ဘယ်သူမှရှိမှာမဟုတ်ဘူး..."

"နတ်ပန်းရယ်.. သေသောသူကြာရင်မေ့ဆိုတဲ့ စကားရှိတာပဲဟာ.. သူဘယ်လောက်ထိစွဲလမ်းနိုင်မှာမို့လဲ"

"အင်းလေ.. မေ့သွားရင်တော့ ကောင်းတာပေါ့ ဟာ"

"ဟေ့.. ဘာတွေ တွက်ထိုးနေတာလဲ"

"ဘန်ဒေါင်း"



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကိစ္စတွေတော့ပြီးသွားပြီ၊ ဗိုက်လည်းဆာလှပြီ"

"ဗိုက်ဆာတာလုပ်မနေနဲ့. . ရိက္ခာကပြတ်နေပြီဟ"

"ဟုတ်တယ်. . တောထဲမှာ လမ်းစမတွေ့ဘဲ ရက်ရှည်ရင် ဒုက္ခပဲ"

"ခေါ်မှူးရာကတော့ မနက်ဖြန်တောပစ်ထွက်မယ်တဲ့"

"ဖြစ်ပါ့မလား. . ဒီတောက ဝက်ပါလေ. . တော်ကြာသူ ပြန်မရောက်ရင် အားလုံးဒုက္ခတွေ့မယ်"

ဟုတ်တယ် မသွားခိုင်းနဲ့. . သူ့ကိုအားလုံးက အားနေကြရတာ"

"သူဘယ်လိုစီစဉ်မလဲဆိုတာ စောင့်ကြည့်တာပေါ့. . ကဲ ကျက်ပြီဆိုရင်လင့်စင်ပေါ်ကို အားလုံးပစ္စည်းတွေတင်မယ်"

"အေး"

သစ်ပင်ကြီးပေါ်တွင် ဝါးများဖြင့် ခိုင်ခန့်သော လင့်စင်ကြီးကို တည်ဆောက်ထားသဖြင့် သူတို့အားလုံးချောင်ချိစွာ နေ၍ရလေသည်။

ကောင်းကင်ထက်တွင် လသာနေသောကြောင့် လင်းသက်နေလေသည်။ လင့်စင်ပေါ်တွင် တော၏ အေးမြသော အရသာကိုခံစားရင်း အတွေးကိုယ်စီဖြင့် ရှိနေကြသည်။

"ဝူး. . ဝူး. . ဖျောက်. . ဖျောက်. . ."

"ဟာ. . ခေါ်မှူးရာ. . ဒရယ်ကြီး. . ."

ပလိုင်အောလှမ်းပြီးပြသည့် နေရာကိုကြည့်လိုက်တော့ အလွန်ကြီးမားသည့် ဒရယ်ကြီး တစ်ကောင်ကို တွေ့လိုက်ရသည်။

"အပေါ်က ပစ်ရင် မထိနိုင်ဘူး. . ငါ အောက်ကိုဆင်းမယ်"

"ငါ လိုက်ခဲ့ရမလား"

"ရတယ်. . ငါတစ်ယောက်တည်းဆင်းမယ်"

ခေါ်မှူးရာ သစ်ပင်ကြီးပေါ်မှ အဘိတ်တိတ်အောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားသည်။ ဒရယ်ကြီးကတော့ သူ့အန္တရာယ်ကို မမြင်ဘဲ အစာကိုမဲပြီး စားနေသည်။

ခေါ်မှူးရာ အနီးဆုံးနေရာတွင် နေရာယူလိုက်ပြီး . .

"ဝိုး"

"ဒုတ်"

မြားတစ်ချက်တည်းနှင့် ဒရယ်ကြီး လဲကျသွားသည်

"အပေါ်က ကြိုးပစ်ချလိုက်. . ထမ်းတင်လို့မရဘူး . . လေးတယ်"

"အေး. . ရော့. . ကြိုးလာပြီ. . ."

ခေါ်မှူးရာ ဒရယ်ကြီးကို ကြိုးဖြင့် ချည်နေတုန်း. . .

"ဂရား"

"ဟာ. . ."

"ဟင်"

ကြောက်စရာကောင်းသော အသံနက်ကြီးဖြင့် ထူ အသွင်သဏ္ဍာန်သတ္တဝါကြီးတစ်ကောင် ခေါ်မှူးရာကို ရန်ပြု သောကြောင့် လုံးထွေးသွားလေသည်။ ပလိုင်အော. . ဒိုက်ကောတို့ပါ အောက်ကိုဆင်းပြီး ထိုသတ္တဝါရိုင်းကြီးကို ရင်ဆိုင်တော့မှ တောထဲကိုပြန်ပြီး ပြေးဝင်သွားလေသည်။

"ခေါ်မှူးရာ. . ဘာဖြစ်သေးလဲ"





"လက်မောင်းနဲ့ပေါင်ကို လက်သည်းခြစ်သွားတယ်"

ခေါ်မှူးရာကိုနှစ်ယောက်ထိန်းပြီး အပေါ်သို့ ဆွဲတင်ခဲ့ကြသည်။ ဒေါက်တာမျိုးထွန်းက ဆေးထည့်ပြီး. . .

"ဆေးတော့ထိုးထားမှဖြစ်မယ်. . လက်သည်းဆိပ်ပြင်းတယ်"

"ခေါ်မှူးရာရယ်. . ."

"ကျုပ်ဘာမှမဖြစ်ပါဘူး. . ."

သူ့ကို အားပြုနေသောသူတွေ စိတ်ဓါတ်ကျမှာစိုးသဖြင့် ခေါ်မှူးရာ အားတင်းပြီးနေသည်ကို နတ်ပန်းခင်သဘောပေါက်သည်။

"ဒရယ်ကြီးက(၃)ရက်စာလောက် စားလို့မကုန်ဘူးမဟုတ်လား"

"ဟုတ်တယ်. . ဝကစ်နေတာပဲ. . ဘုရားသခင် ကယ်တာပဲဟော့. . ."

"မနက်ကျမှပဲဖျက်တော့မယ်ကွာ. . ."

ခေါ်မှူးရာ ဒဏ်ရာအရှိန်ကြောင့် ဖျားချင်သလိုဖြစ်နေသဖြင့် သစ်ပင်ကိုင်းကို မှီပြီး မှေးနေလေတော့သည်။

"ရှင် သက်သာရဲ့လား"

"သက်သာပါတယ်. . ဒေါက်တာဆေးက ပြင်းလို့



www.burmeseclassic.com

www.burmeseclassic.com



လားမသိဘူး. . အိပ်တောင်အိပ်ချင်လာတယ်"

"ကျုပ်လည်း ဒီခရီးကို လိုက်မယ်ဆိုကတည်းက အဆိပ်ဖြေဆေးတွေကို အဓိကထားပြီး ထည့်လာတာပဲ. . စိုးရိမ်စရာမရှိပါဘူး. . မနက်ဆိုရင် ကောင်းသွားမှာပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ဒီစကားကို မပြောပါနဲ့ ခေါ်မှူးရာ. . ခင်ဗျား ကယ်ခဲ့တဲ့ကျေးဇူးတွေက ကျုပ်တို့အပေါ်မှာ အများကြီးပါ. . ကျုပ် ဆေးကုတဲ့ကျေးဇူးက ဘာမှစာမဖွဲ့လောက်ပါဘူး"

တဖြည်းဖြည်းညဉ့်နက်လာပြီဖြစ်သောကြောင့် လင်းစင်ပေါ်တွင် အလှည့်ကျတာဝန်ဖြင့် နှစ်ယောက်တစ်တွဲကင်းစောင့်ကာ အိပ်ကြတော့သည်။ ခေါ်မှူးရာက ဒဏ်ရာရထားသူဖြစ်သဖြင့် ကင်းမစောင့်ခိုင်းဘဲ အနားယူခိုင်းရလေသည်။

ခေါ်မှူးရာဘေးတွင် နတ်ပန်းခင်ထိုင်လျက်. . .

"နတ်ပန်းခင်. . အိပ်တော့လေ"

"ရှင့်ကိုစိတ်မချလို့"

"ကျုပ်ဘာမှမဖြစ်တော့ပါဘူး. . အိပ်လိုက်ပါ"

ခေါ်မှူးရာ ဘေးမှာပဲ ခွေခွေလေးအိပ်ပစ်လိုက်တော့သည်။



ခေါ်မှူးရာတို့အားလုံး လင့်စင်ကြီးပေါ်တွင် နေထိုင်ခဲ့သည်မှာ (၂)ရက်ပင်ပြည့်ခဲ့လေပြီ. . . ရှေ့ကိုဆက်လို့လည်း မရ. . နောက်ကိုဆုတ်လို့လည်းမရ ဖြစ်နေကြရသည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်သည်။

"ခေါ်မှူးရာ. . ဒီအတိုင်းတော့ မဖြစ်တော့ဘူး. . တစ်ခုခုလုပ်ကြမှဖြစ်မယ်"

"ငါလည်း လမ်းစကိုရှာဖွေနေတာပဲကွာ. . ဘယ်လိုမှ လမ်းစကိုမတွေ့ဘူးဖြစ်နေတယ်. . ."

"ခေါ်မှူးရာ. . ."

"ဘာများလဲ နတ်ပန်းခင်"

"ရေပြတ်သွားပြီ"

"ဒါဆိုလည်း ရေခပ်ထွက်ကြဖို့ လုပ်မယ်"

"ခေါ်မှူးရာ. . ကျွန်မပါ ရှင်တို့နဲ့လိုက်ချင်တယ်"

"လိုက်ချင်ရင် လိုက်ခဲ့လေ"

"ဟဲ့ အိစံ. . နင်လိုက်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်တော့ဘူး နတ်ပန်း"

ခေါ်မှူးရာ အိုက်ကောထို့နှင့်အတူ နတ်ပန်းခင် အောက်ကို ကြိုးလှေကားနှင့်ဆင်းခဲ့လေတော့သည်။

"ရေသွားခပ်ရမယ့် နေရာက သိပ်ပြီး မဝေးပါဘူး.. ဟိုနားဘက်ကြောနားမှာ စမ်းချောင်းလေးရှိတယ်"

ရေခပ်ထည့်ရန် ရေဘူးများကို ယူခဲ့သလို အိုက်ကောမှ ဝါးကျည်တောက်ဘူးတွေကို ဝါးလုံးတစ်လုံးနှင့်ထမ်းပြီး လိုက်ခဲ့လေတော့သည်။ တောင်ကြားမှ စီးဆင်းနေသော စမ်းချောင်းလေးအရောက်တွင် နတ်ပန်းခင် မျက်နှာခြေလက်တွေကို ဆေးကြောပြီး ရေဘူးထဲသို့ ရေထည့်နေသည်။

ခေါ်မှူးရာကတော့ ထွက်လမ်းအတွက် ပတ်ဝန်းကျင်ကို လေ့လာနေသည်။

"ပြီးရင် သွားကြမယ်ဟေ့"

ရေတွေဖြည့်ပြီးသည်နှင့် ပြန်လာခဲ့ကြစဉ်...

"ခေါ်မှူးရာ.. ခဏ နေဦး"

နတ်ပန်းခင် မိမိအရှေ့တွင်လှမ်းပြီးမြင်နေရသော သစ်ပင်(၃)ပင်ဆီသို့ အကြည့်အာရုံရောက်သွားပြီး သစ်ပင်နားသို့ လျှောက်သွားသည်။

"တစ်..နှစ်..သုံး..လေး..ငါး..ခြောက်..ခုနစ်..ရှစ်..ကိုး..ဟယ်..ဟုတ်ပြီ..ဟုတ်ပြီ..."





"နတ်ပန်းခင် ဘာဟုတ်တာလဲ"

"ကျွန်မကို အိပ်မက်ထဲမှာ ပြခဲ့တဲ့နေရာ"

"ဟင်"

"ဒီသစ်ပင်ဘေးဘက်က ချုံတွေကို ရှင်းရင်လမ်းဟောင်းကြီးတစ်ခုကိုတွေ့မယ်"

"အိုက်ကော.. ရှင်းကြည့်စမ်းကွာ"

အိုက်ကော ဝါးဆစ်ဘူးတွေကို ချပြီး ချုံကြီးကို ရှင်းတော့...

"ဟာ..ဟုတ်တယ် ခေါ်မှူးရာ.. တောလမ်းဟောင်းကြီးတစ်ခုပဲ"

"ဒီက သွားရင် ဘယ်ကိုရောက်မှာလဲ"

"ဘီလူးပုံသဏ္ဌာန်ကျောက်ဂူကြီးကို ရောက်မယ်"

"အိုက်ကော..ငါတို့ အားလုံးကို ပြန်ခေါ်ပြီး သွားကြည့်မယ်..."

လင့်စင်ပေါ်မှ အဖွဲ့သားအားလုံးကို ခေါ်ပြီး လမ်းဟောင်းကြီးအတိုင်း လျှောက်လာစဉ်...

"ဟယ်"

"ဟင်"

ရှေ့ခပ်လှမ်းလှမ်းတွင် ဘီလူးခေါင်းသဏ္ဌာန် စိမ်းညို့ညို့တောင်ကြီးကို အားလုံးတွေ့လိုက်ကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နတ်ပန်းခင်အိပ်မက်က အရမ်းကို တိုက်ဆိုင်တာပဲ"

"ဟုတ်တယ်. . ကျွန်မလည်း မယုံနိုင်အောင်ဖြစ်နေ
တာ"

ကျောက်ဆောင်ကြီးနားသို့ ရောက်တော့. . .

"အပေါ်အပေါက်ဝကို တက်တဲ့ လှေကားထစ်တွေက
ဆွေးမြေ့ပြီးပျက်နေပြီ. . အားလုံး သတိနဲ့တက်ကြနော်"

ရှေ့ဆုံးမှ ခေါ်မှူးရာ. . နတ်ပန်းခင်တို့က ဦးဆော
ပြီး တက်ခဲ့ကြသည်။ ကျောက်ဂူဝဆီသို့ တော်တော်ကြာ
အောင် တက်ခဲ့ပြီး အပေါက်ဝကြီးဆီသို့ ရောက်ခဲ့သည်။

"နတ်ပန်းခင်. . အပြင်မှာနေဦး"

နတ်ပန်းခင်တို့ကို ခေါ်မှူးရာ ထားခဲ့ပြီး ပလိုင်အော
နှင့်အတူ ဂူထဲသို့ဝင်ခဲ့သည်။

"ဟာ. . ရှေ့မှာ ကျောက်တုံးတွေပိတ်နေတယ်"

"ဟုတ်တယ်. . အပေါ်နံရံကျောက်တွေ ပြိုပြီး ပိတ်
နေတဲ့ပုံပဲ"

"အလင်းရောင်တွေက ဖြာထွက်နေပါလား. . အထ
မှာ တစ်ခုခု ထွန်းထားသလိုပဲ"

"အင်း. . ထူးတော့ ထူးဆန်းတယ်. . ဒါတွေထား.
ကျောက်တုံးတွေကို ဘယ်လိုလုပ်ပြီး ဖယ်ကြမလဲ"

"ဗိုင်းနမိုက်နဲ့ခွဲရင်ရော. . ."





"မဖြစ်ဘူးထင်တယ်. . အသံလှိုင်းရိုက်ပြီး ဂူပြိုကျ
သွားနိုင်တယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"စိတ်ရှည်ရှည်နဲ့ထုဆစ်ပြီး လူတစ်ကိုယ်စာ ဝင်လို့ရ
အောင် လုပ်ရမှာပဲ"

အားလုံး အထဲသို့ဝင်ခဲ့ပြီး အလင်းဖြာထွက်နေတဲ့
အပေါက်မှ လူတစ်ကိုယ်ရအောင် ဖောက်ထုတ်နေကြရ
တော့သည်။

"ဒုတ်. . ဒုတ်. . ဒုတ်. . ."

နှစ်နာရီလောက်ကြာအောင် အားလုံးတက်ညီလက်
ညီနှင့် ထုဆစ်ခဲ့ကြသဖြင့် လူတစ်ကိုယ်စာ ဝင်ပေါက်တစ်ခုကို
ရခဲ့လေသည်။

တစ်ယောက်ချင်းအထဲကို ဝင်လိုက်ပြီးနောက်. . .

"ဟယ်"

"ဟင်"

မြင်လိုက်သောမြင်ကွင်းကြောင့် အံ့သြစရာပင်ဖြစ်
တော့သည်။ ကျောက်ကြားအဆင့်ဆင့်တွင် အရိုးစုများနှင့်
ရွှေတုံးရွှေခဲ. . ရွှေရုပ်များစွာနှင့် ကျောက်နံရံမှအလင်းရောင်
ထွက်နေသည့် အဖိုးတန်ကျောက်အရိုင်းတုံးကြီးကို မယုံနိုင်
အောင် တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ အရိုးစုတွေက ဘယ်တုန်းကအရိုးတွေလဲ"

"လွန်ခဲ့တဲ့ နှစ်ပေါင်း(၅၀၀၀)လောက်က အာဒီဒီနိုင်ငံကို ထူထောင်ခဲ့တဲ့ အာဒီယံမျိုးနွယ်စုတွေရဲ့ရုပ်အလောင်းတွေ သူတို့ခေတ်ကိုရောက်တော့ လူ့အသုံးအဆောင်အလှအပတွေကို သုံးစွဲနေတတ်နေပြီလေ. . ."

"နတ်ပန်းခင်. . ဒီအရိုးစုတွေကို ဘာလုပ်မှာလဲ"

"မှတ်တမ်းတင်မယ်. . သုတေသနပြုလုပ်ပြီး ကမ္ဘာသိအောင် ရေးမယ်. . သက်ဆိုင်ရာကို အကြောင်းကြားပြီး ထိန်းသိမ်းနိုင်အောင် လုပ်ရမှာပဲ"

"ဒါတွေကို သယ်သွားမှာလား"

"လိုအပ်တာပဲ သယ်မှာ. . ကျန်တာတော့ ဓါတ်ပုံဗီဒီယိုမှတ်တမ်းတင်မယ်"

"နတ်ပန်းခင် လာချင်တဲ့နေရာက ဒီနေရာလား"

"တစ်နေရာကျန်သေးတယ်"

"ဘယ်နေရာလဲ"

"အာဒီဒီနိုင်ငံရှိတဲ့နေရာလေ. . ဒီကျောက်ဂူကြီးရဲ့အောက်ဘက်ရေခဲပြင်တစ်ခုအောက်မှာရှိတယ်လို့ ထင်ထားတယ်"

"ဒါဆိုရင် လုပ်စရာရှိတာကိုလုပ်လေ. . ပြီးရင် ခရီးဆက်မယ်. . ရွှေတွေကိုရော ယူသွားမှာလား"





"သုတေသနလုပ်ဖို့ တစ်ခုနှစ်ခုလောက်ပဲယူသွားမယ် ရှင်တို့လည်း အမှတ်တရယူကြပေါ့"

"မယူချင်ပါဘူးဗျာ. . တိုင်းပြည်အတွက်ပဲ လုပ်ပါ"

နတ်ပန်းခင်တို့အားလုံးက လောဘသားကောင်တွေ မဟုတ်သဖြင့် မြင်တွေ့နေရသောရွှေများကို မမက်မောကြပေ. . .

"ဒေါက်တာမျိုးထွန်း. . ရှင်ဘာလုပ်တာလဲ"

"ရွှေပစ္စည်းတွေကိုထည့်နေတာလေ မမြင်ဘူးလား"

"ခင်ဗျား လောကမတက်ပါနဲ့"

"လူဆိုတာ လောဘသားတွေကွ၊ မတက်လို့ရမလား"

"ခင်ဗျား. . ."

"နောက်ကျသွားပြီ ခေါ်မှူးရာ. . မင်းနောက်မှာ ဘယ်သူတွေလဲဆိုတာကြည့်ဦး. . ."

"ဟား. . ဟား. . ဟား. . ဟား. . ."

"ဦးမိုးကောင်း"

"နတ်ဘီလူး"

လက်နက်ကိုယ်စီဖြင့် ဂူထဲကို ဝင်လာကြသည်။

"ကျေးဇူးတင်လိုက်တာကွာ. . ငါတို့က ဒီကျောက်ဂူကို ရှာဖွေနေတာ. . နှစ်ကမနည်းတော့ဘူး. . မင်းတို့ကြောင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးမိုးကောင်း. . ရှင်. . ."

"ကျုပ် ဦးမိုးကောင်းမဟုတ်ဘူး. . ဦးမိုးကောင်းရဲ့ညီ မိုးမိတ်. . ကျုပ်အစ်ကိုက မင်းတို့လက်ချက်ကြောင့် သက်ဆိုင်ရာလက်ထဲကို ရောက်သွားပြီလေ. . မင်းတို့နဲ့အတူပါလာတဲ့ ဒေါက်တာမျိုးထွန်းက ငါ့သမက်ကွ. . ဒီနေရာကို သိချင်လို့ မင်းတို့နဲ့အတူလိုက်ခိုင်းခဲ့တာ. . ရှင်းပြီလား. . ."

"ဦးမိုးမိတ်. . ပစ္စည်းအားလုံးသယ်မှာလား"

"ပစ္စည်းတင်ဘယ်ကမလဲ. . ဒီ ကျောက်နံရံကြီးကိုပါ တူးနိုင်အောင်လုပ်ရမယ်. . ဒါမှငါတို့က ဒီကမ္ဘာမှာ မီလျံနာကြီးတွေဖြစ်မှာကွ"

"ဒီကောင်တွေအုပ်စုရော. . ."

"ဟဲ. . ဟဲ. . ရှင်းပစ်လိုက်လေ. . ."

"နှမြောစရာကြီးဗျာ"

နတ်ဘီလူးက နတ်ပန်းခင်နှင့်အိစံကို မျက်ထောင့်နီဖြင့်ကြည့်ကာ ပြောနေသည်။

"ဒါတော့ မင်းသဘောပဲ. . ."

"ရှင် လွှတ်နော်. . ."

"ဟော့ကောင် နတ်ဘီလူး"

နတ်ပန်းခင်ကို အတင်းဝင်ပြီး အဆွဲမှာ ခေါ်မှူးရာ နတ်ဘီလူးလက်ကို ပုတ်ချလိုက်သည်။





"မင်းက ငါ့ကိုထိရဲတယ်ပေါ့. . ဟော့ကောင်တွေ ဒီကောင့်ကို ရှင်းစမ်း"

ခေါ်မှူးရာကို လူဆိုး(၃)ယောက်က ချုပ်ကိုင်ပြီး. . .

"ကဲကွာ"

"ခွပ်. . ခွပ်. . ခွပ်. . ."

"ရှင်တို့ရပ်စမ်း. . မတရားအနိုင်မကျင့်ပါနဲ့"

"ဒါဆိုရင် မင်းလေးကလိမ္မာလိုက်ပေါ့"

"ရှင် ဘာဖြစ်ချင်လဲပြော"

"နတ်ပန်းခင်. . ."

"ခေါ်မှူးရာ ခုကိစ္စက ကျွန်မကိစ္စ. . ကျွန်မရှင်းမယ်"

"မင်းနဲ့အတူ ညလှလှလေးဖြစ်ချင်တယ်"

"ကောင်းပြီ. . ဒါဆိုရင် ရှင်ကျွန်မတို့လူတွေကိုပြန်ပြီး လွှတ်ပေးပါ. . ရှင့်ဆန္ဒအတိုင်းဖြစ်စေရမယ်"

"ဦးမိုးမိတ်"

"ဘာလဲကွ"

"ခင်ဗျား. . သူပြောတာကိုကြားတယ် မဟုတ်လား"

"ကြားတယ်. . မင်းသဘောပဲလေ. . သတ်နေရင် ဘျည်ဆံကုန်တယ်"

ပလိုင်အော အခြေအနေကိုကြည့်ပြီး ဘာလုပ်ရမလဲ ဆိုတာကို စဉ်းစားကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အားလုံး ဒီမှာတွေ့လား"

"ဟာ"

"ဟင်"

ပလိုင်အော စနတ်တံနှင့်မိုင်းတစ်လုံးကို ဆုပ်ကိုင်ပြီး မီးခြစ်ကို ခြစ်လိုက်သည်။

"သေရင် အားလုံးအတူတူသေဖို့ပဲရှိတယ်"

"ဟေ့. . ဟေ့ ကောင်. . ."

ဦးမိုးမိတ်တို့ မျက်လုံး ပြူးကုန်ကြတော့သည်။

"ဒီကျောက်ဂူကြီးက ဆွေးမြေ့နေပြီ. . ပေါက်ကွဲတာနဲ့ ကျောက်တွေ ပြိုကြမှာပဲဆိုတာ သဘောပေါက်. . ."

"မင်းဘာလုပ်ချင်လဲ ပြော"

"ကျုပ်လူတွေကို လွှတ်ပေး. . ."

"မင်း လက်ထဲက မိုင်းကိုချလိုက်လေ"

"ခင်ဗျားတို့ကတိတည်ရင် ကျုပ်ဘက်က တည်မယ်"

"နတ်ဘီလူး. . လွှတ်ပေးလိုက်. . ."

"တောက်"

အားလုံး တစ်စုတည်းဖြစ်သည်နှင့်. . .

"မင်းတို့ အရင်ထွက်နှင့်. . ."

ပလိုင်အော ရပ်ပြီး ကျန်တာ ခေါ်မှုးရာတို့ အပြင် ထွက်နေတုန်း. . .





"ကဲကွာ. ."

"ဟာ"

ပလိုင်အောကို နတ်ဘီလူးပြေးဝင်ပြီး တိုက်လိုက်သည်နှင့် လုံးထွေးသွားပြီး မိုင်းလေးမှာ အိုက်ကောဆီသို့ ရောက်သွားသည်။

"ချောက်"

"ရှဲ"

"ဟာ"

"ဒီလောက်တောင် မိုက်လုံးကြီးတဲ့ ကောင်တွေ. . သေပေတော့"

"ဟေ့. . ဟေ့ ကောင်. . ."

"ဝုန်း"

ပေါက်ကွဲသံကြီး ပေါ်ထွက်လာပြီး. . .

"ဝုန်း. . ဒုန်း. . ."

ကျောက်နံရံကြီး ပြိုကျလာတော့သည်။ အားလုံး အပြင်ကိုရောက်ချိန်မှာတော့ ကျောက်ဆောင်ကြီး၏ အပေါ်မှာ အက်ကွဲလာနေပြီဖြစ်သည်။

"ခေါ်မှုးရာ"

"နတ်ပန်းခင်. . ပြေး. . ပြေး. . ."

နတ်ပန်းခင်တို့အုပ်စုထဲမှ ဒေါက်တာမျိုးထွန်းကလွဲပြီး

www.burmeseclassic.com



အားလုံးလွတ်အောင် ပြေးနေရလေသည်။

"ဝုန်း"

"ဟာ"

တောကြီးတစ်ခုလုံးပဲ ရိုက်ခတ်သွားပြီး ကျောက်တောင်ကြီး ပြိုကျသွားလေတော့သည်။ ထို့အပြင် မြေကြီးများပါ အက်ကွဲလာနေလေပြီ...

"ကယ်..ကြ..ပါ..."

"နတ်ဘီလူး"

သစ်ပင်ကြီးပိပြီး အော်ဟစ်နေသော နတ်ဘီလူးကို ...တ်ရပြီး.. ခေါ်မှူးရာတို့ လက်စားချေဖို့ပင်မလိုတော့ သဘာဝတရားကြီးက နတ်ဘီလူးကို ဆုံးမလိုက်လေပြီ ဖြစ်သည်။

"ဟို တောင်ကုန်းပေါ်ကို ရောက်အောင်တက်ကြ ဟော့..."

ခေါ်မှူးရာက နတ်ပန်းခင်ကို လက်ဆွဲပြီးတက်ခဲ့သလို ဘန်ဒေါင်းက ဘိစံကို လက်ဆွဲကာ အသီးသီးတောင်ကုန်းကြီးပေါ်သို့ ပြေးတက်ခဲ့ကြသည်။

တောင်ကုန်းတစ်ဖက်မှာတော့ ကြီးမားသော ပတ်ကြားအက်ကြီးများဖြစ်ပြီး ချောက်ကြီးများသဖွယ် ဖြစ်ကုန်လေတော့သည်။





"ခေါ်မှူးရာ..ဒီအတိုင်းဆိုရင် ဒီနယ်မြေတစ်ခုလုံး မြေကြီးထဲကို ရောက်သွားနိုင်တယ်..ဟိုဘက်တောင်ကုန်းတွေလည်း ပြိုကုန်ပြီ..."

"ဟုတ်တယ်..ဘယ်လိုလုပ်မလဲ"

"ခေါ်မှူးရာ ဟိုမှာ ရဟတ်ယာဉ်မဟုတ်လား"

"အင်း..ဘာလို့ ပျံမတက်တာလည်းမသိဘူး..မောင်းမယ့်သူ မရှိလို့လား"

"ဒီအတိုင်းနေမယ့်အစား အဲဒီကို သွားပြီးကြည့်ရင် ကောင်းမယ်"

"အေး..မင်းတို့နေခဲ့..ငါသွားမယ်..."

"ခေါ်မှူးရာ"

နတ်ပန်းခင်ကို ပြုံးပြပြီး ပတ်ကြားအက်လိုက်နေသော မြေလွှာပြင်ပေါ်တွင် ခေါ်မှူးရာ အပြေးကလေးသွားလေတော့သည်။ ရဟတ်ယာဉ်နားရောက်တော့ ရဟတ်ယာဉ်မောင်းသမားမှာ မြေကြီးများ တုန်ခါမှုကြောင့် ဘေးဘောင်နှင့်ရိုက်မိပြီး မေ့နေသည်။

"ဟေ့လူ..ဟေ့လူ..."

"ဟ..ကျွပ်..ကျွပ်...မင်း..."

"ခင်ဗျား အသက်ဆက်ပြီးရှင်ချင်ရင် ဟိုမှာတွေ့နေရတဲ့ လူတွေဆီကို မောင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကိုမသတ်ရင် မောင်းပေးပါ့မယ်"

"ဒတ်. . ဒတ်. . ဒတ်"

ရဟတ်ယာဉ်ကြီးအပေါ်ကို ပျံ့ဝဲပြီး နတ်ပန်းခင်တို့ရှိရာသို့ ပျံဝဲလာလေသည်။

"အောက်မှာရပ်လို့မရဘူး. . အပေါ်ကနေ ကြိုးလှေကားချပေးလိုက်ပါ. . ."

"ခင်ဗျား"

"ကျုပ်ကို စိတ်ချပါ. . ကျုပ်က ကြေးစားရဟတ်ယာဉ်မောင်းတဲ့သူ. . ဘယ်သူ့အပေါ်မှ ရန်မရှိဘူး. . ခုလည်း သူငှားလာလို့ လိုက်လာတာ. . ."

ရဟတ်ယာဉ်ပေါ်မှ ကြိုးလှေကားကို ချပေးပြီးတက်ခဲ့ဖို့ လက်ဟန်နှင့်ပြလိုက်လေသည်။

"ဝုန်း"

"ဒုန်း"

ပေါက်ကွဲသံတွေ၊ မြေကြီးပြိုသံတွေ၊ တောင်ပြိုသံတွေက ကမ္ဘာကြီးပျက်နေသလိုပင် ဖြစ်နေလေပြီ. . .

"ဟူး"

ရဟတ်ယာဉ်ပေါ်သို့ နတ်ပန်းခင်တို့အားလုံးရောက်ခဲ့လေပြီ. . လောဘ၏ သားကောင်တွေကတော့ သဘာဝတရားကြီး၏အောက်မှာ အသက်စတေးသွားခဲ့ကြလေပြီဖြစ်





သည်။

"နတ်ပန်းခင်"

"ဘာလဲ. . ခေါ်မှူးရာ"

"ခင်ဗျားရဲ့သုတေသနအစီအစဉ်ကြီးပျက်စီးသွားတာကို စိတ်မကောင်းပါဘူး. . ."

"ဘာတတ်နိုင်မှာလဲ. . ဒါပေမယ့် ကျွန်မအတွက်တော့ မဆုံးရှုံးပါဘူး. . ."

"ဘာလို့"

"ဒီမှာလေ. . ."

"ဟင်"

(ရွှေရောင် သရဖူသဏ္ဌာန်လေးတစ်ခုကို တွေ့လိုက်ရသည်။)

"ဒါက ဘာလဲ. . နတ်ပန်းခင်"

"အာဒီဒီသခင်မ ဒဏ္ဍာရီရဲ့အမှတ်တရလက်ဆောင်ဖြစ်မှာပေါ့. . ကျောက်ဂူထဲကိုရောက်တုန်းက ကောက်ယူထားတာ. . ."

"ငါကတော့ ဟောဒီကင်မရာလေးထဲမှာ ကမ္ဘာကျော်မယ့် ဓါတ်ပုံတွေ ပါလာပြီကွ"

လွင်မောင်က သူ့ကင်မရာလေးကို ဆုပ်ကိုင်ပြီးပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နုတ်ပန်း. . ."

"ဘာလဲ အိစံ"

"နင်က ဒါတစ်ခုတည်းလက်ဆောင်ရတာလား"

"အေးလေ. . ဘာလက်ဆောင်ရှိသေးလို့လဲ"

"နင့်အေးမှာလေ. . ."

"ဟဲ့ကောင်မစုတ်"

ခေါ်မှုးရာက ဘုရားစကားမှမဆိုဘဲ အဝေးမှာကျန်ခဲ့သော အနိဋ္ဌာရုံမြင်ကွင်းကြီးကို ကြည့်နေရင်း. . .

"ခေါ်မှုးရာ"

"ပြောလေ"

"ရှင် ကျွန်မနဲ့အတူ လိုက်ခဲ့မှာလား"

"ခဏလား. . ထာဝရလား"

"ရှင် နေနိုင်မယ့်အချိန်ထိ. . ."

"ဪဆိုရင်တော့ ထာဝရပဲ"

နှစ်ကိုယ်ကြားတီးတိုးပြောလိုက်တာလေးကို ဘယ်သူမှမကြားလိုက်ချေ. . .

ရွှေဘဝင်

ပရိသတ် အားပေးမှုကို အားခံလေးစားလျက်



www.burmeseclassic.com